# အင်မော်တယ်ဖေဖေ

## စာစဉ်(၅)

## အပိုင်း(၅၇) ရတနာရှာဖွေခြင်း

ကျန်းဟန်သည် ဒုတိယဆိုင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် ထိုဆိုင်သို့ ဦးတည်လိုက်သည်။ ပထမဆိုင်တွင် အစစ်အမှန်ပစ္စည်း တစ်ခုမျှမရှိချေ။ ထိုပစ္စည်းနှစ်ခု၏အနံ့မှာ အနည်းငယ်ကောင်းသော်လည်း ဆိုင်ရှင်ပြောသကဲ့သို့ ရှေးဟောင်းပစ္စည်းမဟုတ်ပေ။ ၎င်းမှာ နှစ် ၃၀ ခန့်သာ သက်တမ်းရှိသည်။

ဒုတိယဆိုင်မှာလည်း အလားတူပင်။

တတိယ၊ စတုတ္ထ၊ ပဉ္စမ...

လမ်းတစ်လျှောက်တွင် အကြမ်းဖျင်းအားဖြင့် ဆိုင်ပေါင်း ၄၀ မှ ၅၀ ခန့်အထိရှိသော်လည်း ပစ္စည်းအစစ်အမှန် တစ်ခုမျှမရှိချေ။

လက်ရှိတွင် ကျန်းဟန်သည် သူ၏စိတ်ဝိညာဉ်စွမ်းအင် ၃ ပုံ ၂ ပုံခန့် အသုံးပြုထားပြီး ဆိုင်ငယ်လေးများကို လှည့်ပတ်ကြည့်ရန် ရည်ရွယ်ချက်မရှိဘဲ ထိုအစား လမ်း၏ တစ်ဖက်စီရှိဆိုင်များကြားသို့ လျှောက်သွားရန်ဆုံးဖြတ်လိုက်သည်။

ဆိုင်ထဲရှိပစ္စည်းများအားလုံးသည် အစစ်အမှန်များမဟုတ်ကြဘဲ ရတနာပစ္စည်းအစစ်အမှန်များမှာ အလွန်နည်းပါးသည်ဟုဆိုနိုင်သည်။ သို့သော် အပြင်ဘက်ရှိဆိုင်များထက်ယှဉ်လျှင် ပို၍ အစစ်အမှန်တွေ့နိုင်ချေ မြင့်မားပေသည်။

မုန့်မုန့်ကောက်ကိုင်ခဲ့သည့် အသုံးအဆောင်ပစ္စည်းအနည်းငယ်မှလွဲ၍ အခြားမည်သည့်ပစ္စည်းမျှ ဝယ်ယူခြင်းမရှိခဲ့ချေ။

သူတို့သားအဖသည် ဝမ်ချင်ရှေးဟောင်းပစ္စည်းဆိုင် ဟုခေါ်သည့် ဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားကြသည်။ ဆိုင်မှာ အတော်လေးကျယ်ဝန်းပြီး အထဲတွင် ဝယ်သူအနည်းငယ်သာရှိသည်။ သူတို့အားလုံးသည် စင်ပေါ်ရှိပစ္စည်းများကို အကဲခတ်နေကြသည်။

"ကျောက်စိမ်းကို ကျောက်တုံးရဲ့အနှစ်သာရနဲ့ပြုလုပ်ထားပြီး လက်မှုပညာနဲ့ပေါင်းစပ်ထားတာကြောင့် ဒါကို ဟဲထျန်းကျောက်စိမ်းလို့ခေါ်ပါတယ်။ သခင်မလေး ဒီ ဟဲထျန်းကျောက်စိမ်းလက်ကောက်ကာ အလွန်လက်ရာမြောက်ပြီး လက်ဆောင်ပေးဖို့အတွက် အရမ်းကောင်းပါတယ်"

အဘိုးအိုသည် အသက် ၂၄ ၂၅ အရွယ် မြင်းမြီးဆံပင်နှင့် မိန်းကလေးကို ပြုံးကာပြောလိုက်သည်။

မီးခိုးရောင်ဆံပင်အဘိုးအိုသည် ဝမ်ချင်ရှေးဟောင်းပစ္စည်းဆိုင်တာဝန်ခံဖြစ်သည်။ သူ၏အမည်မှာ ချွမ်မင်ဖြစ်ပြီး မြင်းမြီးဆံပင်နှင့်မိန်းကလေးမှာ ဝမ်ချင်အုပ်စု၏ ဥက္ကဋ္ဌ၏သမီး လင်းရွှယ်ဖြစ်သည်။ ဝမ်ချင်အုပ်စုသည် ရှေးဟောင်းပစ္စည်းလုပ်ငန်းကို အဓိကထားသည့် လုပ်ငန်းစုတစ်ခုဖြစ်သည်။ ၎င်းတို့တွင် ဝမ်ချင်ရှေးဟောင်းပစ္စည်းဆိုင်၊ ဝမ်ချင်လက်ဝတ်ရတနာဆိုင်နှင့် အခြား ဆက်စပ်လုပ်ငန်းများရှိသည်။

လင်းရွှယ်သည် ကော်ပိုးရေးရှင်းအကြီးအကဲတစ်ဦး၏ မွေးနေ့ဖြစ်သောကြောင့် ရောက်ရှိလာခြင်းဖြစ်သည်။ သူမသည် မွေးနေ့လက်ဆောင်လာရွေးခြင်းဖြစ်၏။

"ဒါက မဆိုးပါဘူး။ အဘိုးချွမ် ဒါက နည်းနည်းစျေးပေါနေသလိုဖြစ်နေလားလို့" လင်းရှယ်သည် အနည်းငယ်တုံ့ဆိုင်းနေသည်။

"မဖြစ်ပါဘူး"

ချွမ်မင်သည် ခေါင်းယမ်းကာပြောလိုက်သည်။ "ကျောက်စိမ်းကာ စိတ်ဝိညာဉ်သဘာဝရှိပြီး မကောင်းတဲ့အရာတွေ မကပ်တွယ်နိုင်ဘူး။ ကလေးငယ်လေးရဲ့ အသားအရေလို နူးညံ့ချောမွေ့ပြီး သူ့ကိုကိုင်လိုက်တာနဲ့ ချက်ချင်းလန်းဆန်းသွားစေတယ်။ ကျောက်စိမ်းအရောင်နှင့် ချောမွေ့မှုကလည်း တိတ်ဆိတ်ပြီး ကျက်သရေရှိတဲ့ မိန်းမလှလေးလိုပဲ။ ရတ်တရက် လူရဲ့သွေးထွက်လာလို့ရှိရင် ကျောက်စိမ်းရဲ့အသံက နားထဲမှာကြားရတာ အေးမြတယ်။ သဘာဝရဲ့သံစဉ်ကို နားထောင်ရတာက လူတွေကို ချက်ချင်း သက်သောင့်သက်သာရှိစေတယ်။ လူတွေနဲ့ လိုက်လျောညီထွေဖြစ်ပြီး ဒီလိုမျိုး

မိုးကောင်းကင်ကပေးတဲ့အရာမျိုးက သခင်ကြီး မား အတွက် သင့်တော်ပါတယ်"

လင်းရှယ်ပြုံးကာ ပြောလိုက်သည်။
"အင်း ဒါဆို အဲ့ဒါပဲယူလိုက်မယ်"

"ကောင်းပါပြီ။ ရှောင်လျို ဒီလက်ကောက်ကို သခင်မလေးအတွက် ထုပ်ပေးလိုက်ပါ"
ချွမ်မင်သည် လူငယ်တစ်ယောက်ကို ပြောလိုက်သည်။

"ဟုတ်ကဲ့"
ထိုလူငယ်သည် ကျောက်စိမ်းလက်ကောက်ကို ကိုင်ပြီး အနောက်ပြန်ထွက်သွားသည်။

ထိုအချိန်တွင် ကျန်းဟန်သည် မုန့်မုန့်ကိုချီထားရင်း မီတာအနည်းငယ်အကွာတွင်ရပ်ကာ စင်ပေါ်ရှိပစ္စည်းများကို ကြည့်နေသည်။ ချွမ်မင်၏စကားကိုကြားသည့်အခါ မုန့်မုန့်သည့် နားမလည်သဖြင့် ကျန်းဟန်၏နားနားသို့ကပ်ကာ

တိုးတိုးလေးပြောလိုက်သည်။

"ဖေဖေ အဲ့အဘိုးက ဘာပြောတာလဲဟင်"

"အဓိပ္ပာယ်မရှိတဲ့ ကျောက်စိမ်းအသိပညာအချို့ပါ" ကျန်းဟန်ပြုံး၍ ပြန်ပြောလိုက်သည်။

"ဒါဆို ဘာလို့ အဘိုးစကားပြောရင် ထူးဆန်းနေတာလဲ" အဘိုးကြီး၏စကားမှာ ရှေးဟောင်းအသိပညာအချို့ပါဝင်နေသည်။ လူကြီးများ၏အမြင်တွင် အထင်ကြီးစရာဖြစ်နိုင်သော်လည်း ကလေးငယ်များမှာတော့ ထိုစကားများကို ကောင်းစွာနားလည်ခြင်းမရှိချေ။

အထူးသဖြင့် မုန့်မုန့်သည် မြောက်အမေရိကတွင် ကြီးပြင်းလာသူဖြစ်ပြီး ယခုမှ မန်းဒရင်းစကားကို ကောင်းစွာပြောတတ်ခြင်းဖြစ်သည်။ မင်းသမီးလေးသည် အဘိုးကြီး၏စကားများကို နားထောင်ရသည့်အခါ အနည်းငယ် ရှုပ်ထွေးသွားသည်။

"ဒါက စကားလုံးနည်းနည်းပါပဲ။ မုန့်မုန့်က အဲဒါတွေကို အခုနားလည်ဖို့မလိုသေးဘူး။ နောက်ကျရင် သမီး အဲ့ဒါတွေကို နားလည်လာလိမ့်မယ်"

ကျန်းဟန်သည် မုန့်မုန့်၏ခေါင်းလေးကို ပွတ်သပ်ပေးရင်း ရယ်မောလိုက်သည်။

"အွန်း..." မုန့်မုန့်သည် နာခံစွာပင် ခေါင်းညိတ်ပြသည်။ ရုတ်တရက် သူမ၏မျက်လုံးများသည် ဗီရိုစင်ပေါ်ရှိ သုံးမီတာအကွာတွင် ကျောက်စိမ်းငါးသေးသေးလေးတစ်ခုကို တွေ့လိုက်သည်။ ငါးကို အသက်အသက်ဝင်သည့်အမူအရာဖြင့် ထွင်းထုထားပြီး ၎င်း၏အမြီးသည် အစက်လေးတစ်ခုကို ထောက်ပံမှတ်အဖြစ်ပြုလုပ်ထားသည်။ ဦးခေါင်းသည် အပေါ်သို့ကြွတက်နေပြီး ပါးစပ်ထဲတွင် ပုလဲလုံးလေးတစ်ခုရှိသည်။

"အရမ်းလှတာပဲ" မုန့်မုန့်သည် ငါး၏ပါးစပ်ပုံစံကို အတုယူက ချစ်စဖွယ်ရွှေရောင်နှုတ်ခမ်းလေးကိုစူနေသည်။

လင်းရှယ်သည် သူမလေး၏ချစ်စဖွယ်အသွင်အပြင်ကို အမှတ်တမဲ့ဖြင့် ရုတ်တရက်တွေ့လိုက်သည်။

ကလေးမလေးက အရမ်းချစ်ဖို့ကောင်းတာပဲ...

လင်းရှယ်သည် မုန့်မုန့်ကိုစိုက်ကြည့်ရင်း ရင်ထဲမှ ချီးမွမ်းလိုက်သည်။

"မုန့်မုန့်လောက် မလှပါဘူး။ မုန့်မုန့်က အလှဆုံးပဲ" ကျန်းဟန်ရယ်မောလိုက်သည်။

သူပြောပြီးသည်နှင့် ရုတ်တရက် ကျောက်စမ်းငါးရုပ်သည် မုန့်မုန့်ဆီသို့ ပြုတ်ကျလာလေသည်။

"ဟင်!"

အဘိုးကြီးချမ်မင်၏အကြည့်သည် ကျောက်စိမ်းငါးနှင့်မုန့်မုန့်အကြားတွင် အပြန်အလှန်ကြည့်လိုက်ပြီးနောက် ပြုံး၍ပြောလိုက်သည်။

"လူတွေကပဲ ကျောက်စိမ်းကို ရွေးချယ်ကြတာက ပုံမှန်ပါပဲ။ ဒါပေမဲ့ ကျောက်စိမ်းက လူကိုပြန်ရွေးချယ်တာကတော့ တိုက်ဆိုင်မှုတစ်ခုပဲ။ ဒီကျောက်စိမ်းရုပ်က ကလေးမလေးနဲ့ ရေစက်ရှိတဲ့ပုံပဲ"

"တကယ်လား?" မုန့်မုန့်၏မျက်လုံးများမှာ တောက်ပသွားပြီး တခစ်ခစ်ရယ်မောကာ ပြောလိုက်သည်။ "ဖေဖေ သမီးနဲ့ ငါးလေးက ရေစက်ရှိတယ်လို့ သူပြောတယ်"

"ဒါဆို ဝယ်လိုက်"

ကျန်းဟန်သည် ရယ်မော၍ ခေါင်းယမ်းလိုက်သည်။ ကျောက်စိမ်းက မတော်တဆပြုတ်ကျသည် ဟုတ်ဟုတ် မဟုတ်ဟုတ် အရေးမကြီးပေ။ ဆိုင်မန်နေဂျာသည် သူ့ကို မုန့်မုန့်အား ပျော်ရွှင်စေအောင် လှည့်စားလျှင်လည်း ပြဿနာမရှိပေ။

"ဘယ်လောက် လှလိုက်တဲ့မိန်းကလေးလဲ" လင်းရွှယ်သည် ပြုံးပြီး မုန့်မုန့်ကို အကြိမ်အနည်းငယ်

အကဲခတ်လိုက်သည်။ ထိုနောက် ကျန်းဟန်အားကြည့်ကာ ပြုံး၍ပြောလိုက်သည်။ "အဘိုးချမ် ဒီဈေးသည်ကို ၅၀ ရာခိုင်နှုန်း လျှော့ဈေးပေးလိုက်ပါ"

"ကောင်းပါပြီ"

ချမ်မင်သည် ခေါင်းညိတ်လိုက်သည်။

"မလိုပါ..."

ကျန်းဟန်သည် ငြင်းလိုက်ချင်သော်လည်း နောက်ဆုံးတွင် ကျောက်စိမ်းကို ၅၀ ရာခိုင်နှုန်းလျှော့ဈေး ယွမ် ၈ သောင်း ဖြင့် ဝယ်လိုက်သည်။

ထုပ်ပိုးနေစဉ်တွင် ကျန်းဟန်သည် ရှေးဟောင်းကျောက်စိမ်းကို ယူကာ အနည်းငယ် အနံ့ခံကြည့်လိုက်သည်။

"စိတ်ဝင်စားစရာပဲ...."

ကျန်းဟန်၏မျက်လုံးများ ကျဉ်းမြောင်းသွားသည်။ ဤကျောက်စိမ်းသည် သာမန်ရေးဟောင်းကျောက်စိမ်းနှင့်တူသော်လည်း ကျန်းဟန်သည် ကျောက်စိမ်း၏အလယ်ဗဟိုမှ အခြားအနံ့အသက်တစ်ခုကို အာရုံခံမိသည်။ ၎င်းမှာ ရတနာတစ်ခု၏ ထူးခြားသည့်အော်ရာဖြစ်သည်။

သို့သော် ကျန်းဟန်သည် ထိုအနံ့၏အရိပ်အမြွက်ကို မခန့်မှန်းနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် သူသည် ရတနာအနံ့ခံနှာခေါင်း၏ အားနည်းသည့်စွမ်းရည်အချို့ကိုသာ အသုံးပြုနိုင်သောကြောင့်ဖြစ်ပြီး ၎င်းကိုကောင်းစွာ အသုံးပြုနိုင်ရန် အနာဂတ်တွင် သူ၏စွမ်းအားတိုးလာသည်အထိ စောင့်ရပေမည်။

ရတနာများကို ရှာဖွေရန် အစောပိုင်းအဆင့် ချီသန့်စင်ခြင်းအဆင့်ကို အသုံးပြုခြင်းသည် အလုပ်ကြမ်းသမားတစ်ယောက်နှင့် တူသည်။ ကျန်းဟန်သည်

ထိုသို့လုပ်ရန်အစီအစဉ်မရှိဘဲ ယွမ်ချင်သစ်ပင်ကို အသုံးပြု၍ တစ်နှစ်အတွင်း အခြေတည်အဆင့်သို့ တက်လှမ်းမည်ဖြစ်ပြီး ထိုအချိန်မှသာ ရတနာရှာဖွေခြင်းကို စတင်မည်ဖြစ်သည်။

ထို့ပြင် ယခုတစ်ကြိမ်မှာလည်း မန်ဘာကတ်ပြုလုပ်ရန် ထွက်လာရင်း လမ်းကြုံသဖြင့် ရတနာအချို့ရှာဖွေခြင်းဖြစ်သည်။

မုန့်မုန့်မှာ သူ့အားကံကောင်းစေသည့် လာဘ်ကောင်လေးဖြစ်သည်။

တံခါးမှ ထွက်လာပြီးနောက် ကျန်းဟန်သည် မုန့်မုန့်အား ချီရင်း လမ်းအစသို့ ပြန်လျှောက်သွားကာ ရှေးဟောင်းပစ္စည်းဆိုင်များတွင် ရတနာရှာဖွေခြင်းကို အဆုံးသတ်ပြီး အိမ်သို့ပြန်ရန် ပြင်လိုက်သည်။

ဆိုင်ထဲသို့ ဝင်လိုက်သည့်အချိန်တိုင်း ကျန်းဟန်သည် စိတ်ဝိဉာဉ်စွမ်းအင်ကို လှည့်ပတ်ပြီး ရတနာအနံ့ခံနှာခေါင်းကိုသုံးကာ အနံ့ခံကြည့်ရာ တကယ်တမ်း

ဆိုင်ထဲ၌ ရှေးဟောင်းပစ္စည်းအချို့ရှိသော်လည်း ရတနာပစ္စည်းမရှိချေ။

လျှင်မြန်စွာဖြင့်ပင် ကျန်းဟန်၏စိတ်ဝိညာဉ်စွမ်းအင်သည် ကုန်ဆုံးလုနီးပါးဖြစ်နေပြီဖြစ်သည်။ နောက်ဆုံးတွင် တတိယမြောက်နောက်ဆုံးဆိုင်အရောက်၌ ကျန်းဟန်ရတနာတစ်ခုကို အနံ့ခံမိလိုက်သည်။

"ဒါဘယ်လောက်လဲ"

ကျန်းဟန်သည် သံကြေးတတ်နေသော ကြေးဒင်္ဂါးပြားကို ကိုင်ရင်းပြောလိုက်သည်။

"ယွမ် ၃ ထောင်ပါ"

"ဒါကိုယူမယ်"

ကျန်းဟန်ပြုံး၍ ကြေးဒင်္ဂါးအတွက် ပိုက်ဆံရှင်းလိုက်သည်။

နောက်ဆုံးဆိုင်နှစ်ဆိုင်ကို ဝင်ဝယ်မနေတော့ဘဲ ကျန်းဟန်သည် ကားရပ်ထားသည့်နေရာသို့ ဦးတည်သွားခဲ့သည်။

"ဖေဖေ ဖေဖေရွေးထားတဲ့အဝိုင်းလေးက အရမ်းရုပ်ဆိုးတာပဲ" မုန့်မုန့်သည် သူမ၏အသံချိုချိုလေးဖြင့် ပြောလိုက်သည်။

"အင်း...နည်းနည်းတော့ကြည့်ရဆိုးပေမဲ့ ပစ္စည်းကောင်းလေးပါ။ မုန့်မုန့် တစ်ခါတစ်လေကျရင် ရုပ်ဆိုးတဲ့အရာတွေကလည်း ကောင်းတဲ့အရာတွေဖြစ်နေတတ်တယ်" ကျန်းဟန် ရယ်၍ပြောလိုက်သည်။

"ရုပ်ဆိုးရင်ကောင်းလား" မုန့်မုန့်သည် မည်သည်ကိုဆိုလိုသည်အား နားမလည်ပေ။

"အင်း ဥပမာ နဂါးမောက်သီးဆိုရင် သိပ်ပြီး ကြည့်လို့မကောင်းဘူးမလား။ ဒါပေမဲ့ စားလို့တော့

အရမ်းကောင်းတယ်။ ပြည်ကြီးငါးက ကြည့်ရတာ ရုပ်ဆိုးပေမဲ့ ပြည်ကြီးငါးက အရသာအရမ်းကောင်းတယ်။ ပြီးတော့ တစ်ချို့လူတွေမှာလည်း အဲ့လိုပဲ"

လူတွေအကြောင်းပြောသည့်အခါ ကျန်းဟန်၏အမူအရာမှာ လေးနက်လာသည်။ "တစ်ချို့လူတွေက ရုပ်ဆိုးပေမဲ့ ကြင်နာတတ်တဲ့နှလုံးသားရှိပြီး တစ်ချို့လူတွေကတော့ ရုပ်ကလေးလှပေမဲ့ အဆိပ်ပြင်းတဲ့နှလုံးသားရှိတတ်တယ်။ မုန့်မုန့် နောင်ကြရင် ဘယ်လောက်ချောတဲ့ ကောင်လေးတွေပဲတွေ့တွေ့ သူတို့ကို သမီးရဲ့အနား လုံးဝ ချဉ်းကပ်ခွင့်မပြုရဘူး။ သမီးနားလည်လား"

"မဟုတ်ဘူး! မဟုတ်ဘူး! မေမေက အရမ်းလှပြီး အရမ်းကြင်နာတတ်တယ်။ ဖေဖေလည်း အရမ်းချောပြီး အရမ်းကြင်နာတတ်တယ်"

မုန့်မုန့်သည် တောက်ပကြည်လင်သည့်မျက်လုံးများကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ပြောလိုက်သည်။

"ဖေဖေရဲ့ ကြင်နာမှုက မုန့်မုန့်တစ်ယောက်တည်းအတွက်ပဲ" ကျန်းဟန်သည် မုန့်မုန့်၏ခေါင်းကို ပွတ်သပ်ပေးရင်း ပြုံးလိုက်သည်။

ကျန်းဟန်သည် လူဆိုးတစ်ယောက်မဟုတ်သော်လည်း ကြင်နာတတ်သည့်သူဖြစ်ရန်မှာလည်း ဝေးကွာပေသည်။ ခွန်အားကြီးမားသူကိုသာ လေးစားသည့် ကျင့်ကြံခြင်းကမ္ဘာတွင် မည်သူမျှ အကြောင်းမဲ့ ကြင်နာမှုကိုပြသနေမည်မဟုတ်သလို မိုးကောင်းကင်ကိုကြင်နာမှုပြသည့်အနေဖြင့်လည်း မည်သူ့ကိုမျှ ကောင်းကောင်းဆက်ဆံနေမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မည်သူက သင်၏နောက်ကျောကို

ဓားနှင့်ထိုးမည်နည်းဆိုသည်အား မသိနိုင်သောကြောင့်ဖြစ်သည်။

မိသားစုမေတ္တာ၊ ချစ်ခြင်းမေတ္တာနှင့် ခင်မင်ရင်းနှီးမှုတို့သည် ကျင်ကြံခြင်းကမ္ဘာတွင် လူတိုင်းရှိကြပြီး အထက်ပါသတိပေးချက်မျိုးသည် မိမိနှင့် မရင်းနှီးသောသူများအတွက်သာ အသုံးပြုသည်။

"ဟမ် မေမေလည်းကျန်သေးတယ်လေ...." ဤအကြောင်းပြောသည့်အချိန်တိုင်း မုန့်မုန့်သည် ထိုစကားကို အမြဲပြောလေ့ရှိသည်။ သူမလေးသည် ဖေဖေနှင့်မေမေတို့ကြားရှိ ဆက်ဆံရေးကောင်းမွန်လာစေရန် နှလုံးသားထဲမှမျှော်လင့်မိသည်။

"ဒါပေါ့ သူမရောပဲ" ကျန်းဟန်သည် ခေါင်းယမ်းရင်း ရယ်လိုက်သည်။

သူပြောပြီးသည်နှင့် ကျန်းဟန်သည် ကားရှေ့သို့လျှောက်သွားလိုက်ပြီး ဖုန်းခေါ်လိုက်သည်။

"ကျန်းဟန်"

ဇီယန်သည် ထုံးစံအတိုင်းပင် ကျန်းဟန်၏နာမည်ကိုခေါ်လိုက်သည်။

"အင်း"

ကျန်းဟန်သည်လည်း ထုံးစံအတိုင်းပြန်ဖြေလိုက်သော်လည်း ယခုတစ်ကြိမ်တွင်တော့ နောက်တစ်ခွန်းထပ်ပြောရန်သိနေပြီဖြစ်ပြီး သူမ နှာခေါင်းရှုံ့ခါနီးတွင်

"အသံသွင်းတာ ဘယ်လိုလဲ"

"ဟမ့်!"

ဖုန်း၏အခြားတစ်ဖက်မှ ဇီယန်သည် အနည်းငယ်ဟမ့်လိုက်သော်လည်း သူမ၏မျက်နှာတွင် အပြုံးတစ်ခုပေါ်လာဆဲဖြစ်သည်။ သူမသည် အသက်ပြင်းပြင်းရှူလိုက်ပြီး

"နောက်ဆုံးသီချင်းကျန်သေးတယ်။ နောက်နှစ်ရက်အတွင်း အသံသွင်းလို့တော့ရပါတယ်။ လာမည့် ၁၀ ရက်နေ့ ညနေ ၇ နာရီမှာ လေယာဉ်တက်ပြီး ည ၁၀ နာရီလောက်မှာ ဟောင်ကောင်လေဆိပ်ကိုရောက်မယ်"

"မင်းဘာလို့ ဒီလောက်သတိကြီးနေရတာလဲ" ကျန်းဟန် ငေါ့လိုက်သည်။

"ရှင်ဘာပြောလိုက်တာလဲ"
ဇီယန်၏အသံမှာ ၃ ဒက်စီဗယ် မြင့်လာသည်။

"အဟမ်း ငါသိပြီ ငါသိပြီ။ ၁၀နာရီ ကျရင် မုန့်မုန့်ကိုခေါ်ပြီး မင်းကိုလာကြိုမယ်"
ကျန်းဟန် ပြန်ပြောလိုက်သည်။

"ဘာလဲ ရှင်က ကျွန်မကို လာမကြိုချင်ဘူးလား" ဇီယန်မေးလိုက်သည်။

ကျန်းဟန်သည် "ငါ့ရဲ့အချိန်တွေ ဖြုန်းနေတာပဲ" ဟု ပြန်ပြောလိုက်ချင်သည်။

သို့သော် သူ၏ပါးစပ်မှ စကားလုံးများ ထွက်လာခါနီးတွင် ကျန်းဟန်၏အကြည့်များမှာ မျက်လုံးလေးကလယ်ကလယ်ဖြင့်ကြည့်နေသည့် မုန့်မုန့်ထံ ရောက်ရှိသွားပြီး နောက်ဆုံးတွင်

"မဟုတ်ပါဘူး ငါမင်းကို လာကြိုပေးဖို့ဆန္ဒရှိပါတယ်။ ၁၀ နာရီ အချိန်အတိအကျ လေဆိပ်မှာ ရောက်နေစေရပါ့မယ်" ပြန်ဖြေလိုက်သည်။

သူမျှော်လင့်ထားသည့်အတိုင်းပင် ထိုစကားများကိုပြောလိုက်သည့်အခါ မုန့်မုန့်၏မျက်ဝန်းများသည် ပျော်ရွှင်မှုများဖြင့် ပြည့်နှက်နေခဲ့သည်။

အမှန်တကယ်တွင် မုန့်မုန့်တစ်ယောက်တည်းသာ ပျော်ရွှင်နေသည်မဟုတ်ပေ။ ဇီယန်သည်လည်း

အနည်းငယ်ပြုံးလိုက်ပြီး မေးလိုက်သည်။ "မုန့်မုန့်နေကောင်းလား။ ဒီနေ့ ရှင်တို့ဘာတွေစားလဲ"

"အိမ်ချက်ဟင်းတွေပါ။ ကြက်ဥနဲ့ခရမ်းချဉ်သီးကြော်၊ ပဲနဲ့အာလူးပြုတ်၊ ခရမ်းသီးနှပ်" ကျန်းဟန်ပြန်ပြောလိုက်သည်။

"ရှင်က ဟင်းချက်တတ်လို့လား။ အဲဒါတွေက စားလို့ရောရပါ့မလား။ မုန့်မုန့်ကို ဘေးမဖြစ်စေနဲ့နော်။ ပဲတွေက သေသေချာချာ ချက်ထားမှရမယ်။ မဟုတ်ရင် အစာအဆိပ်သင့်နေမယ်" ဇီယန်သည် စိုးရိမ်တကြီးနှင့်ပြောသည်။

"ငါ့ရဲ့ဖောက်သည်တွေသာ မင်းရဲ့စကားတွေကြားရင် ပေါက်ကွဲသွားကြလိမ့်မယ်" ကျန်းဟန်သည် အနည်းငယ်ပြုံးလိုက်သည်။

ဒါက ဘယ်လို ဟာသမျိုးလဲ။ မုန့်မုန့်ရဲ့အပန်းဖြေရာစားသောက်ဆိုင် မှာ

ညော့်သည်တစ်ယောက်ရောက်လာပြီးတာနဲ့ အမာခံဖောက်သည်ဖြစ်သွားတာကို...

ကျန်းဟန်သည် သူ၏မန်ဘာကတ်များကို ယွမ်တစ်ရာဖြင့်သာ ပေးလိုက်ပါက အရှုံးအမှုံးလုယက်နေကြလိမ့်မည်ကို လုံးဝသံသယမရှိချေ။

-C 58 End

wunzinnosp

## အပိုင်း(၅၈) သုံးစားမရသည့် အမှိုက်

"ဘာလဲ? ရှင့်မှာ အမာခံဖောက်သည်တွေတောင်ရှိနေပြီလား?" ဇီယန် စိတ်ဝင်တစားမေးလိုက်သည်။

"ဒါပေါ့ ငါ့ဆီမှာ သူတို့ တစ်ရက်ကို သုံးနပ် ပုံမှန်လာစားကြတယ်"

"ကြည့်ရတာ ရှင့်မှာ ကျွမ်းကျင်မှုတချို့ရှိတဲ့ပုံပဲ"

ကားနောက်ထိုင်ခုံတွင် ထိုင်ရင်း ကျန်းဟန်သည် ဇီယန်နှင့် ခဏကြာ စကားပြောနေခဲ့သည်။

နောက်ဆုံးတွင် မုန့်မုန့်သည် စောင့်ဆိုင်းနေရင်း တဖြည်းဖြည်း ပို၍ စိတ်မရှည်ဖြစ်လာသည်။ ဖေဖေနှင့်မေမေသည် စကားပြောသည့်အချိန်တိုင်း အချိန်အများကြီးယူရသည့်အကြောင်းအရင်းကို သူမနားမလည်နိုင်ပေ။

မုန့်မုန့်၏ တိုက်တွန်းမှုကြောင့် ကျန်းဟန်သည် ဖုန်းကို မုန့်မုန့်ထံလွှဲပေးလိုက်ပြီး လခြမ်းပင်လယ်ကွေ့သို့ မောင်းသွားလိုက်သည်။

နာရီဝက်အကြာတွင် စားသောက်ဆိုင်သို့ပြန်ရောက်သည့်အခါ မုန့်မုန့်သည် မချချင်ချချင်ဖြင့် ဖုန်းချလိုက်သည်။

ဒုတိယထပ်ရှိ အိပ်ခန်းထဲတွင် မင်းသမီးလေးကို ချော့သိပ်ပြီးနောက် ကျန်းဟန်သည် ဧည့်ခန်းဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားသည်။

သူဝယ်လာသည့် ကြေးဒင်္ဂါးပြားလေးကို ထုတ်ကာ အပေါ်မှစာကို ဂရုတစိုက်ဖတ်ကြည့်လိုက်သည်။

"မင်းရဲ့ မျက်နှာအစစ်အမှန်ကို တွေ့ရမယ့်အချိန်ရောက်ပြီ!"

ကျန်းဟန် အနည်းငယ်ပြုံးလိုက်မိသည်။

ကြေးဒင်္ဂါးသည် သံချေးများတက်နေသော်လည်း ၎င်းသည် ပထမအဆင့်စိတ်ဝိဉာဉ်ရတနာဖြစ်သည်။

သံချေး၏အောက်တွင် အရောင်မတင်ရသေးသော ကျောက်စိမ်းကဲ့သို့ ရတနာတစ်ခုရှိနိုင်သည်။

ကျန်းဟန်၏မျက်လုံးများတွင် အစိမ်းရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး သူ၏လက်ချောင်းများတွင် စိတ်ဝိညာဉ်စွမ်းအင်များ ဖြန့်ကျက်၍ လတ်ဆတ်သော သွေးစက်တစ်စက်ကို ထုတ်ကာ ကြေးဒင်္ဂါးပြားပေါ်သို့ စိမ့်ကျသွားသည်။

"သန့်စင်စမ်း!"

ကျန်းဟန်တိုးတိုးလေးရေရွတ်လိုက်သည်။ သူသည် ကြေးဒင်္ဂါးပြားလေးကို လက်မနှင့်လက်ညှိုးကြားတွင် တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားပြီး စိတ်ဝိညာဉ်ရတနာများ၏ ပထမဆင့်ကို စတင် သန့်စင်ခဲ့သည်။ အလွန်မှိန်ဖျော့သော ရောင်စုံအလင်းတန်းများ တဖျက်ဖျက်ခတ်လာသော်လည်း ဤရတနာကို သန့်စင်ရန် အလွန်အားစိုက်ရဦးမည်ဖြစ်သည်။

၎င်းမှာ ကျန်းဟန်၏ခွန်အား အားနည်းမှုကြောင့်ဖြစ်သည်။ ချီသန့်စင်ခြင်းအဆင့်တွင် စိတ်ဝိညာဉ်အသိစိတ်ကို အသုံးပြုနိုင်ခြင်းမရှိချေ။

သူ့တွင် စိတ်ဝိညာဉ်အာရုံသာရှိလျှင် ရတနာကိုသန့်စင်ရန် တိုက်ရိုက်အသုံးပြုနိုင်သည်။ ယခုတွင် ကျန်းဟန်သည် သူ၏သွေးကို ကြားခံအဖြစ် အသုံးပြုရန်သာရှိပြီး စိတ်ဝိညာဉ်စွမ်းအင်များကို အဆက်မပြတ်ပို့လွှတ်ခြင်းဖြင့် သန့်စင်နိုင်မည်ဖြစ်သည်။

စိတ်ဝိညာဉ်အသိစိတ်သည် အခြေခံအကျဆုံးစွမ်းရည်ဖြစ်သည်။ လူတစ်ယောက်၏ ကျင့်ကြံခြင်းအဆင့် တိုးလာသည်နှင့်အမျှ စိတ်ဝိအသိစိတ်သည် တဖြည်းဖြည်းနှင့် နတ်ဘုရားအသိစိတ်ခေါ်
နတ်ဘုရားအာရုံအဖြစ်ပြောင်းလဲသွားမည်ဖြစ်သည်။

စိတ်ဝိညာဉ်အသိစိတ်တွင် တိုက်ခိုက်နိုင်သည့်စွမ်းရည်များပါရှိပြီး လုပ်ဆောင်ချက်များကို ပို၍ပို၍ သုံးနိုင်သည်။

ကျန်းဟန်သည် ရတနာကိုသန့်စင်ရန် တစ်နာရီလုံးလုံးအချိန်ယူလိုက်ရသည်။

သို့သော် ရတနာနှင့် ပက်သက်သည့် အချက်အလက်များကို သိရှိပြီးနောက် ကျန်းဟန်သည် သူ၏အောင်မြင်မှုအတွက် ဝမ်းမြောက်ခြင်းမရှိပေ။ သူ၏မျက်လုံးများကိုဖွင့်လိုက်ပြီး အထင်သေးသည့် စကားလုံးအနည်းငယ်ကို ထုတ်ဖော်ရေရွတ်လိုက်သည်။

"ဒီလောက် သုံးစားမရတဲ့ အမှိုက်လား"

ကျန်းဟန်သည် ကြေးဒင်္ဂါးပြားကို ယူ၍ကြည့်လိုက်သည်။ ကြေးဒင်္ဂါးပြားပေါ်ရှိ သံချေးများမှာ လုံးဝပျောက်ကွယ်သွားပြီး ထိုအစား ထည်ဝါသည့်ကြေးညိုဒင်္ဂါးပြားလေးဖြစ်သွားသည်။

သို့သော် ကျန်းဟန်၏အမြင်တွင် ၎င်း၏စွမ်းရည်များမှာ အားနည်းလွန်းလှသည်။ ၎င်းကို ဖော်ပြရန် အမှိုက် ဟူသည့်စကားလုံးကိုပင် အသုံးပြုခဲ့သည်။

သူ၏လုပ်ဆောင်ချက်များမှာ ဥပမာအားဖြင့် ကျန်းဟန်အလိုရှိလျှင် သူ၏အသွင်အပြင်ကို ဇီယန် သို့မဟုတ် အခြားတစ်ယောက်ယောက် အဖြစ်သို့ ချက်ချင်းပြောင်းလဲနိုင်သည်။ ဤရတနာသည် လူတစ်ဦး၏ခန္ဓာကိုယ်မျက်နှာပြင်ပေါ်တွင် အလင်းလိုင်းတစ်ခုဖြစ်ပေါ်စေပြီး အခြားသူများအား ဇဝေဇဝါဖြစ်သွားစေကာ အသွင်ပြောင်းခြင်းဖြစ်သည်။ ရုပ်ပြောင်းရုပ်လွဲ လုပ်နိုင်သည့် ကြေးဒင်္ဂါးပင်။

ကျန်းဟန်အတွက်မူ သူ၏ခွန်အားကိုတိုးလောစေသည့် စွမ်းရည်မှလွဲ၍ အခြားစွမ်းရည်များကို စိတ်ဝင်စားမှုမရှိပေ။ ၎င်းမှာ အသုံးမဝင်သည့် ရတနာတစ်ခုသာဖြစ်သည်။

အကယ်၍ ဤရတနာမျိုးသာ လုပ်ကြံသတ်ဖြတ်သူများကြားတွင် ရောက်ရှိသွားပါက အထွတ်အမြတ်ရတနာ ဟုသေချာပေါက် ခေါ်ကြပေမည်။

သူတို့၏အသွင်ကိုပြောင်းလဲနိုင်သည့်အချက်မှာ ရန်သူ့နယ်မြေထဲသို့ လွတ်လွတ်လပ်လပ် ဝင်ရောက်နိုင်သည်ဆိုသည့်အဓိပ္ပာယ်ပင်ဖြစ်ပြီး လုံးဝမယုံကြည်နိုင်စရာ အနေအထားပင်ဖြစ်သည်။

သို့သော် ကျန်းဟန်၏မျက်လုံးထဲတွင် အသုံးမဝင်ပေ။ သူ၏မိသားစုနှင့် ဈေးဝယ်ထွက်သည့်အချိန်တွင် ဇီယန်၏အသွင်အပြင်ကို ပြောင်းလဲနိုင်ရုံသာရှိပြီး ကြေးပြားနှင့် ရုပ်ပြောင်းလဲထားသူ၏အကွာဝေးမှာ မီတာ ၃၀ ထက် ပိုဝေး၍မရပေ။

“ဘယ်လောက်တောင် အသုံးမကျတဲ့ ပစ္စည်းလဲ”

ကျန်းဟန်သည် ကြေးဝါဒင်္ဂါးပြားကို လက်ဖက်ရည်စားပွဲပေါ်သို့ အသာအယာပစ်ချလိုက်သည်။

မုန့်မုန့်မျက်စိကျ၍ ကောက်ယူလာသော ငါးရုပ်လေးကို ရတနာအနံ့ခံနှာခေါင်းဖြင့် အနံ့ခံလိုက်သည်။

ယခင်ကကဲ့သို့ ကျောက်စိမ်းတုံး၏အနံ့က အတူတူပင်ဖြစ်သည်။ သို့သော် ကျောက်စိမ်း၏အလယ်တွင် ထူးဆန်းသည့်တစ်စုံတစ်ရာရှိနေသည်။

“ဒါကဘာလဲ”

ကျန်းဟန်သည် သူ၏လက်ချောင်းများကို ငါး၏ပါးစပ်ထဲရှိ ကျောက်စိမ်းပုလဲကို ဖိလိုက်ရင်း သူ့ကိုယ်သူရေရွတ်လိုက်သည်။

“ကလန့်!”

သူ၏လက်ချောင်းမှ တစ်ဆင့် စိတ်ဝိညာဉ်စွမ်းအင်များ စီးဆင်းသွားပြီး ငါးပါးစပ်ထဲရှိ ပုလဲလုံးကို ကျိုးပဲ့သွားစေသည်။

ကျန်းဟန်သည် ရတနာအနံ့ခံနှာခေါင်းကို တစ်ဖန်အသုံးပြုလိုက်ရာ ယခုတစ်ကြိမ်တွင် ရတနာတစ်ခု၏ ထူးခြားသောရနံ့ကို အနံ့ခံနိုင်ခဲ့သည်။

"ဒါက မီးကျောက်စိမ်းနှင်းစက်ပဲ"

ကျန်းဟန်၏မျက်လုံးများမှာ နားလည်သွားသည့်အရိပ်အယောင်ပေါ်လာသည်။ ဤရှေးဟောင်းကျောက်စိမ်းသည် ယန်ကျောက်စိမ်းဖြစ်ပြီး ပူပြင်းသည့်ပတ်ဝန်းကျင်တွင် ၎င်းသည် မီးကျောက်စိမ်းနှင်းစက်ကို ထုတ်ပေးနိုင်သည်။ ဂျပန်နွားနက်မှ ကိုဘေးအမဲသားထွက်နိုင်သည်နှင့် ဆင်တူသည်။

ဤမီးကျောက်စိမ်းနှင်းစက်သည် အနှစ်တစ်ရာခန့်သာရှိသေးသောကြောင့် ၎င်းကို ဒုတိယအဆင့်နှင့်အလွန်နီးစပ်သည့် ပထမအဆင့်စိတ်ဝိညာဉ်ရတနာဟု ယူဆနိုင်သည်။ ၎င်း၏စွမ်းအင်သည် အလွန်ပြင်းထန်ပြီး သူ၏ခွန်အားကို

အနည်းငယ်တိုးစေနိုင်သော်လည်း ကျန်းဟန်သည် ၎င်းကို အသုံးပြုရန် အစီအစဉ်မရှိပေ။

ထို့ပြင် ကျန်းဟန်သည် သွေးအမြောက်အများကို အသုံးပြုပါက မီးကျောက်စိမ်းနှင်းစက်ကို ကောင်းကောင်းစုပ်ယူနိုင်သော်လည်း ချီသန့်စင်ခြင်းအဆင့်တွင် စုပ်ယူသည့်လုပ်ငန်းစဉ်မှာ ထိရောက်မှုရှိမည်မဟုတ်ပေ။ ထို့မျှသာမက ဤမီးကျောက်စိမ်းနှင်းစက်သည် သန့်စင်မှုလည်းမရှိချေ။

“မနက်ဖြန်ကျရင် ယန်-မိုးကြိုးသစ်ပင်မှာ ထားလိုက်မယ်”

ကျန်းဟန်သည် ငါးသေးသေးလေးကို ခုံပေါ်ပြန်တင်လိုက်ပြီး အနားယူရန် သူ၏အိပ်ခန်းသို့သွားလိုက်သည်။

ညတွင်လည်း သူသည် ကွန်ပြူတာကို မဖွင့်ကြည့်ခဲ့ဘဲ တစ်စုံတစ်ယောက်ကို ကဏ္ဍာမငြိမ် မရိုးမယွဖြစ်နေစေခဲ့သည်။

ၚင်းမှာ ကွန်ပြူတာရှေ့တွင် တစ်ချိန်လုံးရှိနေသည့် လီဖန်းပင်ဖြစ်သည်။

ဟန်ယန်ထံသို့ အီးမေးလ်မည်မျှ ပို့ခဲ့သည်ကို သူမသိသော်လည်း ပို့လိုက်သမျှအားလုံးသည် သမုဒ္ဒရာထဲသို့ ပစ်ချလိုက်သော ကျောက်တုံးများကဲ့သိုဖြစ်နေသည်။ မည်သည့်သတင်းမျှ ပြန်မကြားရပေ။

ထိုအရာက သူ့အား အလွန်အကူအညီမဲ့မှုကို ခံစားရစေသည်။ ည ၁၂ နာရီတွင်တော့ သူသည် ခေါင်းကိုက်လာသဖြင့် အနားယူလိုက်သည်။

......

နောက်တစ်နေ့မနက် ခြောက်နာရီတွင် မှန်မှန် နိုးလာပြီး ကျန်းဟန်သည် သူမလေးကိုခေါ်ဆောင်ကာ ရှေးဟောင်းကျောက်စိမ်းငါးမှ မီးကျောက်စိမ်းနှင်းစက်များကို စုပ်ယူ၍ ယန်မိုးကြိုးသစ်ပင်တွင်ထားရန် လခြမ်းတောင်သို့ သွားလိုက်သည်။

လက်ရှိအချိန်တွင် ထိုအရာအတွက် ကောင်းမွန်သည့် အသုံးပြုစရာပစ်မှတ် မရှိသေးချေ။ ရှောင်ဟေးမှာ ၎င်းကိုအသုံးပြုနိုင်သော်လည်း သူသည် ပဉ္စမအဆင့်စိတ်ဝိညာဉ်ရတနာ၏ အနှစ်သာရနှင့် သန့်စင်သောယန်စွမ်းအင်ကို အသုံးပြုပြီးဖြစ်သည်။ အကယ်၍ သူသည် မီးကျောက်စိမ်းနှင်းစက်ကို ထပ်ပေါင်းထည့်ပေးလိုက်ပါက ပန်းများပြည့်နေသည် ပန်းအိုးထဲသို့ ပန်းတစ်ပွင့်ထပ်ထည့်လိုက်ရုံသာ ဖြစ်သွားလိမ့်မည်။ ၎င်းမှာ ဖြုန်းတီးခြင်းပင် ဖြစ်သည်။

၎င်းကို စုပ်ယူရန် အလွန်ပြင်းထန်သည့် နာကျင်မှုကို ခံစားရမည်ဖြစ်ပြီး လက်ရှိတွင် ကျန်းဟန်တစ်ယောက်သာ ၎င်းကိုတောင့်ခံနိုင်သည်။ ၎င်းမှာ ကြေးဝါဒင်္ဂါးနှင့် အတူတူပင်ဖြစ်ပြီး အသုံးမဝင်သည့်အရာဟု ကျန်းဟန်ခံစားလိုက်ရသည်။

စားသောက်ဆိုင်သို့ပြန်ရောက်သည့်အချိန်တွင် ၇ နာရီခန့်ရှိပြီဖြစ်သည်။

ထိုအချိန်တွင် လျန်မုန့်ချီ၊ ယူချင်းချင်း၊ ကျောက်ဒါဟူနှင့် ကျောက်ဖုန်း တို့သည် စားသောက်ဆိုင်ရှေ့တွင် စောင့်ဆိုင်းနေကြပြီး သူတို့၏ဘေးတွင် လူငယ် ၂ ယောက် မတ်တပ်ရပ်နေသည်။

သူတို့ ၂ ယောက်မှာ ကျောက်ဒါဟူနှင့် မကြာဏ စကားတွတ်ထိုးနေကြသည်။ ကျောက်ဒါဟူ၏ WeChat ပို့စ်ကြောင့် သူတို့သည် စူးစမ်းချင်စိတ်ဖြင့် ဤနေရာသို့ လာခဲ့သည်မှာ ထင်ရှားသည်။

“မင်္ဂလာပါ သူဌေး၊ မုန့်မုန့်” လျန်မုန့်ချီ ဦးဆောင်ပြီး ကျန်းဟန်ကိုတွေ့သည်နှင့် နှုတ်ဆက်လိုက်သည်။

“အင်း”

ကျန်းဟန်သည် ဘာသိဘာသာပင် ခေါင်းညိတ်လိုက်သည်။

မုန့်မုန့်သည် သူမ၏ညာဘက်လက်ကလေးကို မြှောက်ကာ “မင်္ဂလာပါ မမ” ဟု စိတ်အားထက်သန်စွာ နှုတ်ဆက်လိုက်သည်။

“သူဌေး ဒီနေ့ ဘာစားကြမှာလဲ” လျန်မုန့်ချီ ထပ်မေးလိုက်သည်။

“မနက်စာက ကြက်ဥထမင်းကြော်” ကျန်းဟန် တံခါးဖွင့်ရင်း ပြန်ဖြေသည်။

“ဟင်းမပါဘူးလား”
ယူချင်းချင်းမေးလိုက်သည်။

ညအိပ်ခါနီးအချိန်ကလည်း သူမ ဗိုက်နည်းနည်းဆာလာခဲ့သည်။ မျက်လုံးကို မှိတ်လိုက်သည့်အချိန်တိုင်း ကြက်ဥထမင်းကြော်နှင့် ဟင်းသုံးမျိုးကို မြင်ယောင်နေမိသည်။ ယူချင်းချင်းသည် နောက်ထပ် တောင့်မခံနိုင်တော့ဘဲ သူမ၏အစာအိမ်မှ တဂွီဂွီမြည်လာသည်ကို ခံစားလိုက်ရသည်။

ပုံမှန်အခြေအနေများတွင် အလွန်ဆာလောင်နေပါက ယူချင်းချင်းသည် အသင့်စားခေါက်ဆွဲများကို တစ်ခါတည်းသွားစားလိုက်မည်ဖြစ်ပြီး အနံ့မှာလည်း မွှေးနေမည်ဖြစ်၏။ ယခုတစ်ကြိမ်တွင် ခေါက်ဆွဲ၏အမွှေးနံ့ကို ရနေသော်လည်း အနည်းငယ်သာစားပြီး လွှင့်ပစ်ခဲ့သည်။ စားနေရသည်မှာ အရသာမရှိသလို ခံစားရသည်။

နောက်ဆုံးတွင် ယူချင်းချင်းသည် အချိန်အတော်ကြာ ကြိုးစားအားထုတ်က အိပ်ပျော်သွားစေရန် နံပါတ်စဉ်များကို ရေတွက်လိုက်သည်။

"ကြက်ဥထမင်းကြော် တစ်ပန်းကန်"
"ကြက်ဥထမင်းကြော် နှစ်ပန်းကန်"
"…"
"ကြက်ဥထမင်းကြော် ၁၁၂၃ ပန်းကန်"

…

လက်ရှိကို ပြန်သွားရသော်

ဤအချိန်တွင် ယူချင်းချင်းသည် ကျန်းဟန်အား မယုံနိုင်လောက်အောင် ရင်းနှီးသော အကြည့်ဖြင့်ကြည့်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူမသည် နောင်တွင် စောစောအိပ်ရမည်ဟု စိတ်ထဲတွင် မှတ်ထားလိုက်သည်။ မဟုတ်ပါက ညနက်သန်း ခေါင်အိပ်ယာထဲတွင် ဗိုက်ဆာနေပါက အိမ်မပျော်ခင် အနည်းဆုံး ၂ နာရီခန့် ဝေဒနာခံစားနေရမည်ဖြစ်သည်။

ယူချင်းချင်း၏ မေးခွန်းကို ကြားသည့်အခါ ကျန်းဟန်သည် ခေါင်းခါရင်းပြောလိုက်သည်။

"မနက်စာက ပိုပြီး ရိုးရှင်းတယ်။ ဟင်းလျာတွေမချက်ဘူး။ ကြက်ဥထမင်းကြော်နဲ့ နို့ပဲ"

"အွန်း"

ယူချင်းချင်း ခေါင်းညိတ်လိုက်ပြီး သူမ၏အမူအရာတွင် စိတ်ပျက်သည့်ဟန်ပေါ်လာသည်။ သူမသည် တစ်ညလုံး ဗိုက်ဆာနေသောကြောင့် ပို၍ စားချင်နေသည်။

ကြက်ဥထမင်းကြော်သည် သူမကဲ့သို့ အစားသောင်းကြမ်းသူအား စိတ်ကျေနပ်စေရန် လုံလောက်သည့်ပုံမပေါ်ပေ။

များများစားရလေ များများစားချင်လေပင်ဖြစ်သည်။ ဤသည်မှာ လူသားတို့၏ကမ္ဘာတွင် ဖြစ်ရိုးဖြစ်စဉ်ပင်။

ယူချင်းချင်း၏ အမူအရာကို မြင်သည့်အခါ ကျောက်ဒါဟူသည် မျက်လုံးလေး ကလယ်ကလယ်ဖြစ်သွားသည်။ ကျန်းဟန်တံခါးဖွင့်ပြီး ဝင်သွားသည့်အခါ သူသည် “သူဌေး မင်းရဲ့ချက်ပြုတ်နည်းက လွဲနေတယ်။ မနက်စာကို ကောင်းကောင်းစားရမယ်။ နေ့လည်စာကို ကောင်းကောင်းစားရမယ်။ ညစာကျမှ လျှော့စားရမယ်” ဟု ပြောလိုက်သည်။

“ဒါတွေက သိပ္ပံနည်းကျ အခြေခံထားတာ။ မနက်စာ အာဟာရပြည့်ပြည့်ဝဝစားတာက

လူ့ခန္ဓာကိုယ်အတွက်ကောင်းတယ်။ ဘာလို့လဲဆိုတော့ မနက် ၁၀ နာရီကျော်လောက်ထိ မစားကြဘူးလေ။ ဗိုက်ထဲမှာ ဗလာဖြစ်နေပြီး သွေးတွင်းသကြားဓာတ်က ကျဆင်းသွားတယ်။ ကောင်းကောင်းမစားရင် မောပန်းနွမ်းတာ၊ စိတ်တိုတာ၊ ပင်ပန်းတာ၊ အားနည်းတာတွေ ခံစားရတတ်တယ်။ ဒါကြောင့် မနက်စာကို ကောင်းကောင်းစားရမယ်”

ကျောက်ဒါဟူသည် ပရော်ဖက်ရှင်နယ်တစ်ယောက်ကဲ့သို့ ပြုမူကာ ခေါင်းတယမ်းယမ်း ပြောသည်။

“နေ့လည်စာကတော့ လှုပ်လှုပ်ရှားရှားအချိန်ဖြစ်လို့ နေ့လည်စာကို ကောင်းကောင်းစားပေးရတယ်။ ဒါမှ ခွန်အားလုံလုံလောက်လောက် ပြည့်နေမှာ။ ညစာလျှော့စားရင် အစာအိမ်နဲ့ အူလမ်းကြောင်းတွေကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ အဆီတွေ အရမ်းတက်လာစေမှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ညဘက်မှာ လှုပ်ရှားမှု သိပ်မရှိဘူးလေ”

ကျောက်ဒါဟူ၏ စီကာပတ်ကုံးပြောလိုက်သည့် စကားများသည် လျှန်မုန့်ချီနှင့် အခြားသူများကို သူ့အားလက်မထောင်ပြစေသည်။

"အိုး?"

ကျန်းဟန်သည် အနည်းငယ်ပြုံးလိုက်ပြီး သူ့ကို ထူးဆန်းစွာကြည့်ကာ "ဒါဆို မင်းရဲ့ ညစာအတွက် ပမာဏက....အမ်...အဲဒါက နည်းနည်းတော့ ရိုးရိုးရှင်းရှင်းဖြစ်သွားလိမ့်မယ်။ ငါ မင်းတို့စားဖို့ အခုကစပြီး လျှော့ချက်လိုက်မယ်"

"မဟုတ်ဘူး!"

ကျောက်ဒါဟူသည် အချက်ပေးသံများမြည်သွားပြီး "မဟုတ်ဘူး! သူဌေး ဘော့စ် အစ်ကိုကြီး ငါ ပြောတာတွေက အတည်မယူပါနဲ့။ ငါက နောက်တာ"

"ဟုတ်တယ် ဟုတ်တယ်။ သူလျှောက်ပြောနေတာ" ယူချင်းချင်းသည် အလျင်စလိုဝင်ပြောလိုက်သည်။

"တကယ့်စကား အမှန်က မနက်စာ၊ နေ့လည်စာ၊ ညစာ အားလုံး ပြည့်ပြည့်ဝဝစားရမယ်။ တစ်နပ်မှ လျှော့စားလို့မရဘူး။ သိပ္ပံပညာရှင်အများစုက ညသန်းခေါင် အစာပြေမုန့်တွေကိုတောင် စားရမယ်ပြောတယ်"

ညသန်းခေါင် အဆာပြေလား... ကျန်းဟန် မရယ်ဘဲ မနေနိုင်ပေ။

"ဟုတ်တယ် သူဌေး။ ကျွန်မတို့က နောက်တာပါ" လျန်မုန့်ချီသည် ယူချင်းချင်းအား ပေါ့ပေါ့ပါးပါး ပုခုံးပုတ်ရင်း ရယ်လိုက်သည်။

"သူဌေးဘာပဲလုပ်လုပ် ငါတို့စားမယ်။ သူဌေးက မင်းသမီးလေးမုန့်မုန့်ကို ဘာမှမကျွေးပဲနေမယ်ထင်လား။ ငါတို့က ဆင်ဖြူတော်မှီပြီး ကြံစုပ်နေရတာ။ မင်းသမီးလေးကြောင့်သာ မဟုတ်ရင် ငါတို့ ကြက်ဥထမင်းကြော်တောင် စားရမှာမဟုတ်ဘူး"

"အာ...ဟုတ်တယ် ဟုတ်တယ်" ယူချင်းချင်း ရယ်လိုက်သည်။ သူမ၏အပြုအမူက အနည်းငယ် လွန်ကဲသွားသည်ကို ခံစားမိပြီး အနည်းငယ်ရှက်သွားသည်။ သူမသည် မုန့်မုန်ကို ကြည့်ကာ ရယ်မော၍ ပြောလိုက်သည်။

"ငါတို့ မုန့်မုန့်ကို ကောင်းကောင်းကြီး ကျေးဇူးတင်ရမယ်"

"ဟုတ်တယ် မုန့်မုန့်မရှိဘဲ ဒီလောက်အရသာရှိတဲ့အစားအသောက်တွေ ငါတို့ ဘယ်လိုစားနိုင်မလဲ" ကျောက်ဒါဟူသည် ထောက်ခံလိုက်သည်။

"ခစ်ခစ်...ရပါတယ် ရပါတယ်..." မုန့်မုန့်သည် တခစ်ခစ်ရယ်က လက်ကို ဝှေ့ယမ်းလိုက်ပြီး အလွန်ပျော်ရွှင်နေသည့်ပုံပေါ်သည်။

-C 58 End

wunzinnosp

## အပိုင်း(၅၉) အလွန်လက်ရာကောင်းသည့် ဟင်းလျာ

“မင်းတို့မှန်တယ်”

ကျန်းဟန်သည် မုန့်မုန့်၏ခေါင်းကို ပွတ်သပ်ပေးလိုက်ပြီး “စိတ်မပူပါနဲ့ နောင်ကျရင် အစားအသောက်တွေက ပိုကောင်းလာလိမ့်မယ်။ ငါအာမခံပါတယ်။ မင်းတို့တစ်ခါမှ မစားဖူးတဲ့ အရသာရှိတဲ့ အစားအသောက်တွေ အများကြီးရှိလိမ့်မယ်”

“တကယ်လား သူဌေး။ အဲ့ထဲမှာ ဘာတွေပါလဲ ပြောပြပါလား” လျန်မုန့်ချီနှင့် ကျန်သူများ၏ မျက်လုံးများ တောက်ပလာသည်။

တိတ်ဆိတ်နေသော ကျောက်ဖုန်းပင် ရုတ်တရက် တက်ကြွလာပြီး ကျန်းဟန်ကို တောက်ပသည့် မျက်လုံးများဖြင့် ကြည့်လိုက်သည်။

"ဥပမာ သစ်သီးဝလံတွေမှာဆိုရင် သလင်းမက်မွန်သီးတို့ အနီရောင်နှလုံးသားပန်းသီးတို့ ခရစ်တီဂါဘာတယ်သီးတို့ အရသာကိုးပါးအင်မော်တယ်သစ်တော်သီးတို့ ပြီးတော့ မင်းတို့အရင်ကတစ်ခါမှမစားဖူးတဲ့ မှောင်အရိပ်ဝံပုလွေသား၊ အမှောင်ကျားနတ်ဆိုးအသား ၊ အဇူရာနဂါးအသား လိုမျိုး အသားအစုံပဲ။ အနာဂတ်မှာ အဲဒါတွေကိုမြည်းစမ်းဖို့ အခွင့်အရေးရှိနိုင်တယ်။ ဒါပေမဲ့ မကြာခင်မှာတော့ မင်းတို့ ကိုဘေးအမဲသား၊ တိုင်ဟူ အနက်ရောင်ဝက်သားနဲ့ ဝူမူချင် သိုးသားတွေကိုတော့ စားလို့ရတော့မယ်။ ဒီအသားတွေက အဆင့် 5A ကို ကျော်လွန်နေတဲ့ အသားတွေပဲ" ကျန်းဟန် ဖြည်းညှင်းစွာပြောသည်။

ကျယ်ပြောလှသော စကြာဝဠာကြီးတွင် အစားအသောက်ပါဝင်ပစ္စည်းများ အလုံအလောက်ရှိကာ အရသာရှိသော စားစရာများလည်း အများအပြားရှိသည်။ အချိန်ကာလကြာမြင့်လာပြီး ကျန်းဟန်၏ ကျင့်ကြံခြင်းအဆင့်မြင့်မားလာသည့်အခါတွင် ၎င်းတို့အား နည်းနည်းပါးပါး မြည်းစမ်းခွင့်ပေးနိုင်သည်။

သို့သော်လည်း သူတို့တွင် ဖြစ်နိုင်ချေသာရှိသည်။ သေချာပေါက်မဟုတ်ပေ။ မုန့်မုန့်သည်တော့ သေချာပေါက်စားနိုင်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျန်းဟန်၏သမီးဖြစ်သောကြောင့် သူမ၏အသက်သည် အကန့်အသတ်မရှိ ရှည်လျားနေပြီဖြစ်သည်။

လျန်မုန့်ချီနှင့်အခြားသူများမှာ နောက်ဆုံးတွင် သေမျိုးများသာ မဟုတ်ပါလော။ ကျန်းဟန်သည် ကမ္ဘာမြေမှ ထွက်ခွာရန် အနှစ်တစ်ရာခန့်အချိန်ယူရလျှင် သူတို့ မည်သို့ စောင့်မျှော်နေကြမည်နည်း။ ထိုအချိန်တွင် သူတို့သည်

ဟိုးရှေးရှေးတုန်းကဟူ၍ အစချီပြောရသည့် သမိုင်းထဲက အရိုးစုတစ်ခုဖြစ်နေလောက်ပြီဖြစ်သည်။

အားလုံးသည် ကျန်းဟန်ပြောနေသည်များအား နားမလည်နိုင်ကြဘဲ စိတ်ရှုပ်ထွေးစွာ နားထောင်နေခဲ့ကြသည်။ လက်ရှိအချိန်တွင် သူတို့သည် ကျန်းဟန်ပြောနေသည့် အသီးများဖြစ်ဖြစ် အသားများဖြစ်ဖြစ် အားလုံးမှာ ပစ္စည်းကောင်းများဖြစ်သည်ကိုတော့ မသိစိတ်ကတွေးနေမိကြသည်။ နောက်ဆုံးတွင် သူမတို့သိထားပြီးသားဖြစ်သော ကိုဘေးအမဲသား၊ တိုင်ဟူ ဝက်နက်နှင့် ဝူမူချင် သိုးသား အထူးသဖြင့် ၎င်းတို့မှာ အဆင့် 5A ကို ကျော်လွန်နေသည့် အကြောင်းကို ကြားသည့်အခါ အံ့သြသွားကြသည်။

"အဆင့် 5A ထက်ကျော်တဲ့ အသားတောင် ရှိနေပြီလား" လျန်မုန့်ချီ၏ ပါးစပ်မှာ အံ့သြလွန်း၍ ပွင့်ဟနေသည်။

"5A မပြောနဲ့ 10A ကို ကျော်တဲ့ အသားတွေတောင် ရှိတယ်" ကျန်းဟန် ပြုံးလိုက်သည်။

"ဝါး! ဒါဆို ကျွန်မတို့ ဘယ်တော့ အသားစားရမှာလဲ" လျန်မုန့်ချီသည် စိတ်လှုပ်ရှားစွာ မေးသည်။

"မင်းတို့ အားလုံးက စားသောက်ဆိုင်ရဲ့ အဖွဲ့ဝင်တွေပဲ။ ငါ မုန့်မုန့်အတွက် ချက်ပြုတ်ပေးရင် မင်းတို့အားလုံးလည်း စားရမှာပါ။ စိတ်မပူပါနဲ့" ကျန်းဟန် ခေါင်းယမ်းကာ ပြောလိုက်သည်။

"ကောင်းပြီ ကောင်းပြီ ဒါဆို မနက်စာ ဘာစားကြမလဲ" ယူချင်းချင်း ထပ်မေးလိုက်သည်။

"ကြက်ဥထမင်းကြော်"
ကျန်းဟန် ပြန်ဖြေသည်။

သူ၏စကားက သူတို့၏ခေါင်းပေါ်သို့ ရေအေးအေးတစ်ပုံးလောင်းချလိုက်သလို သူတို့၏အာရုံများကို လက်ရှိအခြေအနေသို့ ပြန်ရောက်လာစေသည်။

ယခုလေးတင် သူတို့အားလုံးသည် အဆုံးမဲ့ စိတ်လှုပ်ရှားခြင်း တုန်လှုပ်ခြင်းများတွင် နစ်မြုပ်နေခဲ့သည်။ အနာဂတ်အစားသောက်များအတွက် ဆာလောင်မွတ်သိပ်မှုများ ပြည့်နေခဲ့၏။ မည်သူမဆို သူတို့၏ မျက်လုံးများထဲမှ မျှော်လင့်ချက်များကို မြင်နိုင်ပေသည်။

"ဒါရိုက်တာကျောက်၊ ဒီဆိုင်ရှင်က လူတွေကို ဘယ်လိုမျိုး ဖမ်းစားရမလဲဆိုတာ သိတာပဲ။ မင်းရဲ့မျက်လုံးတွေမှာ အဲဒီအကြောင်းတွေပြောလိုက်တာနဲ့ စိမ်းသွားတာပဲ"

ကျောက်ဒါဟူနှင့် ပါလာသော လူနှစ်ယောက်သည် တိုးတိုးလေးပြောသည်။

"ဟုတ်တယ် သူ့စကားက နတ်ဘုရားစကားလိုပဲ။ ဒီက အစားအသောက်တွေက တကယ်ကောင်းတာလား"

“ကြက်ဥထမင်းကြော်ပဲ မဟုတ်လား။ ငါတို့ ခဏခဏစားဖူးပါတယ်။ အားလုံးက အရသာအတူတူပဲ ထင်တာပဲ။ ဒီက ကြက်ဥထမင်းကြော်က ဘာတွေထူးခြားနေလို့လဲ”

ထိုသူသည် အစက သူ့အား မယုံကြည်ခဲ့ပေ။ သို့သော် ကြက်ဥထမင်းကြော်ကို သူ ပထမဆုံးတစ်လုတ်စားကြည့်လိုက်သည့်အခါတွင်တော့....

သူ၏အမူအရာမှာ လုံးဝပြောင်းလဲသွားသည်။ တစ်စုံတစ်ယောက်က ပြုစားထားသကဲ့သို့ပင်။ အနိုင်းမဲ့လေစားမှုတို့ဖြင့် ကြက်ဥထမင်းကြော်ကို အလျင်အမြန်စားလိုက်ပြီး ဒုတိယပန်းကန်ကို တောင်းဆိုလိုက်သည်။ ထို့နောက် နောက်ထပ် တတိယပန်းကန် ထပ်တောင်းပြန်သည်။

ဤမြင်ကွင်းကြောင့် မုန့်မုန့်မှာ အနည်းငယ်အံ့သြသွားပြီး ကျန်းဟန်၏နားနားသို့ ကပ်ကာ တိုးတိုးလေးပြောလိုက်သည်။

"ဖေဖေ ဖေဖေ ကြည့်ပါဦး ဒီဦးဦးက ၃ ပန်းကန်တောင်စားပြီးသွားပြီ..."

ကျန်းဟန် ၎င်းကိုမြင်သည့်အခါ မပြုံးဘဲမနေနိုင်ပေ။ ဝိုင်သုံးခွက် မနားတမ်းသောက်နိုင်သည့် လူများကို သူတွေ့ဖူးသော်လည်း ကြက်ဥထမင်းကြော် သုံးပန်းကန်ကိုမနားတမ်း စားနိုင်သည့်လူ မတွေ့ဖူးချေ။

ထိုသူသည် ယခုတစ်ကြိမ်တွင် သုံးပွဲဆက်တိုက်စားခဲ့သော်လည်း နောက်ရက်အနည်းငယ်အတွင်း လေးပွဲဆက်တိုက်စားပြီး ဤစံချိန်ကို ချိုးဖျက်သွားမည်ကိုတော့ သူမသိသေးချေ။

ထမင်းသုံးပန်းကန် နွားနို့နှစ်ခွက် စားသောက်ပြီးနောက် ထိုသူသည် လေချဉ်တက်လိုက်ရင်း ခံစားချက်အပြည့်ဖြင့် ပြောသည်။

"ဒါက ကြက်ဥကြော်မဟုတ်ဘူး။ ဒါက နတ်သုဒ္ဓါပဲ။ ဘုရားရေ ငါ တကယ်ကြီး ဘဝရဲ့အရသာကို

မြည်းစမ်းကြည့်နိုင်ခဲ့ပြီ။ အာ...ငါဘာလုပ်ရမလဲ။ ငါ ထပ်စားချင်နေသေးတယ်...”

“မင်း စောက်ရမ်းစားမနေနဲ့ စားပိုနင့်ပြီးသေသွားရင် ဘယ်သူက တာဝန်ယူမှာလဲ” သူ၏အဖော်သည် ခပ်တိုးတိုးပြောသည်။

သူသည် လျှော့စားဖို့ ပြောနေရုံသာမက စိတ်ထဲမှာလည်း ရေရွတ်နေလိုက်သေးသည်။

သေစမ်း...ငါမင်းကို ဒကာခံလိုက်ကျွေးတာလေ! ဒီကောင်ကသေချင်နေတာပဲ! ထမင်းကြော် ၃ ပန်းကန် နဲ့ နွားနို့ ၂ ခွက်တောင် ။ ပိုက်ဆံဘယ်လောက်ကြီးများ ရှင်းရမလဲ....အား....

ထိုသူသည် ကြေကွဲစွာဖြင့်ပင် ပိုက်ဆံရှင်းပြီး စားသောက်ဆိုင်မှ ထွက်သွားခဲ့သည်။

သူကြေကွဲနေရသည့်အကြောင်းမှာ ဤဆိုင်မှာ လာစားပါက ပိုက်ဆံအမြောက်အများသုံးရမည် ဟု ခံစားမိသောကြောင့်ဖြစ်သည်။ အရေးအကြီးဆုံးမှာ ပိုက်ဆံမလုံလောက်ခြင်းပင်။

သူစားဖို့ပင် ပိုက်ဆံမရှိတော့ပေ။ ၎င်းမှာ အလွန်ကြေကွဲဖို့ကောင်းပေသည်။

လျန်မုန့်ချီနှင့် အခြားနှစ်ယောက်သည် ပန်းကန်ခွက်ယောက်များဆေးကြောပြီးမှ ထွက်ခွာသွားကြသည်ကိုမြင်သည့်အခါ ကျောက်ဖုန်းသည် သူလည်းပဲ ပန်းကန်ခွက်ယောက်တစ်စုံ ဝယ်သင့်နေပြီဟု ခံစားလိုက်ရသည်။

အားလုံးထွက်သွားကြပြီးနောက်တွင် မနက် ၈ နာရီခွဲနေပြီဖြစ်သည်။ ဓီယန်သည် နေ့စဉ်ကဲ့သို့ပင် ဖုန်းခေါ်သည်။

ကျန်းဟန်နှင့် အချိန်အတော်ကြာ နေ့စဉ် ဖုန်းခေါ်ခဲ့ကြပြီးနောက်တွင် သူတို့နှစ်ဦးသည် တစ်ယောက်နှင့်တစ်ယောက် အချိန်ကြာကြာ ဖုန်းပိုပြောဖြစ်လာကြသည်။ တစ်ခါတစ်ရံတွင် ဇီယန်သည် ကျန်းဟန်ကို သူမ၏ရိုက်ကူးရေးနှင့်ပက်သက်သည့် စိတ်ဝင်စားစရာများကို ပြောပြပြီး ကျန်းဟန်သည် ဇီယန်ကို သူနှင့် မုန့်မုန့်တို့ ကစားကြသည့် အကြောင်းများကို ပြောပြလေ့ရှိကြသည်။

ထိုကဲ့သို့ စကားဝိုင်းကာ သူတို့နှစ်ဦး၏ ဆက်ဆံရေးကို အများအပြားတိုးတက်လာစေခဲ့သည်။ စိမ်းကားသည့် ခံစားချက်များမှာ ပျောက်ကွယ်သွားကြ၏။

၎င်းမှာ မုန့်မုန့်အား အနည်းငယ် မကျေမနပ်ဖြစ်ကာ စောဒကတက်စေတော့သည်။

"မေမေက ဖေဖေနဲ့ပဲ စကားပြောတော့တယ်။ ဟွန်...အချိန်ကြာလာတာနဲ့ မေမေက မုန့်မုန့်နဲ့ စကားပြောတာ နည်းသွားပြီ..."

တစ်မနက်လုံး ကျန်းဟန်သည် မုန့်မုန့်နှင့် ကားတွန်းကားကို အတူတူလိုက်ကြည့်ပေးခဲ့သည်။ နှစ်နာရီကြာအောင်ကြည့်ပြီးနောက် ကျန်းဟန်နှင့် မုန့်မုန့်သည် ပုံဆွဲပြီး ကစားကြပြန်သည်။

"ဖေဖေ သမီးဘာပုံဆွဲခဲ့လဲ သိလား" မုန့်မုန့်သည် မျက်နှာတစ်ခုကို ဆွဲထားသည်။

ကြမ်းတမ်းသည့် အသွင်အပြင်နှင့် ခပ်တန်းတန်းမျက်နှာတစ်ခုဖြစ်သည်။ ၎င်း၏မျက်လုံးမှာ သေးငယ်သည့်အစက်ကလေး နှစ်စက်ဖြစ်ပြီး နှာခေါင်းမှာ အနည်းငယ်ကြီးကာ ပါးစပ်မှာ အလျားလိုက် မျဉ်းကြောင်းတစ်ခုဖြစ်သည်။ ခေါင်းပေါ်တွင် လှိုင်းတွန့်ပုံစံ ဆံပင် နှစ်ချောင်း သုံးချောင်းမျှသာရှိသည်။

"ဝက်လား"

ကျန်းဟန် ချီတုံချတုံ လေသံဖြင့်ပြောသည်။

"ဟမ့် သူက ဝက်မဟုတ်ပါဘူး" မုန့်မုန့်သည် တစ်ခဏအံ့သြသွားပြီး မကျေမနပ်ဖြင့် ထပ်ပြောသည်။

"ဖေဖေ အနားကပ်ပြီး သေချာကြည့်ပါဦး ဖေဖေ နဲ့ တူလား မတူဘူးလား"

"အမ်...အဟွတ် အဟွတ်" ကျန်းဟန် တံတွေးပင်သီးသွားပြီး နှုတ်ခမ်းများမှာ တွန့်သွားသည်။ သို့သော် သူသည် အနည်းငယ်ဒွိဟ ဖြစ်သည့်ပုံစံဖမ်းလိုက်ပြီး "ဒါဆို ဖေဖေ ခန့်မှန်းကြည့်ရအောင်..အမ်...မုန့်မုန့်ဆွဲထားတဲ့ပုံက....အာ..ဒါ က ဖေဖေ့ပုံပဲ"

"အမ်? တကယ်လား? ဖေဖေက အဲဒါကို မြင်အောင်ကြည့်နိုင်တယ်ပေါ့" မုန့်မုန့်၏ မျက်လုံးများမှာ တောက်ပသွားသည်။

“အိုက်ယား! မုန့်မုန့်ဆွဲထားတဲ့ ဖေဖေ့ပုံမဟုတ်လား? ဟဲဟဲ ဒါက အရမ်းမိုက်တာပဲ။ ကြည့်ရတာ ဖေဖေနဲ့တကယ်တူတယ်” ကျန်းဟန်သည် နူးညံ့သိမ်မွေ့ပြီး ပျော်ရွှင်သည့်အပြုံးတစ်ခုကို ထုတ်ဖော်ကာ သူ၏စိတ်ထဲမှာ အရာနှင့် ဆန့်ကျင့်ဘက်ပြောလိုက်သည်။

“ခစ်ခစ် ဖေဖေက ချော‌ပြီးသားပဲ...” မုန့်မုန့်သည် ဖေဖေ၏ချီးကျူးမှုကို ရလိုက်သဖြင့် အလွန်ပျော်ရွှင်နေသည်။

ရယ်မောသံများကြားတွင် သူမသည် ဖေဖေ၏ဘေး၌ မေမေ၏ ပုံကို ဆွဲလိုက်သည်။

မြင်းထက်ပင် ရှည်သောမျက်နှာနှင့် နမ်းစေ့ကဲ့သို မျက်လုံးများရှိသော ဇီယန်၏ပုံကိုကြည့်ကာ ကျန်းဟန် ရယ်မောလိုက်သည်။

ငါတကယ်စိတ်မကောင်းဘူး ဇီယန်ဒီပုံကိုမြင်လိုက်ရင် သူမရဲ့အမူအရာက စိတ်ဝင်စားရာ တော်တော်ကောင်းသွားမှာ...

ဖေဖေနှင့် မေမေ၏ပုံကို ဆွဲပြီးနောက် မုန့်မုန့်သည် ကိုယ့်ပုံကိုယ် ပြန်ဆွဲလိုက်သည်။

"အမ်"

မုန့်မုန့်သည် အားရဝမ်းသာဖြင့် ပုံဆွဲလိုက်ပြီးမှ ကြောင်အသွားသည်။ သူမ၏ပုံကိုကြည့်လိုက်ရင်း မကျေမနပ်ဖြစ်သွားကာ နှုတ်ခမ်းလေးကိုစူလိုက်သည်။

"ဒါကို မကြိုက်ဘူး။ ဒါက မုန့်မုန့်နဲ့လည်း မတူဘူး..."

သူမ၏စိတ်ထဲတွင် မုန့်မုန့်သည် စားသောက်ဆိုင်ဆိုင်းဘုတ်ပေါ်ရှိ ပုံကဲ့သို့ ချစ်စရာကောင်းနေသင့်သည်။

"လာ ဖေဖေက မုန့်မုန့်ရဲ့ပုံကို ဆွဲပေးမယ်"

ကျန်းဟန်သည် အခြေအနေကို ကယ်တင်ရန် သူ၏ဘောပင်ကို အမြန်ကောက်ကိုင်လိုက်သည်။

မနက်ခင်းတစ်ခုလုံးကို ရယ်မောပျော်ရွှင်မှုများဖြင့် ဖြတ်သန်းခဲ့ကြ၏။

မွန်းတည့်ခါနီးတွင် စားသောက်ဆိုင်သို့ ညှော့သည်နှစ်ဦးရောက်လာကြသည်။

ပထမတစ်ဦးသည် နောက်ဆုံးအကြိမ်လာခဲ့ဖူးသည့် ရွှေရောင်ဆံပင်နှင့် စွန်းဒုန်ဟာမ်ပင်ဖြစ်သည်။ ယခုတစ်ခေါက်တွင်တော့ BMW Z4 ကိုမောင်းလာပြီး နောက်ထပ်အလှလေးတစ်ယောက်ကို ခေါ်လာသည်။

၎င်းကိုကြည့်ခြင်းအားဖြင့် ဤအကောင်မှာ မိန်းကလေးများကို အီစီကလီလုပ်တတ်သည့် ငပွေးတစ်ယောက်ဖြစ်သည့်ပုံပင်။

"မင်္ဂလာပါ သူဌေး" စွန်းဒုန်ဟမ်သည် စိတ်အားထက်သန်စွာ နှုတ်ဆက်လိုက်သည်။ ဤစားသောက်ဆိုင်ထဲတွင် ဆိုင်ရှင်သည် အဓိကမကျပဲ မုန့်မုန့်သာ အခရာဖြစ်သည်ကို ရုတ်တရက်သတိရသွားသဖြင့် မုန့်မုန့်ဘက်သို့ လျင်မြန်စွာလှည့်ကြည့်ကာ နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ မင်းသမီးလေးမုန့်မုန့်"

"ဟွန့် ကောင်းပြီ" မင်းသမီးလေးသည် စားသောက်ဆိုင်ထဲတွင် သူ ရုတ်ရုတ်သဲသဲလုပ်ထားသည်ကို မှတ်မိနေသေးသည်။

"ဝိုး...ချစ်စရာကောင်းလိုက်တဲ့ ကလေးမလေး" စွန်းဒုန်ဟမ်၏ဘေးမှ အလှလေးသည် အမူအရာပိုစွာဖြင့်ပြောလိုက်သည်။

"အမှန်ပဲ သူဌေးက အံ့ဩဖို့ကောင်းတယ်။ သူ့သမီးက ပိုတောင်ကောင်းသေးတယ်။ ဒီမှာ

ထိုင်ရအောင် စားပွဲဝိုင်းကြီးက သူဌေးနဲ့ မုန့်မုန့်ထိုင်တာ” စွန်းဒုန်ဟမ်သည် ပြတင်းပေါက်နားရှိ စားပွဲလေးတစ်ခုသို့ အလှလေးကို ခေါ်ဆောင်လာပြီး ထိုင်လိုက်သည်။

“အမ် ဒီစားပွဲသေးသေးလေး သုံးလုံးက ဧည့်သည်တွေအတွက်လား” အလှလေး၏ နှုတ်ခမ်းများကို ဟလိုက်ရင်း မယုံနိုင်စွာ ပြောသည်။

“အင်း အစားသောက်တွေက တကယ်စားလို့ကောင်းတယ်။ စားပြီးရင် သိလိမ့်မယ်။ မတ်တပ်ရပ်ပြီးစားရမယ်ဆိုရင်တောင် စားချင်တဲ့သူတွေရှိမှာပဲ” ကျန်းဟန်၏ ကြက်ဥထမင်းကြော်သည် စွန်းဒုန်ဟမ်ကို လုံးဝအနိုင်ယူသွားသည်။ သူသည် ကျန်းဟန်၏ အမာခံပရိသတ်တစ်ယောက်ဖြစ်လာ၏။

“သူဌေး ကျွန်တော်တို့ ဘယ်အချိန် ချက်ပြုတ်မှာလဲဗျ” စွန်းဒုန်ဟာမ်သည် အနည်းငယ် ဗိုက်ဆာလာသဖြင့် မေးလိုက်သည်။

ကျန်းဟန်သည် အချိန်ကို ကြည့်လိုက်ရာ ၁၁ နာရီ ၄၀ သာရှိသေးသည်။ ထို့ကြောင့် သူသည် “ ခဏစောင့်ပါ ထမင်းအရင်ချက်ရမယ်” ဟု ပြန်ဖြေသည်။

“ဟုတ်ကဲ့”
စွန်ဒုန်ဟာမ် ပြန်ဖြေလိုက်သည်။

ဤတစ်ကြိမ်တွင် ကျန်းဟန်သည် ထမင်းလျှော့ချက်သည်။ ဆန်ခြောက်ခွက်သာ ချက်သည်။

ချက်ပြုတ်ချိန်သို့ရောက်သည့်အခါ ကျန်းဟန်သည် ဂျုံမှုန့်ကို နယ်လိုက်သည်။

လခြမ်းတောင်၏ ဂျုံနှင့်ဆန်မှာ တူညီသော စံနှုန်းများရှိသည်။ ထမင်းဖြူသည် အရသာရှိသလို ဂျုံမှုန့်အဖြူသည် လည်း တူညီစွာပင် ဆွဲဆောင်နိုင်သည်။

အရည်အသွေးကောင်းသည့်ဂျုံဖြင့် ပြုလုပ်ထားသည့် ပေါက်ဆီမှာ အလွန်မွှေးကြိုင်နေသည်။ ကမ္ဘာပေါ်တွင်အကောင်းဆုံးဖြစ်သည့် လခြမ်းတောင်မှ ဂျုံနှင့်ပြုလုပ်ထားသော မွှေးကြိုင်ပြီး အရသာရှိသော ပေါက်ဆီကို တစ်ချက်ကိုက်လိုက်လျှင်ပင် လူပေါင်းများစွာကို အနိုင်ယူနိုင်မည်ဖြစ်သည်။

ပေါက်ဆီ၊ ခေါက်ဆွဲ၊ ပေါင်မုန့်၊ ကိတ်မုန့် အစရှိသဖြင့် ပြုလုပ်ရန်နည်းလမ်းများ ရှိသည်။

သို့သော် ယနေ့နေ့ခင်းတွင် ကျန်းဟန်သည် ပေါက်ဆီကို ပေါင်းရန် အစီအစဉ်မရှိပေ။ ကျန်းဟန်သည် ယခင်က ပေါက်ဆီလုပ်ရန် မလေ့လာဖူးပေ။ သူလုပ်နိုင်သည့် နည်းလမ်းမှာ တစ်ခုသာရှိသည်။ ၎င်းမှာ ဖက်ထုပ်ဖြစ်သည်။

ကျန်းဟန် ငယ်စဉ်က သူ၏မိဘများနှင့် ဖက်ထုပ်ကို အကြိမ်ပေါင်းများစွာ လုပ်ဖူးသည်။ ထိုအချိန်က သူ၏အဖေသည် မုန့်ညက်ထုပ်များကို လိမ့်ကာ အမေသည် မုန့်ထုပ်များကို လိပ်ပြီး ကျန်းဟန်သည် ဘေးနားတွင် မုန့်ညက်ထုပ်သေးသေးလေးများ လုပ်သည်။

အနည်းငယ်ကြိုးစားကြည့်လိုက်ပြီးနောက် ကျန်းဟန်သည် ဖက်ထုပ်ထုပ်ခြင်းလုပ်ငန်းစဉ်တစ်ခုလုံး၏ အသေးစိတ်အချက်များကို မေ့နေသော်လည်း အချိန်အနည်းငယ် စမ်းလုပ်ကြည့်လိုက်ပြီး ရှင်းရှင်းလင်းလင်း နားလည်သွားသည်။

-C 59 End

wunzinnosp

# အပိုင်း(၆၀) ဖက်ထုပ်ပြုလုပ်ခြင်း

သူတို့စကားပြောနေသည့်အချိန်တွင် စားသောက်ဆိုင်သို့ နောက်ထပ် ဧည့်သည် နှစ်သုတ်ရောက်လာသည်။ ပထမတစ်သုတ်မှာ အမျိုးသား ၂ ယောက်ဖြစ်သည်။ သူတို့သည် အခန်းထဲသို့ဝင်လာပြီး သူတို့အား ထူးထူးဆန်းဆန်းကြည့်လိုက်သည်။ မြင်မားလှသည့် အဖွဲ့ဝင်ကြေးကို တွေ့လိုက်ရသောအခါ သူတို့နှလုံးသားထဲမှ ရှော့ရသွားသည်။ ဒုတိယအသုတ်မှာ အသက် ၃၀ ဝန်းကျင် အမျိုးသမီးတစ်ယောက်ဖြစ်သည်။ သူမ၏အမူအရာမှာ အလွန်တည်ငြိမ်နေသည်။ အခန်းထဲသို့ထင်လာပြီးနောက် သူမသည် ထောင့်နေရာရှိစားပွဲတွင် ထိုင်လိုက်ကာ သူမ၏ဖုန်းကိုထုတ်၍ ကြည့်နေလိုက်သည်။

သူတို့ရောက်လာပြီး ၂ မိနစ်မပြည့်ခင်တွင်ပင် လျန်မုန့်ချီနှင့် အခြားနှစ်ယောက်သည် အချိန်ဇယားအတိုင်း ရောက်ရှိလာကြသည်။

"အာ! ဒီမှာ နေရာမရှိတော့ဘူး"

ဆိုင်ထဲသို့ဝင်လာရင်း လျန်မုန့်ချီသည် နေရာမရှိတော့သည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ကျန်းဟန်ကို ကြည့်ကာ မေးလိုက်သည်။

"သူဌေး နေရာမလွတ်တော့ဘူး။ ကျွန်မတို့ ဘာလုပ်ရမလဲ။ ဒါမဟုတ်..."

လျန်မုန့်ချီသည် ကျွန်မတို့ ထမင်းစားစားပွဲကြီးမှာ ထိုင်ပြီး စားလို့မရဘူးလား ဟု ပြောလိုက်ချင်သည်။

သို့သော် သူမ၏စကား မဆုံးသေးမီပင် ကျန်းဟန်သည် ပြန်ဖြေပြီးသွားပြီဖြစ်သည်။

"စောင့်လိုက်"

“အမ်”

လျှန်မုန့်ချီ၏အမူအရာမှာ အေးခဲသွားသည်။

“ဟင်း...ဒါဆိုလည်း နည်းနည်းစောင့်လိုက်တာပေါ့။ နောက်တစ်ခါ နည်းနည်း စောစောလာရမယ်”

ယူချင်းချင်းသည် သက်ပြင်းချရင်း ခေါင်းခါလိုက်သည်။

“ငါသွားပြီး ဆွေးနွေးလိုက်မယ်”

လျှန်မုန့်ချီသည် မျက်လုံးလှန်ကြည့်လိုက်ရင်း တစ်စုံတစ်ရာပြောကာ မီးဖိုချောင်ထဲတွင် အလုပ်ရှုပ်နေသည့် ကျန်းဟန်၏ဆီသို့လျှောက်သွားသည်။

“ဂျိုလား... သူဌေး နေ့လည်စာ ဘာတွေချက်မှာလဲ”

လျှန်မုန့်ချီ မေးလိုက်သည်။

“ဖက်ထုပ်”

ကျန်းဟန် ဘာသိဘာသာပင် ပြန်ဖြေသည်။

"ကျွန်မလည်း စားချင်တယ်"

လျှန်မုန့်ချီ၏မျက်လုံးများ တောက်ပသွားသည်။

"အင်း မင်းရဲ့ဝေစုကို ရမှာပါ"

ကျန်းဟန်ခေါင်းညိတ်လိုက်သည်။

အဖွဲ့ဝင်စနစ်ကို စတင်လိုက်ကတည်းက ကျန်းဟန်သည် အနာဂတ်တွင် မုန့်မုန့်အတွက် အစားအသောက်များ ပို၍ ချက်ပြုတ်မည်ဖြစ်သည်။ ထိုလူများသည် သူတို့၏အစားသောက်များကို ဇီဇာကြောင်နေမည် ဟုတ်မဟုတ်ကို သူသံသယမရှိပေ။

ဥပမာ ယူချင်းချင်းသည် ကြက်သွန်မြိတ်ကို မကြိုက်ပေ။ ၎င်းကိုကိုင်တွယ်ရန်မှာ လွယ်ပေသည်။ ၎င်းကို မြည်းစမ်းကြည့်ပြီးနောက် လဆန်းတောင်တွင် စိုက်ပျိုးထားသည့် အစားအသောက်များကို

ဇီဇာကြောင်သည့်သူမရှိကြောင်း သဘောပေါက်လာပေလိမ့်မည်။

ဘာလဲ? ခုတ်မတည့်တာလား?

စိတ်မကောင်းပါဘူး။ လခြမ်းတောင်မှာ စိုက်ပျိုးထားတဲ့ အစားသောက်တွေမှာ ခုတ်မတည့်တာမရှိပါဘူး...

တစ်နည်းဆိုရသော် လခြမ်းတောင်တွင် စိုက်ပျိုးထားသည့် အရာအားလုံးသည် လူသားတို့၏အကြိုက်နှင့် ကိုက်ညီရန် အကောင်းဆုံးဖြစ်သည်။

ဘယ်လိုဟာသလဲ? စိတ်ဝိညာဉ်ရေ၊ စိတ်ဝိညာဉ်မြေဆီလွှာ၊ ယန်-မိုးကြိုးသစ်ပင်တို့ရဲ့ အာဟာရအောက်မှာ ဘယ်လိုအရာမျိုးက သာမန်ဆန်ဆန် ကြီးထွားလာမှာလဲ...

"သူဌေး ဒါဆို...ကျွန်မတို့ ဘယ်မှာစောင့်နေရမလဲ။ ထမင်းစားစားပွဲမှာ ထိုင်နေလို့မရဘူးလား။ ဒါမှမဟုတ် ဒီစားပွဲသေးသေးလေးမှာထိုင်မယ်လေ"

ချန်မုန့်ချီသည် ဆိုဖာ၏ညာဘက်ရှိ စားပွဲဝိုင်းနှင့်ထိုင်ခုံကို ညွှန်ပြသည်။

"မရဘူး"

ကျန်းဟန် ချက်ချင်းငြင်းလိုက်သည်။

နောင်တွင် အဖွဲ့ဝင်များ ပို၍ ပို၍ များလာမည်။ သူတို့ကို ထိုနေရာတွင် ထိုင်ခွင့်ပေးလိုက်ပါက အားလုံးကို အိမ်ထဲတွင် ထိုင်ခွင့်ပေးထားရမည်လား။ ကျန်းဟန်သည် ထိုသို့ခွင့်မပြုပေ။

"ဒါဆို ကျွန်မတို့ ဘာလုပ်ရမလဲ သူဌေး..."

လျန်မုန့်ချီ၏အမူအရာမှာ ခါးသီးလာသည်။

အကယ်၍ အခြားအချိန်မျိုးတွင် လျန်မုန့်ချီသည် ဤကဲ့သို့ တစ်စုံတစ်ယောက်က အကြိမ်ကြိမ်ငြင်းဆိုနေပါက သူမပေါက်ကွဲနေပြီဖြစ်သည်။ လျန်မုန့်ချီသည် ဒုတိယမျိုးဆက် သူဌေးသမီး သခင်မလေးစစ်စစ် ဖြစ်သည်ကို မေ့မထားသင့်ပေ။

သူမသည် နူးညံ့သိမ်မွေ့သော်လည်း ဒေါသတော့ရှိသေးသည်။ သို့သော် ဤစားသောက်ဆိုင်ထဲတွင် သင်သည် မည်မျှချမ်းသာသည်ဖြစ်စေ၊ မည်မျှပင်ဒေါသကြီးပါစေ၊ မည်မျှပင် စိတ်ဆန္ဒရှိပါစေ သင်သည်အမြဲတမ်း သင့်ကိုယ်သင် ထိန်းသိမ်းနေရမည်။ အကယ်၍ သင်သာ နာခံမှုမရှိပါက ...စားစရာလည်းရရှိနိုင်မည်မဟုတ်တော့ချေ။

လျန်မုန့်ချီသည် ကျန်းဟန်နှင့် ညှိနှိုင်းရန် အခွင့်အရေးမရှိသည်ကို မြင်သည့်အခါ မုန့်မုန့်အား ကြည့်လိုက်ပြီး စိတ်ထဲတွင် တိုးတိုးလေးရေရွတ်လိုက်သည်။

ဟမ့်! စိတ်ပုတ်တဲ့သူဌေး ရှင်သဘောမတူရင် နောက်တစ်ယောက်ရှိသေးတယ်...

ရက်အနည်းငယ်ကြာ အဆက်အဆံရှိပြီးနောက်တွင် လျန်မုန့်ချီနှင့် အခြားသူများသည် ကျန်းဟန်၏ အသက်သွေးကြောအညှာကို သိရှိခဲ့ကြသည်။

သူ့ကို စိတ်ကျေနပ်အောင် ကြိုးစားဖားယားနေတာထက် မုန့်မုန့်ကို ကျေနပ်အောင်ကြိုးစားတာက ပိုကောင်းဦးမယ်။ မုန့်မုန့်သာ ငါတို့အတွက်ပြောပေးရင် သူ့ငွေးလည်း ငြင်းမှာမဟုတ်ဘူး...

ကျန်းဟန်သည် သူမ၏အကြည့်နှင့် အတွေးများကိုသတိပြုမိသွားကာ သူ၏အကြည့်ကို ထမင်းစားခန်းအပြင်ဘက်သို့ ရွှေ့လိုက်ပြီး မီးဖိုချောင်အပြင်ဘက်ရှိ ဗီရိုရှည်နှစ်လုံးကို ညွှန်ပြကာပြောလိုက်သည်။

"ဒါဆို မင်းတို့ ဒီဗီရိုနှစ်လုံးကို ဖယ်ပြီး စားပွဲနည်းနည်းသွားဝယ်ပြီးထည့်လိုက်။ အဲဒါတွေကို အဖွဲ့ဝင်တွေအနေနဲ့ မင်းတို့အတွက် ပုံသေခုံတွေလို့ မှတ်ထားပါ"

"ဟမ်?"

လျန်မုန့်ချီ ခဏကြောင်သွားပြီးနောက် ပျော်ရွှင်စွာပြောလိုက်သည်။

"ကောင်းပါပြီ။ ချင်းချင်း၊ မာမီကျောက် လာ မြန်မြန်လာ"

လျန်မုန့်ချီသည် သူမ၏အဖော်နှစ်ယောက်ဆီသို့ ချက်ချင်းလက်ပြလိုက်သည်။

"ဟီးဟီးဟီး..အဲဒါအလုပ်ဖြစ်ပြီ။ ဒီဗီရိုနှစ်လုံးကို ဖယ်လိုက်ကြရအောင်။ ပြီးရင် စားပွဲနဲ့ ထိုင်ခုံကို သွားဝယ်ကြမယ်"

လျန်မုန့်ချီ ရယ်ရင်းပြောသည်။

"သေချာတာပေါ့"

ကျောက်ဒါဟူသည် ရယ်မောလိုက်ပြီး သူ၏အင်္ကျီလက်များကို ခေါက်တင်လိုက်ကာ အလုပ်စလုပ်ရန် ပြင်လိုက်သည်။

ဗီရိုများမှာ အကြီးနှစ်လုံးဖြစ်သည်။ တစ်လုံးမှာ အရှည် ၂ မီတာခန့်ရှိပြီး အနံ ၄၀ စင်တီမီတာခန့်ရှိသည်။ ကျောက်ခိုင်သည် သူ၏အတွေးနှင့်သူ ထိုဗီရိုများကို ထားပေးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ကို ရှေးဟောင်းပစ္စည်း ရတနာအချို့ကို သိမ်းဆည်းရန် ဖြစ်သည်။

သို့သော် ရှေးဟောင်းပစ္စည်း မထားရသေးခင်ပင် ဗီရိုများမှာ ကိစ္စတုံးနေပြီဖြစ်သည်။

မီးဖိုချောင်မှနေ၍ ပြတင်းပေါက်ရှေ့ရှိထမင်းစားစားပွဲငယ်လေးများအထိ စုစုပေါင်း လေးမီတာခန့်ကျယ်ဝန်းကာ ထမင်းစားစားပွဲ ၃ လုံးကို နေရာချထားရန် လုံလောက်သည်ထက် ပိုပေသည်။

“ဝမ်း တူး သရီး မ!”

ယူချင်းချင်းသည် တိုင်ပေးလိုက်သည်။

ရှေ့မှတိုင်ပေးလိုက်ရင်း ယူချင်းချင်းသည် မလိုက်သော်လည်း တစ်ဖက်တွင် လျန်မုန့်ချီနှင့် ကျောက်ဒါပဟူတို့ဘက်တွင် မြင့်တက်မလာပေ။

ယောက်ကျားတစ်ယောက်နှင့် မိန်းမတစ်ယောက်ပေါင်းခွန်အားသည် ယူချင်းချင်းတစ်ယောက်တည်း၏အားနှင့်ပင် မယှဉ်နိုင်ပေ။ ယင်းက ယူချင်းချင်းအား အနည်းငယ်စိတ်ခတ်ကျသွားစေကာ အကူအညီမဲ့စွာဖြင့်

"နင်တို့နှစ်ယောက် ဘာမှမစားရသေးဘူးလား"

"အိုက်ယား ဒါက အရမ်းလေးလွန်းတယ်"

လျန်မုန့်ချီသည် နှုတ်ခမ်းစူလိုက်သည်။ သူမ၏ခွန်အားအကုန်အစင်သုံးလိုက်ရင်း ကျောက်ဒါပဟူအားကြည့်ကာ

"နင့်ကို မာမီလို့ခေါ်တာက နင်က အားနွဲ့နေလို့ပဲ။ နင့်မှာ အားမရှိတော့ဘူးလား"

"ဒီလို ကြမ်းတမ်းတဲ့အလုပ်ကို ငါဘယ်လိုလုပ်နိုင်မှာလဲ"

ကျောက်ဒါဟူသည် အနည်းငယ် ခါးသီးစွာပြောသည်။

"အဟမ်း..မင်းတို့ဘာလုပ်နေကြတာလဲ"

ထိုအချိန်တွင် တံခါးဝမှ အသံတိုးတိုးလေးထွက်ပေါ်လာသည်။

သူ၏ခေါင်းကိုလှည့်ကြည့်လိုက်သောအခါ ၎င်းမှာ နောက်ကျနေသည့် ကျောက်ဖုန်းဖြစ်ကြောင်း သိလိုက်သည်။

ယူချင်းချင်းသည် ထိုအကောင်တွင် ကျွမ်းကျွမ်းကျင်မှုတစ်ချို့ရှိသည်ကို သိထားသောကြောင့်

"အဲဒီမှာရပ်ကြည့်မနေနဲ့ မြန်မြန်လာလုပ်ကူဦး"

"ဒါဘာလုပ်နေတာလဲ?"

ကျောက်ဖုန်းသည် ကျန်းဟန်အား မယုံကြည်နိုင်စွာ ကြည့်လိုက်သည်။

"နေရာမရှိတော့ဘူးဆိုတာ ရှင်မတွေ့ဘူးလား"

လျန်မုန့်ချီသည် ပြန်ဖြေလိုက်သည်။

"ကျွန်မတို့ ဒီနေရာကထွက်မသွားရဖို့အတွက် ဒီမှာ ကိုယ်ပိုင်စားပွဲခုံတွေခင်းဖို့ သူဌေးသဘောတူအောင် မနည်းတောင်းပန်ထားရတာ"

"အင်း"

ကျောက်ဖုန်းခေါင်းညိတ်လိုက်သည်။

"ကျွန်တော်လုပ်လိုက်ပါ့မယ်"

ကျောက်ဖုန်းသည် လျန်မုန့်ချီ၏ရှေ့သို့လျှောက်လာပြီး ပြောလိုက်ရင်း လက်တစ်ဖက်က ဗီရိုကို ဆုပ်ကိုင်လိုက်သည်။ သူနှင့် ယူချင်းချင်းတို့ မ လိုက်ကြပြီး ဖြေးဖြေးချင်းလျှောက်ထွက်လာကြသည်။

ထိုအချိန်တွင် ပြတင်းပေါက်ဘေးရှိ စားပွဲငယ်လေးတွင် ထိုင်နေသောသူများအားလုံး မတ်တပ်ရပ်လိုက်ကြသည်။

စွန်းဒုန်ဟမ်သည်

"မင်းတို့ ဗီရိုကို ကူသယ်ပေးချင်ကြတာ ဘာလို့ စောစောကမပြောကြတာလဲ။ လူတိုင်း နည်းနည်းလောက်ကူညီသင့်တယ်"

သူပြောပြီးသည်နှင့် စွန်းဒုန်ဟမ်နှင့် အခြားသူများသည် အခြားဗီရိုတစ်ခုကို သယ်ကာ ထွက်လာကြသည်။

သူတို့သည် အမှိုက်ပုံး၏ဘေးတွင် ထားခဲ့လိုက်ကြသည်။ အနီးအနားတွင် သန့်ရှင်းရေးလုပ်နေသည့် အဘိုးကြီးရှိနေ၏။ ထိုမြင်ကွင်းကိုမြင်လိုက်ပြီးနောက် သူသည် ပြုံးနေသည်မှာ ပါးစပ်ပင်မစိတော့ပေ။

ပစ္စည်းအသစ်နောက်တစ်သုတ်ထပ်ရောက်လာတဲ့ပုံပဲ။ မုန့်မုန့်ရဲ့အပန်းဖြေရာစားသောက်ဆိုင် က တော်တော်စေတနာကောင်းတယ်ထင်တယ်…

"စားပွဲတွေ ထိုင်ခုံတွေ သွားဝယ်ကြရအောင်။ ငါတို့ရဲ့ VIP အဆင့်အတန်းကို သက်သေပြဖို့ ပိုပြီးကောင်းတဲ့ဟာတွေကို ရွေးဖို့လိုတယ်"

ယူချင်းချင်းကိုတိုက်တွန်းလိုက်ရင်း လျန်မုန့်ချီသည် တက်ကြွနေသည်။

"ငါ မင်းနဲ့လိုက်ခဲ့မယ်"

ကျောက်ဖုန်းသည် လျန်မုန့်ချီကို ကြည့်ကာ အနည်းငယ်ပြုံး၍ ပြောလိုက်သည်။

သူ့တွင် ဤမိန်းကလေးနှင့်သက်သက်၍ အထင်အမြင်ကောင်းသော်လည်း လျန်မုန့်ချီသည် သူ့အားလုံးဝစိတ်ဝင်စားသည့်ပုံ မရပေ။

"ရှင်က ဘာလိုက်လုပ်မှာလဲ?"

လျှန်မုန့်ချီသည် နှုတ်ခမ်းကို တွန့်ပြီး ပြောလိုက်သည်။

ကျောက်ဖုန်း ဘာပြန်ပြောရမှန်းပင် မသိတော့။

"ကျွန်တော်လည်း စားသောက်ဆိုင်ရဲ့ အဖွဲ့ဝင်ပါ။ အတူတူသွားကြလို့ရမလား"

ကျောက်ဒါဟူသည် ကျောက်ဖုန်းကို တစ်ချက်ကြည့်လိုက်ပြီး

"ဒါဆို ကားမောင်းပြီး ငါတို့နောက်ကလိုက်ခဲ့ပါ"

"ကောင်းပြီ"

ကျောက်ဖုန်းခေါင်းညိတ်လိုက်သည်။

ထိုသို့ဖြင့် အနီးအနားရှိ ဈေးဝယ်စင်တာသို့ မောင်းလာကြသည်။

မိနစ်နှစ်ဆယ်ကြာပြီးနောက် သူတို့သည် တစ်ခုံလျှင် လူလေးယောက်ဆံ့သည့် မီးခိုးရောင် စတုဂံပုံစံ စားပွဲငယ် သုံးလုံးနှင့် ပြန်လာကြသည်။

ပို့ဆောင်သူသည် စားပွဲကို ချထားခဲ့ပြီး လျှန်မုန့်ချီနှင့်အခြားနှစ်ယောက်သည် စားပွဲတစ်လုံးတွင် ထိုင်ကာ တိတ်တဆိတ်စောင့်ဆိုင်းနေခဲ့ကြသည်။

"ကျောက်ဖုန်း လာ ငါ့ဘေးမှာလာထိုင်"

ကျောက်ဒါပဟူသည်သူ၏ဘေးရှိ လွတ်နေသော ထိုင်ခုံကို စိတ်အားထက်သန်စွာ ပုတ်ပြရင်း ပြောလိုက်သည်။

"အမ်...ကောင်းပြီ"

ကျောက်ဖုန်း ပြုံး၍ ခေါင်းညိတ်လိုက်သည်။

များသောအားဖြင့် သူသည် ထိုသို့သော ကိစ္စများကို စိတ်မဝင်စား ဂရုမစိုက်ခဲ့ပေ။ သို့သော် ဤတစ်ကြိမ်တွင်တော့ ကျောက်ဖုန်းသဘောတူလိုက်သည်။

အကြောင်းပြချက်မှာ ရိုးရှင်းပါသည်။ လျန်မုန့်ချီကို ကြည့်ချင်သောကြောင့်ပင်ဖြစ်သည်။

ကျောက်ဒါဟူ၏ဘေးရှိထိုင်ခုံမှာ လျန်မုန့်ချီကို မျက်နှာမူထားသည်။ ရိုးရိုးသားသားပြောရလျှင် ကျောက်ဖုန်းသည် လျန်မုန့်ချီကို သူ၏နှလုံးသားအောက်ခြေမှ နက်နက်ရှိုင်းရှိုင်း ချစ်မိခဲ့ခြင်းဖြစ်သည်။

သို့သော် လျန်မုန့်ချီသည် သူ့ကို လုံးဝကြိုက်သည့်ပုံမပေါ်သဖြင့် ကျောက်ဖုန်းသည် သူ၏အသွင်အပြင်ကို ကောင်းကောင်းဂရုမစိုက်သော်လည်း ထပ်ခါတလဲလဲ အံ့ဩသွားရသည်။ သူအပြင်သွားသည့်အခါတိုင်း ဂိုဏ်းထဲရှိ အခြားမိန်းကလေးများအားလုံးက သူ့အား ချောမောသည်ဟု ချီးကျူးကြသည်ကို သတိရမိသည်။

ခဏအကြာတွင် ကြက်ဥထမင်းကြော်ရနံ့မှာ မွှေးလာသည်။

ကျန်းဟန်သည် ကောင်တာပေါ်တွင် တိုက်ရိုက်တင်ပေးလိုက်ပြီး ညေ်သည့်များသည် သူတို့၏အစားအသောက်ကို လာယူလိုက်ကြသည်။

ဤတစ်ကြိမ်တွင် လျန်မုန့်ချီသည် ကြက်ဥထမင်းကြော် ပန်းကန်တစ်ဝက်ခန့်ကိုသာ စားပြီး ကျောက်ဒါဟူ၊ ကျောက်ဖုန်းနှင့် ယူချင်းချင်းတို့က အနည်းငယ် ပိုစားလိုက်ကြသည်။

လျန်မုန့်ချီသည် ဖက်ထုပ်စားရန်အတွက် အစာအိမ်နေရာချန်ထားချင်သောကြောင့်ဖြစ်ပြီး ယူချင်းချင်းသည် ကြက်သွန်မြိတ်မကြိုက်သောကြောင့် သူမသည် ကြက်ဥထမင်းကြော်ကိုသာ စားရန် စီစဉ်ထားသည်။

အခြားသူများလည်း သူတို့၏အစားအသောက်များကို ယူ၍စားသောက်ကြသည်။ လူတစ်ယောက်သည် သူတို့၏ အစားအသောက်ကို ကိုယ်တိုင်ထယူရလျှင် ပျော်ရွှင်မည်မဟုတ်ပေ။ သို့သော် သူတို့အားလုံးသည်တော့

သူတို့၏ အစားအသောက်ကို ယူရန် နာခံစွာပင် တန်းစီ၍ရပ်နေကြသောကြောင့် သူတိုအတွက် မည်သို့မျှ စိတ်မကွက်သည်ကို သိနိုင်သည်။

“ဒီမှာပဲထိုင်ရအောင်”

စားပွဲမှာ အနည်းငယ်ပိုမြင့်သည်ကို တွေ့လိုက်သည့်အခါ စွန်းဒေါင်ဟူသည် သူ၏မိန်းကလေးအသစ်ကို ခေါ်လာပြီး ထိုင်ရန်ပြင်နေသည်။

“ဟေး ဟေး ဟေး!”

လျန်မုန့်ချီသည် သူတို့ကို အလျင်အမြန်တားလိုက်ပြီး

“ဒီနေရာက အဖွဲ့ဝင်တွေပဲ ထိုင်လို့ရတယ်။ ဟိုကို ပြန်မသွားရင် ရှင်ထိုင်စရာ နေရာမရှိဘူးဖြစ်သွားမယ်”

“အမ်…”

စွန်းဒေါင်ဟမ်သည် သူ၏အဖော်မိန်းကလေးကို ပြတင်းပေါက်နားရှိ အဖြူရောင်စားပွဲလေးဆီသို့ ပြန်ခေါ်သွားသည်။

ကျောက်ဖုန်းသည် လျန်မုန့်ချီအား အလွန်စိတ်ဝင်စားဖို့ကောင်းသည်ဟု တွေးကာ ပြုံးလိုက်သည်။

"ရှင်ဘာရယ်တာလဲ"

လျန်မုန့်ချီသည် သူ့အား စိုက်ကြည့်နေသည်။

"အမ်...မင်းက ရဲရင့်တယ်လို့ တွေးမိလို့ပါ"

ကျောက်ဖုန်း ခေါင်းခါယမ်းလိုက်သည်။

"ရှင်နဲ့ဘာဆိုင်လဲ? ရှင်စားစရာရှိတာသာစားပါ"

လျန်မုန့်ချီသည် ကျောက်ဖုန်းအား လုံးဝမကြည်သည့်ပုံစံကြောင့် ကျောက်ဖုန်း စိတ်ထဲတွင် ပြုံးလိုက်မိသည်။

ငါ့မှာ မကောင်းတဲ့ရည်ရွယ်ချက်မရှိပါဘူး…

သူတို့စားလိုက်သည့်အခါ ထမင်းမှာမွှေးနေဆဲဖြစ်သည်။ အထူးသဖြင့်နောက်ဖက်မှာ အသစ်ရောက်လာသူများအတွက် ပို၍ပင်မွှေးနေသည်။ စားသောက်နေစဉ် သူတို့၏ပုံစံများမှာအိန္ဒြေဆည်နိုင်သည့်ပုံမပေါ်ပဲ သူတို့၏မျက်နှာများတွင် ချီကျူးသည့်အရိပ်အယောင်များက ဖုံးလွှမ်းနေသည်။

ကျန်းဟန်သည် ရေနွေးအိုးတည်လိုက်ပြီး စားပွဲဝိုင်းပေါ်တင်လိုက်သည်။

"ဖေဖေ ဘာတွေလုပ်နေတာလဲ"

မုန့်မုန့်သည် စိတ်ဝင်တစားမေးသည်။

"ဖေဖေက မုန့်မုန့်စားဖို့ ဖက်ထုပ်လုပ်မလို့"

ကျန်းဟန်သည် အနည်းငယ်ပြုံး၍ ပြန်ပြောသည်။

"အာ…ဒါဆို မုန့်မုန့်လည်း ဖေဖေ့ကို ဝိုင်းကူလုပ်မယ်"

မုန့်မုန့်သည် ပြေးလာပြီး ကုလားထိုင်သေးသေးလေးပေါ်တွင် ထိုင်ပြီး ဖေဖေ့ကို ကြည့်ရင်းပြောလိုက်သည်။

ကျန်းဟန်သည် မစ်ချာတွင် ကပ်နေသောအမှုန့်များကို ကြိုတင်ကာကွယ်ရန် မုန့်ညက်မျက်နှာပြင်ပေါ်တွင် ဂျုံမှုန့်ကို သုံးပိုင်းခွဲကာ မုန့်ညက်သေးသေးလေး သုံးခုအဖြစ် ပြောင်းလိုက်သည်။ ထိုနောက် မုန့်ညက်နှစ်ခုကို ဇလုံထဲသို့ ပြန်ထည့်လိုက်သည်။

ကျန်းဟန်သည် သူ၏လက်ချောင်းကို စက်ဝိုင်းအလယ်ဗဟိုတွင် ထည့်လိုက်ပြီး ၎င်းကို စတင်လှည့်လိုက်သည်။ ကျန်းဟန်သည် အားအသင့်အတင့်ဖြင့် ဆွဲလိုက်ပြီး တဖြည်းဖြည်း အထူအပါးမှာ အတိုင်းအတာတစ်ခုအထိရောက်ရှိသွားပြီး လက်မခန့်ရှိသည့်အခါ ၎င်းကို ဖြတ်လိုက်သည်။

နောက်တစ်ဆင့်တွင် ၎င်းတို့ကို ရိုလာ(Roller) အသုံးပြုကာ ဂျုံးပြားအဖြစ် လှိမ့်မည်ဖြစ်သည်။ ကျန်းဟန်သည် ဂျုံညက်ကို ဖြတ်ရန် ဓါးကိုမသုံးဘဲ တိုက်ရိုက်ဆွဲထုတ်ရန် လက်ကိုအသုံးပြုခဲ့သည်။

သူသည် မုန့်ညက်ကို ဆွဲရန် အားကိုပို၍သုံးလိုက်သည်။ တစ်နည်းအားဖြင့် မုန့်ညက်ကို ဆွဲဆန့်ထုတ်လိုက်သည်။ ကျန်းဟန်၏အားထိန်းချုပ်မှုမှာ ပြီးပြည့်စုံမှု၏ အထွတ်အထိပ်သို့ ရောက်ရှိနေပြီဟု ဆိုနိုင်သည်။

-C 60 End

wunzinnosp

## အပိုင်း(၆၁) အဖွဲ့ဝင်တွေအတွက်ပဲ

အဆင့်မြင့်၊ အဆင့်နိမ့် အလယ်အလတ်ဟူ၍ ဂျုံမှုန့်အမျိုးအစားများရှိသည်။

အချို့သည် ဖက်ထုပ်လုပ်ရန်သင့်လျော်သည်။ အချို့သည် မုန့်လုပ်ရန် သင့်လျော်သည်။ အချို့မှာ ခေါက်ဆွဲလုပ်ရန်သင့်လျော်သည်။ မုန့်မည်မျှချက်ပြုတ်မည်အပေါ် မူတည်၍ အမျိုးအစားကွဲပြားသည်။

ဂျုံမှုန့်အမျိုးအစား များစွာရှိသော်လည်း လခြမ်းတောင်မှ ထွက်ရှိသည့် ဂျုံမှုန့်မှာ အကောင်းဆုံးဖြစ်သည်။

ကျန်းဟန်သည် ထည့်လိုက်သော ရေပမာဏအတိုင်း ဂျုံမှုန့်၏ အတိုင်းအတာကို ထိန်းချုပ်ပြီး သူလိုချင်သလို ပြုလုပ်နိုင်သည်။ ထို့ပြင် ဂျုံမှုန့်မှာ အလွန်မွှေးသောကြောင့် ၎င်းနှင့်ချက်ပြုတ်ထားသည့် အနံ့အရသာမှာ သံသယဖြစ်စရာမလိုပေ။

"ဖေဖေ သမီး...ဘာလုပ်ရမှာလဲ"
မုန့်မုန့်သည် ဘေးနားမှ ခဏကြာ ကြည့်နေသော်လည်း သူမလေးသည် မည်သို့ဝိုင်းကူလုပ်ရမည်မသိဖြစ်နေသည်။

"မုန့်မုန့်က ဒီဂျုံလုံးလေးကို အဝိုင်းပြားပြားလေးဖြစ်သွားအောင် ဖိပေးလို့ရတယ်"
ကျန်းဟန်သည် ဖြတ်ထားပြီးသော ဂျုံစိမ်းလုံး(မုန့်ညက်စိမ်း)လေးများကို လက်ညှိုးထိုးပြသည်။

"အွန်း"
မုန့်မုန့်သည် နာခံစွာဖြင့်ပင် သူမလေး၏လက်ကို ဆန့်တန်းကာ ဖိချလိုက်သည်။

"ဒီလိုမျိုးလားဖေဖေ။ အာ...ဒါကို ဖြတ်လို့မရတော့ဘူး..ဘယ်လိုလုပ်ရမလဲ"

မုန့်မုန့်၏ လက်သေးသေးကို ဖိချလိုက်သည့်အခါ ချက်ချင်းပင် ဂျုံစိမ်းလုံးက သူမလေး၏လက်ဝါးတွင်ကပ်နေသည်။ မုန့်မုန့်သည် လက်ကို

မြှောက်လိုက်ပြီး ခဏကြာအောင်ကြည့်နေကာ အားဖြင့် အပေါ်အောက်ခါကြည့်လိုက်သော်လည်း ကွာကျမလာပေ။

“ဟားဟားဟား…”

ကျန်းဟန်သည် ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။ သူငယ်စဉ်ကလည်း ဤသို့သောမြင်ကွင်းမျိုးကြုံခဲ့ဖူးသည့်ပုံပင်။

“ဒီမှာ ဖေဖေ သမီးကိုပြမယ်” ကျန်းဟန်သည် မုန့်မုန့်၏လက်ထဲမှ မုန့်စိမ်းလုံးကို ခွာပေးလိုက်ပြီး သူမလေး၏လက်ဝါးပေါ်သို့ ဂျုံမှုန့်အချို့ဖြူးပေးလိုက်သည်။

“ဂျုံမှုန့်ကို သမီးလက်မှာသုတ်ထားရင် မကပ်တော့ဘူး”

“အိုး..အဲ့လိုလား”

မုန့်မုန့်သည် ဂျုံစိမ်းလုံးလေးကို အောင်မြင်စွာ ဖိညစ်လိုက်ပြီး ခေါင်းလေးကိုမော့ကာ ကျန်းဟန်အားကြည့်၍

“ဖေဖေ မုန့်မုန့်လုပ်တာ ဘယ်လိုနေလဲ”

"အင်း..."

ကျန်းဟန်သည် ဂုံပြားလေးကို သေချာကြည့်ရင်း စဉ်းစားဟန်ပြုလိုက်ပြီး "ဖိထားတာ အရမ်းကောင်းတယ်။ မုန့်မုန့်က အရမ်းတော်တာပဲ။ တကယ်ကို ဝိုင်းဝိုင်းပြားပြားလေး"

"ခစ်ခစ်..."

မုန့်မုန့်သည် ဂုံစိမ်းလုံးလေးကို အဆက်မပြတ်ဖိချလိုက်ရင်း တခစ်ခစ်ရယ်မောကာ ပျော်ရွှင်နေသည်။

"ဖေဖေ ဒီမှာကြည့် ဝိုင်းဝိုင်းလေး ကြည့်ကြည့် ဒါက ပြားလည်းပြားတယ်..ဖေဖေ..."

ကျန်းဟန်သည် ဤမြင်ကွင်းကို ကြည့်လိုက်ရင်း ပျော်ရွှင်သည့်အပြုံးတစ်ခုသည် သူ၏နှုတ်ခမ်းထောင့်တွင် ပေါ်လာသည်နှင့်အမျှ သူ့မျက်လုံးများ၏ နက်ရှိုင်းသောမျက်လုံးအိမ်များအတွင်း၌လည်း အနည်းငယ် ငေးတိငေးမောဖြစ်သွားသည်။

ဖခင်တစ်ယောက်အနေနှင့် ပထမဆုံးအကြိမ် ငယ်စဉ်ဘဝက သူ့အဖေ၏ ခံစားချက်ကို နောက်ဆုံးတွင် သိနားလည်ခဲ့ရသည်။

ထိုအချိန်က သူသည် ဂျုံစိမ်းလုံးကို ဖိနေပြီး သူ၏အဖေက သူ့ကို နူးညံ့သည့်အကြည့်ဖြင့် ကြည့်နေခဲ့သည်။ သူတို့၏မိသားဝင်များက ဖက်ထုပ်များကို ပျော်ရွှင်စွာ ထုပ်ပိုးကြပြီး ကလေးဘဝ၏ ပျော်စရာအခိုက်အတန့်ပင်။ အဖေတစ်ယောက်အနေနှင့် သူ၏နှလုံးသားက ပျော်ရွှင်ကျေနပ်နေခဲ့သည်။

အဖေရော အမေရော ဘယ်လိုတွေဖြစ်နေလဲ သိချင်နေပြီ…

တစ်နှစ်ကြာပြီးရင် အဖေတို့ဘယ်မှာပဲရောက်နေပါစေ ဘယ်လိုအခက်အခဲပဲ ကြုံရပါစေ ကျွန်တော် အဖတို့အမေတို့ကို တွေ့အောင်ရှာပြီး ပြန်ခေါ်လာမယ်…

မိသားစုပြန်တွေ့စုံတဲ့အခါ အဖေတို့ရဲ့ ချစ်စရာမြေးလေးနဲ့ အားလုံးကို တွေ့ခွင့်ပေးမယ်...

ကျန်းဟန်သည် စိတ်ထဲတွင် ညင်သာစွာ သက်ပြင်းချလိုက်သည်။

သူ၏မိဘများကို စိုးရိမ်ပူပန်နေသော်လည်း ကျန်းဟန်သည် သူ၏မျက်နှာတွင် ထိုခံစားချက်များကို မည်သည့်အခါ မဖော်ပြခဲ့ပေ။ ထိုအစား သူ၏နှလုံးသားအနက်ရှိုင်းဆုံးထဲတွင် နစ်မြှုပ်ထားခဲ့သည်။ ၎င်းမှာ ဇီယန်နှင့်အတူတူပင်ဖြစ်သည်။

မုန့်မုန့်သည် ဂျုံစိမ်းလုံးကို ဖြည်းညှင်းစွာ ဖိလိုက်သည်။ သူမလေးဖိပြီးသည်နှင့်တပြိုင်နက် ကျန်းဟန်သည် ဂျုံစိမ်းလုံးကို နှစ်စက္ကန့်အတွင်း ရိုလာဖြင့်လိမ့်ကာ ဖက်များများကို နှစ်စက္ကန့်အတွင်း ဂျုံပြားထဲသို့ အသွပ်၍ ဖက်ထုပ် ထုပ်ပေးသည်။ ဖက်ထုပ်များသည်

ရွှေတုံးလေးများကဲ့သို့ ဝိုင်းဝိုင်းဖောင်းဖောင်းလေးများဖြစ်သည်။

၎င်းမှာ ဂျုံလုံးကို ဖိပေးနေသည့် မုန့်မုန့်အား အနည်းငယ် စိတ်ပူလာစေသည်။ သူမလေးသည် အရှိန်မြှင့်လိုက်ရင်း နှုတ်ခမ်းလေးကိုစူကာ

"အိုက်ယား...ဖေဖေ ဘာလို့အရမ်းမြန်နေတာလဲ..."

"ကောင်းပြီ ကောင်းပြီ ကောင်းပြီ ဖေဖေ နည်းနည်းနှေးလိုက်မယ်။ ဖေဖေလည်း ကူပြီးဖိပေးမယ်ဆိုရင်ရော..."

"မဟုတ်ဘူး..မုန့်မုန့်ဖိမယ်...မုန့်မုန့်ဖိမယ်..."

ကျန်းဟန်နှင့်မုန့်မုန့်တို့ အပြန်အလှန်ပြောနေရင်းနှင့်ပင် ဖက်ထုပ်များကို သပ်ရပ်စွာထုပ်နေကြသည်။ ဖက်ထုပ်များမှာ အလွန်လက်ရာမြောက်ပြီး ပုံမှန်ထက် များစွာသေးငယ်နေသည်။

ကျန်းဟန်သည် ပန်းကန်ပြားကို ယူ၍ မီးဖိုချောင်သို့ပြန်သွားကာ တစ်ချိန်တည်းတွင်တည်ထားသည့် ပွက်ပွက်ဆူနေသောရေနွေးအိုးထဲတွင် ဖက်ထုပ်များကို ပြုတ်လိုက်သည်။

ထို့နောက်ကျန်းဟန်သည် ကြက်သွန်ဖြူကို ပါးပါးလှီးကာ ဇလုံးတစ်လုံးထဲထည့်လိုက်သည်။ ပဲငံပြာရည်၊ ရှာလကာရည်၊ အမွှေးဆီနှင့် ငရုတ်ဆီတို့ကို ၎င်း၏ဘေးတွင် ထပ်ထည့်လိုက်သည်။

ကျန်းဟန်သည် ပန်းကန်ခပ်သေးသေးနှစ်လုံးကို မွှေလိုက်ပြီးနောက် ပြုတ်ထားသော ဖက်ထုပ်များကို ဇကာခုံးတစ်ခုထဲသို့ အမြန်ထည့်လိုက်ကာ ပန်းကန်နှစ်လုံးကို စားပွဲပေါ်တင်လိုက်သည်။

“မုန့်မုန့် ဖေဖေတို့ စားရမယ့်အချိန်ရောက်ပြီ” ကျန်းဟန်သည် ဆိုဖာပေါ်ရှိမုန့်မုန့်ကို လက်ပြလိုက်သည်။

"လာ စားကြမယ်..." မုန့်မုန့်သည် ဝမ်းသာအားရပြေးလာသည်။

"သူဌေး..."

လျန်မုန့်ချီ ပါးစပ်ဟလိုက်သည်နှင့် ကျန်းဟန် သူမအား တန်းပြောလိုက်သည်။

"သွားယူလိုက်ချေ။ နောက်ကျရင် မေးနေဖို့မလိုဘူး။ ငါချက်ပြုတ်ထားရင် မင်းတို့အတွက် နည်းနည်း ချန်ထားပေးမယ်"

"ဟီးဟီး...သူဌေး။ ရှင်ကအရမ်းကောင်းတာပဲ၊ ကျွန်မရှင့်ကိုချစ်သွားပြီး" ကျန်းဟန်၏စကားကို ကြားသည့်အခါ လျန်မုန့်ချီ၏မျက်နာမှာ တောက်ပသွားပြီး လူတိုင်း၏ရှေ့တွင်ပင် အဓိပ္ပာယ်နှစ်ခွ ဒွိဟစကားများကို ပြောမိသွားသည်။ ပြောလိုက်ပြီးကာမှ လျန်မုန့်ချီ၏မျက်နှာမှာ အနည်းငယ်နီရဲလာပြီး နှလုံးခုန်နှုန်းများမြန်လာခဲ့သည်။

ယူချင်းချင်းသည် လျန်မုန့်ချီအား ထူးထူးဆန်းဆန်းကြည့်လိုက်ပြီး အခိပ္ပာယ်ပါပါရယ်မောလိုက်သည်။

ကျောက်ဖုန်းသည်တော့ အနည်းငယ်ကြက်သေသွားပြီး သူ၏နှလုံးသားမှာ တုန်လှုပ်သွားသည်။

သူမက သူ့ငွေးကိုကြိုက်နေတာလား...

ကျောက်ဖုန်းသည် စိတ်ထဲတွင် သက်ပြင်းချရင်း ထရပ်လိုက်ပြီး ဖက်ထုပ်တစ်ပန်းကန်စားရန်ပြင်လိုက်သည်။ သူ့ငွေးလုပ်ထားသမျှ အစားအသောက်များမှာ အလွန်မွှေးသဖြင့် သူလုံးဝ လက်လွှတ်မခံနိုင်ပေ။

လျန်မုန့်ချီ၏စကားများကြောင့် ကျန်းဟန်မှာ မည်သို့မျှအမူအရာမပြောင်းလဲသော်လည်း မုန့်မုန့်သည် အနည်းငယ်စိတ်ခုသွားသည်။ သူမလေးသည် နှုတ်ခမ်းလေးကိုစူလိုက်ပြီး

“နိုး…မရဘူး မင်း ဖေဖေ့ကိုချစ်လို့မရဘူး”

မုန့်မုန့်သည် ထို အစ်မကြီးဖြင့် မည်သို့မျှမပတ်သက်တော့ရန် ဆုံးဖြတ်ပြီးသွားပြီဖြစ်သည်။ သူမနှင့် အကြိမ်အနည်းငယ်ကစားဖူးသော်လည်း သူမကိုမနှစ်သက်တော့ပေ။

ငင်းကိုကြားသည့်အခါ လျန်မုန့်ချီသည် လျှာလေးထုတ်၍ ရယ်လိုက်ပြီး

“မမက နောက်တာပါ”

“ဟွန့်”

မုန့်မုန့်သည် နှာခေါင်းရှုံ့လိုက်ပြီး သူမကို လျစ်လျူရှုလိုက်သည်။

လျန်မုန့်ချီသည် မည်သို့မျှစိတ်ထဲမထားဘဲ ဖက်ထုပ်တစ်ပန်းကန်ကိုယူကာ ပျော်ရွှင်စွာဖြင့် စားပွဲဆီသို့ပြန်လာခဲ့သည်။

"အမ်? ချင်းချင်း နင်ဘာလို့ဖက်ထုပ်မစားတာလဲ" လျန်မုန့်ချီသည် ယူချင်းချင်းမှာ ထိုင်ရာမှမထသည်ကို တွေ့လိုက်ရသည့်အခါ စိတ်ဝင်တစားမေးလိုက်သည်။

"ငါ...ငါ ကြက်သွန်မြိတ်ကို မကြိုက်ဘူး" ယူချင်းချင်းသည် ခေါင်းကို အနည်းငယ်ယမ်းလိုက်သည်။

မကြိုက်ရုံတင်မက သူမသည် လုံးဝမစားနိုင်ခြင်းဖြစ်သည်။ ကြက်သွန်မြိတ်သည် အနည်းငယ်စပ်ပြီး ပါးစပ်ထဲတွင် အရသာမှာ တစ်မျိုးကြီးဖြစ်နေသည်။

"ဒါဆိုလည်း ထားလိုက်တော့။ ငါ့ထဲမှာ အများကြီးမကျန်တော့ဘူး။ ပြီးရင် နင့်အတွက်ပါ အကုန်စားလိုက်မယ်"
လျန်မုန့်ချီသည် ကျေနပ်စွာဖြင့် ဖက်ထုပ်ကို ကောက်ကိုင်လိုက်ပြီး အချဉ်ရည်ထဲတွင် နှစ်လိုက်ပြီး ပါးစပ်ထဲအဆုံးထိထည့်လိုက်သည်။

စားလိုက်သည့်အခါတွင် မုန့်အသားမှာ နူးညံ့နေသည်။ တစ်ကိုက်ကိုက်လိုက်သည်နှင့် ကြက်သွန်မြိတ်နှင့် ကြက်ဥ၏ရနံ့က ပါးစပ်ထဲတွင် စွဲသွားသည်။

ဒါက ဘယ်လိုခံစားချက်မျိုးလဲ?

ပုံမုန် ကြက်သွန်မြိတ်နှင့် ကြက်ဥအကာပါဝင်သည့် ဖက်ထုပ်များပင် အရသာရှိနေပြီးသားဖြစ်သည်။ လခြမ်းတောင်၏ ကြက်သွန်မြိတ်နှင့်ကြက်ဥကို အစာသွတ်လိုက်သည့်အခါတွင် အရသာမှာ ပို၍ပို၍ပင် ထူးကဲကောင်းမွန်လာသည်။

ကောင်းကင်သစ်မွေး၏အကူအညီဖြင့် ပါဝင်ပစ္စည်းများ၏ အရသာကို တိုးမြှင့်ပေးခဲ့သည်။ ဤအရသာမှာ အလွန်ထူးကဲသာလွန်သောကြောင့် လျန်မုန့်ချီသည် ၎င်းကိုဖော်ပြရန် မည်သည့်စကားလုံးအသုံးပြုရမည်ပင် မသိတော့ပေ။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ..." ကျောက်ဒါဟူသည် ဖက်ထုပ်ကိုစားကြည့်လိုက်ပြီးနောက် သူ၏အကြည့်များမှာ မယုံကြည်နိုင်လောက်အောင်သိမ်မွေ့သွားပြီး ညင်သာစွာရေရွတ်လိုက်သည်။

"ဒါက ငါစားဖူးသမျှထဲမှာ အရသာအရှိဆုံးဖက်ထုပ်ပဲ။ အရသာက ဘာနဲ့မှ ယှဉ်လို့မရလောက်အောင်ပဲ"

"တကယ်ကို အံ့ဩတုန်လှုပ်ဖို့ကောင်းတယ်" ကျောက်ဖုန်း၏ ပင်ကိုယ်စရိုက်အရ အခြားသူများကို ချီးကျူးလေ့မရှိသော်လည်း ယခုအချိန်တွင်တော့ အော်ဟစ်မချီးမွမ်းပဲ မနေနိုင်ပေ။

သူတို့သုံးယောက်၏အမူအရာများကို မြင်သည့်အခါ ယူချင်းချင်း၏ဗိုက်မှာ နှစ်ကြိမ်တိုင်တိုင် တဂွီဂွီမြည်သွားသည်။

ကြက်ဥထမင်းကြော်ကို စားနေသည့် အရှိန်ပင် တဖြည်းဖြည်းလျော့သွားသည်။ နောက်ဆုံးတွင် သူမသည်

တဖြည်းဖြည်းရပ်တန့်လိုက်ပြီး ပျော်ရွှင်စွာစားသောက်နေသည့် လူသုံးဦးကို စိတ်အားထက်သန်စွာကြည့်လိုက်သည်။

သူမ၏ စိတ်ထဲတွင် ကြက်သွန်မြိတ်ကို မနှစ်သက်သော်လည်း ထိုသုံးယောက်၏ပံ့ပိုးမှုအောက်တွင် ကျန်းဟန်၏အစားအသောက်များကို သာမန်အသိဖြင့်တိုင်းတာ၍မနိုင်ကြောင်း သူမသဘောပေါက်လာသည်။

ဖြစ်နိုင်တာက သူဌေးရဲ့ကြက်သွန်မြိတ်က ကမ္ဘာပေါ်မှာအကောင်းဆုံးဖြစ်နိုင်တယ်။ သူ့ရဲ့အရသာကလည်း…အရမ်းကောင်းနေရမယ်မဟုတ်လား…

ယူချင်းချင်း၏အကြည့်သည် ထိုသုံးယောက်၏ပန်းကန်ပြားတစ်ဝိုက်ကို ဖြတ်ကျော်သွားပြီးနောက် သူတို့၏အမှုအရာများကို ကြည့်လိုက်သည်။ သူမသည် တမင်သက်သက်ချောင်းဟမ့်လိုက်ပြီး

“မုန့်ချိုး မာမီး ဖက်ထုပ်တွေက အရသာရှိလား”

“အရမ်းအရသာရှိတယ်”

လျန်မုန့်ချိုသည် ဖက်ထုပ်ကိုစားနေရင်း ပလုတ်ပလောင်းဖြင့်ပြန်ပြောသည်။

“အရမ်းလည်းမွှေးတယ်”

ကျောက်ဒါပဲဟူ ထပ်ပြောသည်။

ပြောပြီးနောက် သူတို့နှစ်ယောက်လုံးသည် ပန်းကန်ထဲရှိဖက်ထုပ်ကို ဆက်စားကြသည်။

ဒါလေးပဲ ပြောပြီး ပြီးသွားပြီလား...

ယူချင်းချင်းအနည်းငယ် ကြက်သေသေသွားသည်။

သူမသည် ထိုနှစ်ယောက်ထဲက တစ်ယောက်ယောက် သူမအား ချင်းချင်း တစ်ခုလောက်စားကြည့်ပါလား ဟုပြောမည်ကို စောင့်နေခြင်းဖြစ်သည်။

သို့သော် အဖြစ်မှန်က ရက်စက်လှသည်။ သူတို့၏မျက်လုံးများမှာ သူတို့ရှေ့ရှိ ဖက်ထုပ်များတွင်သာ ရှိနေသည်။

ထို့ကြောင့် ယူချင်းချင်းသည် ကျောက်ဒါဟူအား ဒေါသတကြီးဖြင့်ကြည့်လိုက်သည်။

နင်က ငါ့ကို ဒီလိုပုံစံနဲ့ လိုက်ချင်သေးတာလား! ဟမ့်! ဒီအကောင်က တကယ်ကို အလိုက်ကန်းဆိုးမသိတာပဲ...

"ငါကိုယ်တိုင်ပဲ သွားယူမယ်" ယူချင်းချင်းသည် မတ်တပ်ထရပ်လိုက်ပြီး မီးဖိုချောင်ကောင်တာဆီသို့ သွားလိုက်ရင်း တိုးတိုးလေးရေရွတ်လိုက်သည်။

သူမရှေ့သို့ တစ်လှမ်းသာလှမ်းရသေးသည် လျှန်မုန့်ချီ၏အသံမှာ နောက်ကျောဘက်မှထွက်ပေါ်လာသည်။ "ချင်းချင်း နင် ကြက်သွန်မြိတ်မကြိုက်ဘူးမလား။

နည်းနည်းလောက်မြည်းကြည့်ပြီးရင် ငါ့အတွက်ချန်ထားပေးပါလား”

“သူငယ်ချင်းကောင်းမပီသလိုက်တာ! ဘယ်လောက်ဆိုးလိုက်တဲ့ သူငယ်ချင်းလဲ? သစ္စာမရှိ၊ ညီအစ်မစိတ်ဓာတ်မရှိနဲ့။ ဟွန့် ငါအကုန်လုံးစားပစ်ဦးမယ်”

ယူချင်းချင်းသည် အံကြိတ်လိုက်ပြီး ဖက်ထုပ်များအားလုံးကို သူမ၏ပန်းကန်ထဲသို့ ထည့်လိုက်သည်။

နေရာတွင် ပြန်ထိုင်လိုက်ပြီးနောက် ယူချင်းချင်းသည် ဖက်ထုပ်တစ်ခုကို ကောက်ယူပြီး ကြည့်လိုက်သည်။

ဖက်ထုပ်များမှာ ပုံမှန်ထက် အရွယ်အစားသေးငယ်သည်။ ၎င်းတို့မှာ ရွှေတုံးလေးများနှင့်တူပြီး အလွန်ကြည့်ကောင်းသည်။

အချည်ရည်များကို မတို့ပဲ သူမသည် တစ်ခါတည်းတန်းကိုက်လိုက်သည်။

ထိုအချိန်တွင် ယူချင်းချင်း၏မျက်လုံးများမှာ တဖြည်းဖြည်းပြူးကျယ်လာပြီး နောက်အခိုက်အတန့်တွင် သူမသည် ရှူးသွပ်သည့်အခြေအနေသို့ရောက်ရှိသွားပြီး ဖက်ထုပ်များကို အရူးအမူးစားနေတော့သည်။

တစ်ချိန်တည်းမှာပင် သူမ၏နှလုံးသားထဲတွင် ကျည်ဆန်တစ်သောင်းခန့် ဖြတ်သန်းသွားသကဲ့သို့ ဖြစ်သွားပြန်သည်။

"ကြက်သွန်မြိတ်နဲ့ ကြက်ဥနဲ့ လုပ်ထားတဲ့ ဖက်ထုပ်တွေက အရမ်းအရသာရှိတာပဲ"

"မဟုတ်သေးဘူး မဟုတ်သေးဘူး။ သူဌေးလုပ်ထားတဲ့ အစားအသောက်တွေကမှာ ကြက်သွန်မြိတ်အစစ် နဲ့လုပ်ထားတဲ့ ဖက်ထုပ်လို့ပြောရမှာ"

"အရင်ကစားခဲ့တာတွေက အတုတွေပဲ။ အားလုံးအတုတွေချည်းပဲ! အကုန်လုံး အတုတွေချည်းပဲ!"

"..."

ပြတင်းပေါက်နားရှိ စားပွဲငယ်လေးများတွင်ထိုင်နေသောသူများမှာလည်း သူတို့၏အစားသောက်များကို စားနေရင်း မျက်ခုံးပင့်သွားကြသည်။

သူတို့သည်လည်း ဖက်ထုပ်ကို မြည်းစမ်းကြည့်ချင်နေကြသည်။

ကြက်ဥထမင်းကြော်မှ သူတို့အား ပေးစွမ်းခဲ့သည့် အံ့အားသင့်မှုမှာ အလွန်ပြင်းထန်သည်။

အထူးသဖြင့် စွန်းဒုန်ဟမ်အတွက်ပင်။ သူသည် အရသာဖူးလေးများ၏သွေးဆောင်မှုကို တောင်မခံနိုင်တော့ချေ။ ကျန်းဟန်အား ခေါင်းလှည့်ကြည့်လိုက်ပြီး ပြောလိုက်သည်။

“သူဌေး...ကျွန်တော်လည်း ဖက်ထုပ်စားချင်တယ်”

ထိုအချိန်တွင် သူ၏ရှေ့မှာ မိန်းမလှလေးသည် “စားချင်ရင် သွားယူလိုက်လေ။ ကျွန်မလည်း စားကြည့်ချင်တယ်။ ကြက်ဥထမင်းကြော်ကတင် အရမ်းအရသာရှိနေပြီ ဖက်ထုပ်ကလည်း မွှေးနေမှာ သေချာတယ်”

သို့သော် ကျန်းဟန်၏အဖြေကြောင့် စွန်းဒုန်ဟမ် ခါးသီးစွာပြုံးလိုက်သည်။

“အဖွဲ့ဝင်တွေပဲ စားလို့ရတယ်။ အဖွဲ့ဝင်မဟုတ်သေးတဲ့သူတွေအတွက်တော့ လောလောဆယ် ကြက်ဥထမင်းကြော်နဲ့ နွားနို့ပဲ ရှိတယ်”

“အင်း...”

စွန်းဒုန်ဟမ်သည် အကူအညီမဲ့စွာ ခေါင်းယမ်းလိုက်ရင်း သူ၏အမူအရာမှာ တောင့်တင်းသွားသည်။

"အဖွဲ့ဝင်လား?"

ထိုအချိန်တွင် အတွင်းအကျဆုံးနေရာမှ အမျိုးသမီးသည် ခဏာစဉ်းစားလိုက်ပြီး

"ဒါဆို ကျွန်မကို အဖွဲ့ဝင်တစ်ယောက်ဖြစ်အောင် လုပ်ပေးလို့ရမလား။ ကျွန်မလည်း ဖက်ထုပ်စားချင်တယ်။ အဖွဲ့ဝင်ကြေးက ဘယ်လောက်လဲ"

သူမရောက်လာသည့်အချိန်က ဖုန်းကိုကြည့်နေသဖြင့် စားသောက်ဆိုင်ရှေ့မှ ကြော်ငြာဘုတ်ကို သတိမထားမိခဲ့ပေ။

"ယွမ်တစ်သန်း"

ကျန်းဟန်ခေါင်းပင် လှည့်မကြည့်ဘဲ မထူးမခြားပြန်ဖြေလိုက်သည်။

"ယွမ်တစ်သန်းလား။ ယွမ်တစ်ရာမဟုတ်ဘူးလား" အမျိုးသမီးသည် အံ့သြသွားသည်။ စားသောက်ဆိုင်တစ်ဆိုင်တွင် အဖွဲ့ဝင် မန်ဘာကဒ်တစ်ကဒ်ကို ယွမ်တစ်သန်းတောင်းသည်အား သူမ မကြားဖူးခဲ့ပေ။

-C 61 End

wunzinnosp

## အပိုင်း(၆၂)

“ဟုတ်ပါတယ် မန်ဘာကတ်တစ်ကတ်က တစ်သန်းဆိုတာက ပထမဆုံး ၁၀ ကတ်ပဲရမှာပါ။ နောက်ထပ်ကတ်တွေကိုတော့ တစ်ကတ်ကို ယွမ် ၁၀ သန်းကျလိမ့်မယ်”

ယူချင်းချင်းသည် သူမကို တစ်ချက်ကြည့်လိုက်ပြီး ပြန်ပြောသည်။

“ပြီးတော့ ဖက်ထုပ်တွေအကုန်လုံးက ကုန်သွားပြီ။ မန်ဘာကတ်ရခဲ့ရင်တောင် စားလို့ရတော့မှာမဟုတ်ဘူး။ သူဌေးက ရှင့်အတွက် ထပ်ပြီးလုပ်ပေးမှာမဟုတ်တော့ဘူး”

"အိုး..."

အမျိုးသမီးသည် တခစ်ခစ်ရယ်၍ ခေါင်းယမ်းလိုက်သည်။ သူမသည် မည်သူ့ကိုမျှ လှောင်ပြောင်ရန် ရည်ရွယ်ချက်မရှိဘဲ ကြက်ဥထမင်းကြော်မှာ အလွန်အရသာရှိနေသည်ကို ခံစားမိသောကြောင့်ဖြစ်သည်။ အသင်းဝင်ကတ်မှာ အနည်းငယ်ဈေးကြီးလွန်းနေသည်သာရှိသည်။

ကြက်ဥထမင်းကြော်ကို ဇိမ်ခံပစ္စည်းဟု ပြောနိုင်သည်။ ယွမ် ၃၀၀ သည် အခြားစားသောက်ဆိုင်များတွင် လူနှစ်ယောက်အတွက် ဟင်းလျာ ၄ မျိုးခန့်စားရန် လုံလောက်သည်။ ဤဆိုင်တွင်တော့ ကြက်ဥထမင်းကြော် တစ်ပန်းကန်သာရလိမ့်မည်။

"အိုး မြတ်စွာဘုရား မန်ဘာကတ်တစ်ကတ်ကို ယွမ်တစ်သန်းတောင်လား။ အရမ်း ဈေးကြီးတာပဲ" စွန်းဒေါင်ဟမ်၏နံဘေးရှိ အမျိုးသမီးသည် ပါးစပ်ကိုဟ၍ လျန်မုန့်ချီတို့ဘက်သို့လှမ်းကြည့်လိုက်သည်။

"ဒါဆို သူတို့လေးယောက်လုံးက ဒီမှာ အဖွဲ့ဝင်တွေပေါ့"

"အရမ်းချမ်းသာတာပဲ၊ တစ်သန်းတန် မန်ဘာကတ်ကို မတုံ့မဆိုင်းဝယ်ကြတယ်။ အရမ်းမိုက်တာပဲ"

"ကြက်ဥထမင်းကြော်က အရမ်းအရသာရှိနေတာ၊ ဖက်ထုပ်တွေကလည်း သေချာပေါက် အရသာရှိရမယ်"

"အိုး မဟုတ်သေးဘူး၊ ဒီစားသောက်ဆိုင်က အရမ်းထူးခြားတယ်။ ဒီလို အရသာရှိတဲ့အစားအသောက်တွေကို အဖွဲ့ဝင်တွေပဲ ခံစားခွင့်ရှိတာ စိတ်မကောင်းစရာပဲ"

"…"

အမျိုးသမီး၏အကြင်နာမဲ့စကားများသည် ကြားလိုက်ရသော စွန်းဒုန်ဟမ်အတွက် နှလုံးသားထဲတွင် ရစ်ဝဲနေသည်။

အထူးသဖြင့် သူနှင့်အီစိကလီကောင်မလေးရှေ့တွင် ခပ်မိုက်မိုက်ဟန်ရေးထုတ်ရသည်ကို သဘောကျပေသည်။

သူ၏ခွန်အားကို ထုတ်ပြနိုင်ပါက စိတ်ကူးယဉ်ဆန်သည့် ညတစ်ညကို ခံစားနိုင်ပေမည်။

သို့သော် လက်ရှိအချိန်တွင် အနည်းငယ် ရင်နာသွားရသည်။

အရသာရှိသော အစားအသောက်များကို စားရန် ကောင်မလေးကို ဤနေရာသို့ ခေါ်ဆောင်လာသော်လည်း နောက်ဆုံးတွင် အစားအသောက်၏အရသာနှင့် မန်ဘာကတ်ရှိသော အခြားသူများ၏ သူရဲကောင်းဆန်မှုကြောင့် မိန်းကလေး အံ့သြသွားခဲ့သည်။ သူမ မေ့သွားသည့် တစ်ခုတည်းသောအရာမှာ သူသည် သူမကို ဤနေရာသို့ ခေါ်ဆောင်လာသူဖြစ်ပြီး သူသည် ငွေရှင်းသည့်သူဖြစ်သည်ကိုပင်။

မိုးကောင်းကင် ငါက နည်းနည်းလေးမှ အရေးမပါဘူးလို့ ဘာလို့ခံစားနေရတာလဲ...

စွန်းဒုန်ဟမ် စိတ်ထဲတွင် ဝမ်းနည်းပူဆွေးစွာ အော်ဟစ်နေခဲ့သည်။

တစ်ချိန်တည်းမှာပင် ဤစားသောက်ဆိုင်၏ မန်ဘာကတ်တစ်ခုရှိခဲ့လျှင် တစ်ချိန်လုံးထုတ်ကြွားနေပစ်မည်ဟု စိတ်ထဲကြိမ်းဝါးလိုက်သည်။

လူတိုင်းသည် အရသာရှိသည့်ကြက်ဥထမင်းကြော်အကြောင်းကို ပြောနေကြသည်။ သို့သော်လည်း အခြားစားသောက်ဖွယ်ရာများကို မြင်တွေ့ပြီးနောက် မြည်းစမ်းကြည့်ချင်သည့်အခါတွင် အဖွဲ့ဝင်များသာ တတ်နိုင်သည်။

စွန်းဒုန်ဟမ်သည် အကယ်၍ သူ့တွင်သာ မန်ဘာကတ်ရှိခဲ့လျှင် ဟု စဉ်းစားလိုက်သည်။ ၎င်းမှာ ဟိတ်ဟန်ထုတ်ခြင်း၏အမြင့်ဆုံးအဆင့်ဟု ဆိုနိုင်သည်။

အဖွဲ့ဝင်တစ်ဦးအနေဖြင့် သူသည် အဖွဲ့ဝင်များသာ စားနိုင်သော အစားအသောက်များကို စားရန် မိန်းကလေးတစ်ယောက်ကို ဤဆိုင်သို့ ခေါ်ဆောင်လာသည်ကို မြင်ယောင်ကြည့်သည်။ အခြားသူများ၏ မနာလိုအားကျသောမျက်လုံးများကို ကြည့်ပြီး "ချီး..." ၎င်းကို တွေးကြည့်ရုံနှင့်ပင် စွန်းဒေါင်ဟူသည် ကြက်သီးများပင်ထသွားသလို ခံစားလိုက်ရသည်။

ငါမန်ဘာကတ်တစ်ကတ်လောက် ဝယ်လိုက်ယ်ဆိုရင်ရော...

ရုတ်တရက် စွန်းဒေါင်ဟမ်၏စိတ်ထဲတွင် ထိုအတွေးပေါ်လာပြီး သူ၏အတွေးမှာ ပို၍ပို၍ ပြင်းပြလာခဲ့သည်။

ဒါပေမဲ့ ငါ့မှာ ပိုက်ဆံအများကြီးမရှိဘူး။ ငါဘာလုပ်ရင်ကောင်းမလဲ....ဟုတ်ပြီ....ငါ အမေ့ကို ထမင်းစားဖို့ခေါ်လာရမယ်။ သူကြက်ဥထမင်းကြော်ကို

မြည်းကြည့်ပြီးရင် ငါ့ကို မန်ဘာကတ် သေချာပေါက် ပေးမှာပဲ။ ဟားဟား...ဒါပဲကွ။ Lion နဲ့ဆို...အဲ့မှားလို့...ကြက်ဥထမင်းကြော်တစ်ပန်းကန်နဲ့ဆို ဘာမဆိုဖြစ်နိုင်တယ်ကွာ...

စွန်းဒုန်ဟမ်၏စိတ်ထဲတွင် အတွေးတစ်ခုဝင်လာပြီးနောက် သူ၏မျက်လုံးများမှာ တောက်ပလာသည်။

စားပွဲ၏အခြားတစ်ဖက်တွင် လူသုံးယောက်မှာ ဖက်ထုပ်များကို လုစားရန်ပြင်နေကြပြီဖြစ်သည်။

လျန်မုန့်ချီသည် ယူချင်းချင်း၏ပန်းကန်ပေါ်တွင် ဖက်ထုပ်များအားလုံးထည့်လိုက်သည်ကို သတိပြုမိပြီးနောက် သူမ၏ မိန်းမပျိုလေးဆိုသည့် အသွင်အပြင်ကိုပင် ဂရုမစိုက်တော့ဘဲ ယူချင်းချင်း၏ပန်းကန်ဆီသို့ သူမ၏တူကို လှမ်းလိုက်သည်။

ကျောက်ဒါပဟူသည်တော့ တိတ်တိတ်ဆိတ်ဆိတ် ဂရုစိုက်စွာဖြင့် တူများကို လှမ်းလိုက်သည်။

“နင်ဘာလုပ်တာလဲ! နင်ဘာလုပ်တာလဲ!” ယူချင်းချင်းသည် ပန်းကန်ပြားကို လက်ထဲတွင် ပွေ့ဖက်လိုက်ပြီး

“နင်တို့ လာမလုကြတာ ပိုကောင်းမယ်နော်။ ငါပြောလိုက်မယ် ငါနောက်ဆုံးတော့ ကြက်သွန်မြိတ်စားနိုင်ပြီ နင်တို့လာလုလို့မရတော့ဘူး”

“ချင်းချင်း ငါမဝသေးလို့ပါ။ ချင်းချင်း ငါ့ကို နည်းနည်းလောက်ကျွေးပါလား…နော်နော်…နော်လို့” သူမ ဆွဲ၍မမိလိုက်သည်ကို တွေ့လိုက်ရသဖြင့် လျန်မုန့်ချီသည် သူမ၏ချိုမြိန်သော အသံလေးဖြင့် အလျှင်အမြန် အသနားခံလိုက်သည်။

သူမ၏ ညုတုတုအကြည့်က ကျောက်ဖုန်း၏မျက်လုံးများအား ရင်သပ်ရှုမောသွားစေသည်။

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ထိတွေ့ဆက်ဆံမှုရှိလေလေ လျန်မုန့်ချီသည်

သူ၏နှလုံးသားထဲရှိ သင့်တော်သည့်မိန်းကလေးနှင့် အလွန်နီးစပ်ကြောင်း သူနားလည်လေလေဖြစ်သည်။ နီးစပ်သည်ဟု မဖော်ပြနိုင်လျှင်ပင် သူမသည် သင့်တော်သည့်မိန်းကလေးဖြစ်ဟု ဆိုနိုင်သည်။

ယူချင်းချင်းအတွက်တော့ သူမသည် လျန်မုန့်ချီ၏ ညုတုတုလုပ်ရပ်များကို တောင့်မခံနိုင်တော့ဘဲ "ကောင်းပြီ ကောင်းပြီ ငါ နင့်ကို နည်းနည်းလောက် ပေးမယ် ဟုတ်ပြီလား"

သူမသည် လျန်မုန့်ချီ၏ပန်းကန်ထဲသို့ ဖက်ထုပ်သုံးပုံတစ်ပုံကို ခွဲပေးလိုက်သည်။ မျှော်လင့်ချက်အပြည့်ဖြင့် ကြည့်နေသည့် ကျောက်ဒါဟူကိုတွေ့လိုက်ရသည့်အခါ ယူချင်းချင်းသည် သူ့အား ငါးခုသာ ပေးလိုက်သည်။

ထိုမျှဖြင့်ပင် ကျောက်ဒါဟူအား အလွန်ပျော်ရွှင်သွားစေသည်။

စားသောက်ပြီးသောအခါ လျန်မုန့်ချီနှင့် အခြားသူများသည် ငွေရှာရန် သွားကြသည်။

“သူဌေး ဖက်ထုပ်က ဘယ်လောက်လဲ” လျန်မုန့်ချီ ပြုံး၍မေးလိုက်သည်။

“အဓိကမီနူးတွေအားလုံးက ဈေးအတူတူပဲ” ကျန်းဟန်ပြန်ပြောလိုက်သည်။

“ဒါဆို တစ်ပွဲကို သုံးရာပေါ့” လျန်မုန့်ချီ အနည်းငယ်အံ့အားသင့်သွားပြီးနောက် လျှာလေးကို ထုတ်လိုက်ပြီး “မှတ်မိသလောက် ကျွန်မတို့ အဓိကမီနူးတွေပဲ စားတာ။ သူဌေးချက်ထားတဲ့ အစားအသောက်တွေက အရမ်းအရမ်းအရသာရှိတယ်။ ကျွန်မ အဲဒါတွေကို သေလောက်အောင် ချစ်သွားပြီ”

လျန်မုန့်ချီသည် မူလက “ကျွန်မရှင့်ကို သေလောက်အောင် ချစ်သွားပြီ” ဟု ပြောလိုက်ချင်သော်လည်း

နိုးနိုးကြားကြားရှိနေသည့်မင်းသမီးလေးမှာ သူမအား သတိကြီးစွာလှမ်းကြည့်နေသည်ကို တွေ့လိုက်ရသည်။

မုန့်မုန့်၏ ကြည်လင်သည့်မျက်လုံးများက သူမ၏စကားများကို အချိန်မတိုင်မီ အဆုံးသတ်သွားစေသည်။

"အဲ့ဒါဆို ကြက်ဥထမင်းကြော်တစ်ပွဲ၊ ဖက်ထုပ် ၂ ပွဲ နဲ့ နွားနို့ နှစ်ခွက် ဆိုတော့ အားလုံးပေါင်း ယွမ် ၁၁၀၀" လျန်မုန့်ချီ ပိုက်ဆံရှင်းလိုက်သည်။

ယူချင်းချင်း၊ ကျောက်ဒါဟူနှင့် ကျောက်ဖုန်းတို့သည်လည်း ၎င်းတို့စားထားသည်များကို ပိုက်ဆံရှင်းကြသည်။ မူလက လျန်မုန့်ချီနှင့်အခြားနှစ်ယောက်တို့သည် တစ်ယောက်နှင့်တစ်ယောက်ဆက်ဆံရေးကောင်းမွန်ကြသည်။ သို့သော် သူတို့ ဤဆိုင်သို့ ခဏခဏလာစားရန် ဆုံးဖြတ်ပြီးနောက်တွင်တော့ ကုန်ကျစရိတ်မျှခံသည်က ပို၍ကောင်းလိမ့်မည်ထင်သည်။ မဟုတ်ပါက မွဲတေသွားပေမည်။

“အောင် ဟုတ်သားပဲ။ မန်ဘာကတ်တွေ လုပ်ပြီးသွားပြီ။ ငါမင်းတို့ကို ပေးရဦးမယ်”

လျှန်မုန့်ချီနှင့်အခြားသူများသည် ပန်းကန်ခွက်ယောက်များကို ဆေးကြောနေသည့်အချိန် ကျွန်းဟန်သည် ထိုသို့ပြောလိုက်ပြီး အံဆွဲထဲမှ မန်ဘာကတ်များကို ထုတ်ယူလိုက်သည်။

“ကျွန်မက နံပါတ်တစ် ကျွန်မက နံပါတ်တစ်” လျှန်မုန့်ချီသည် ကမန်းကတန်းပြောလိုက်သည်။

အဖွဲ့ဝင်ကတ်ကို ကောက်ကိုင်လိုက်သည့်အခါ သူမထိတ်လန့်အံ့သြသွားပြီး ဂရုတစိုက်ဖြင့်ကြည့်လိုက်သည်။

“ဝိုး…သူဌေး ပိုက်ဆံနည်းနည်းသုံးထားမှာ သေချာတယ်။ စာလုံးတွေကို စိန်နဲ့အလှဆင်ထားတယ်”

တစ်ချက်ကြည့်လိုက်ရုံဖြင့် အဖွဲ့ဝင်ကတ်၏ သုံးထားသော ပစ္စည်းများကို သူမပြောပြနိုင်သည်။ သူမသည် တန်ဖိုးကြီး

ကျောက်မျက်ရတနာ အကဲဖြတ်သူဖြစ်ပြီး ထိုနယ်ပယ်တွင်မှ အလွန်ကျွမ်းကျင်မှုမြင့်မားသူ တစ်ဦးဖြစ်သည်။

လျှန်မုန့်ချီသည် အဖွဲ့ဝင်ကတ်ကို သူမ၏ပိုက်ဆံအိတ်ထဲသို့ အသေအချာထည့်လိုက်သည်။ ကတ်ပေါ်ရှိ ပစ္စည်းများကြောင့်မဟုတ်ဘဲ ကတ်မှာ ယွမ် ၄၀၀၀၀ မှ ၆၀၀၀၀ ဝန်ကျင်သာရှိကြောင်း တစ်ချက်ကြည့်လိုက်ရုံဖြင့် သိသည်။ အဓိကအချက်မှာ အလှဆင်ထားသည့် စိန်လေးကြောင့်ဖြစ်သည်။

အဖွဲ့ဝင်ကတ်သည် အလွန်အဖိုးတန်သည်ဟု သူမခံစားမိသောကြောင့် အလွန်သတိထားနေခဲ့သည်။

ကတ်၏ဈေးနှုန်းကြောင့် မဟုတ်ဘဲ ဤဆိုင်မှ အထူးဟင်းလျာ အရသာများကို စားနိုင်သည့် လက်မှတ်ဖြစ်သောကြောင့်ဖြစ်သည်။

ကျန်သုံးယောက်မှာလည်း သူတို့၏အဖွဲ့ဝင်ကတ်များကို လက်ခံရရှိကြသည်။ ယူချင်းချင်းသည် ဒုတိယအဖွဲ့ဝင်ဖြစ်ပြီး

ကျောက်ဒါဟူသည် တတိယဖြစ်၍ ကျောက်ဖုန်းမှာ စတုတ္ထဖြစ်သည်။

အဖွဲ့ဝင်ကတ်များကို ကိုင်ဆောင်ကာ ကြည့်နူးခဲ့ကြသော်လည်း မဝေးတော့သည့်အနာဂတ်တွင် မုန့်မုန့်၏အပန်းဖြေရာစားသောက်ဆိုင်သည် ကမ္ဘာပေါ်တွင် နံပါတ်တစ် စားသောက်ဆိုင်ဖြစ်လာမည်ကိုတော့ မည်သူမှ မထင်ထားခဲ့ကြပေ။ စားသောက်ဆိုင်၏ အဖွဲ့ဝင်ကတ်တိုင်းကို အလွန်မြင့်မားသော ကိန်းဂဏန်းဖြင့် လေလံတင်ရောင်းချကြမည်ဖြစ်သည်။

အဖွဲ့ဝင်ကတ်များကို လက်ခံရရှိသောအခါ သူမ၏စိတ်ထဲတွင် ပျော်ရွှင်မှုအပြည့်ဖြစ်သွားသော်လည်း ယူချင်းချင်းသည် အနည်းငယ် အံ့သြသွားပြီး အလွန်သိချင်စိတ်ပြင်းပြစွာဖြင့် မေးလိုက်သည်။

"သူဌေး အဖွဲ့ဝင်ကတ်မှာ ဘာလို့ဖုန်းနံပါတ်မပါတာလဲ"

"ဘာအတွက် ဖုန်းနံပါတ်လိုချင်ရတာလဲ" ကျန်းဟန် ခေါင်းအနည်းငယ်ယမ်းလိုက်ပြီး "ဆိုင်ဖွင့်ချိန်က သတ်မှတ်ပြီးသွားပြီ၊ စားသောက်ဆိုင်မှာ ကြိုတင်စာရင်းပေးတာကို လက်မခံတဲ့အတွက် ဖုန်းနံပါတ်ပေးထားစရာ မလိုပါဘူး"

"အိုး..အဲဒါဟုတ်တယ်" ယူချင်းချင်း သဘောပေါက်သွားပြီး ကျန်းဟန်အား ရှုပ်ထွေးသည့်အကြည့်ဖြင့်ကြည့်လိုက်သည်။

အခြားစားသောက်ဆိုင်များတွင် ကြိုတင်မှာယူမှုအမျိုးမျိုးကို လက်ခံနိုင်ကြသည်။ သို့သော် ဤစားသောက်ဆိုင်တွင် ချက်ပြုတ်သည့်အချိန်မှာ အလွန်တိုတောင်းသည်။

သူ့ငွေးမှာလည်း ဘာကိုမှ ဂရုမစိုက်သည့်ဟန်ရှိသည်။ သို့သော် လာသမျှလူတိုင်းမှာ လက်ခံယုံကြည်ကြသည်။

သူတို့၏ပန်းကန်ခွက်ယောက်များကို ဆေးကြောနေစဉ် စွန်းဒုန်ဟမ်နှင့် မျက်နှာချင်းဆိုင်ရှိ မိန်းကလေးသည် ခေါင်းခါ၍ သက်ပြင်းချလိုက်ကာ "ဒီအဖွဲ့ဝင်ကတ်က အရမ်းအဆင့်အတန်းမြင့်တယ်။ အဲဒါက စိန်အစစ်နဲ့လုပ်ထားတာပဲ။ အရမ်းလှတယ်။ ဒါ ပထမဆုံးအကြိမ် ဒီလိုမျိုး အဖွဲ့ဝင်ကတ်တစ်ခုကို တွေ့ဖူးတာပဲ"

"အိုး...တကယ်ပဲလား" စွန်းဒုန်ဟမ်သည် အတင်းအကြပ် ပြုံးလိုက်ပြီး "ကြည့်ရတာ အရမ်းမိုက်တယ်။ တကယ်ကို အရမ်းအရမ်းကောင်းတယ်..."

စွန်းဒုန်ဟမ်သည် အဖွဲ့ဝင်များသာ စားနိုင်သော ဟင်းလျာများကို စားချင်နေသည်။ မနေ့က အိမ်ချက်လက်ရာ၊ ယနေ့ ဖက်ထုပ်၊ မနက်ဖြန် ဘာဖြစ်မလဲဆိုသည်ကို မည်သူမှမသိကြချေ။

တစ်ဖက်မှ မိန်းကလေး၏ အာမေဋ္ဌိတ်သံသည် ရမ္မက်နိုးကြွစေသည့် ဆေးဝါးနှင့်တူနေသောကြောင့် စွန်းဒုန်ဟမ်သည် ၎င်းကို ကြာကြာတောင့်မခံနိုင်တော့ချေ။ သူသည် ယနေ့ည အိမ်ပြန်ရောက်သည့်အခါ မည်သို့ပြောရမည်ကို စဉ်းစားရင်း သူ၏အဖွဲ့ဝင်ကတ်ကို အမြန်ဝယ်ချင်နေသည်။

ညှော်သည်များတစ်ယောက်ပြီး တစ်ယောက် ထွက်ခွာသွားကာ ချီးကျူးသံများ ကျန်ရစ်နေခဲ့သည်။

ကျန်းဟန်သည် ရရှိခဲ့သည့် ပိုက်ဆံများကို ရေတွက်မနေဘဲ ယွမ် ၁၀၀ တန် ငွေစက္ကူ၏ အထူကိုကြည့်ခြင်းဖြင့် ၇၀၀၀ မှ ၈၀၀၀ ခန့်အထိ ရှိသည်ဟု ပြောနိုင်သည်။

ညှော်သည်အသစ်အနည်းငယ်မှာ စောစောထွက်ခွာသွားကြပြီးနောက် နောက်ထပ် ၃ ယောက်မှာလည်း တစ်ယောက်ပြီးတစ်ယောက်ဝင်လာကြကာ

ကြက်ဥထမင်းကြော်ကို ဝယ်စားကြသည်။ နောက်မှရောက်လာသူများအတွက် စားစရာပင် ပြတ်တောက်သွားသည်။

ထို့အပြင် ထွက်ခွာသွားသည့် လူများ၏အကြည့်များအရ ကြက်ဥထမင်းကြော်ကို လုံးလုံးအရှုံးပေးလိုက်ရသည်မှာ ထင်ရှားသည်။ စားသောက်ဆိုင်သည် မကြာမီ လူစည်ကားလာတော့မည် ထင်ပေသည်။

ဘေးခြံရှိ စီချွမ်စားသောက်ဆိုင်တွင်။

တံခါးရှေ့ရှိ မန်နေဂျာသည် ကျန်းဟန်၏စားသောက်ဆိုင်မှ ထွက်ခွာသွားသောလူများကို ကြည့်နေရင်း မျက်မှောင်ကြုတ်လိုက်သည်။

"အစားအသောက်တွေက ဒီလောက်ဈေးကြီးတာကို ညွှဲ့သည်တွေက ဘာလို့ရှိနေသေးတာလဲ"

"အဲဒီလူတွေ တစ်နေ့ကို သုံးနပ်တောင် လာစားတဲ့ပုံပဲ"

“ဘာတွေဖြစ်နေတာလဲ”

မန်နေဂျာသည် အခြေအနေကို နားမလည်နိုင်ဖြစ်နေသည်။ ကြက်ဥထမင်းကြော်တစ်ပွဲ ၃၀ ယွမ် သာရှိလျှင် သူနားလည်ပေးနိုင်သေးသည်။ သို့သော်လည်း ကြက်ဥထမင်းကြော်တစ်ပွဲကို ယွမ် ၃၀၀ ဆိုလျှင် သူ၏စားသောက်ဆိုင်တွင် အသင့်အတင့် ဟင်းသုံးမျိုးပင် စားနိုင်သော်လည်း ထိုဆိုင်မှ ကြက်ဥထမင်းကြော်ကိုသာ သွားစားမည့်သူများရှိနေသေးသည်။

“အဲဒီက အစားအသောက်တွေက တကယ်ထူးခြားတာလား။ သူတို့ရဲ့ အမူအရာတွေကြည့်ရတာ လှည့်ကွက်တစ်ချို့ရှိတဲ့ပုံပဲ။ တစ်ပွဲကို ယွမ် ၃၀၀ ဆိုတော့ ငါ နောက်နေ့ သွား စမ်းကြည့်သင့်တယ်”

မန်နေဂျာသည် တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

ကျန်းဟန်သည် မူလက ဆိုဖာပေါ်တွင် မုန့်မုန့်နှင့် ကစားနေသော်လည်း ကျောက်ဒါဟူ နှင့် ကျောက်ဖုန်းသည် ထမင်းစားခန်းကို သန့်ရှင်းရေးလုပ်နေပြီကို တွေ့လိုက်သည်။

ကျန်းဟန် အနည်းငယ် ပြုံးလိုက်ပြီး ကျန်းဟန်၏အလုပ်များကို တိတ်တဆိတ်ကူညီပေးနေသည့် သူတို့နှစ်ဦးကဲ့သို့သူများမှာ ကျန်းဟန်၏မျက်လုံးထဲတွင် လေးစားဖွယ်ကောင်းသည်ဟု ယူဆသည်။

တစ်ယောက်ယောက်က ငါ့ကို ကူညီရင် ငါက သူတို့ကို ပိုပြီးကူညီမယ်...

ထို့ကြောင့် သူတို့သည် စားသောက်ဆိုင်တွင် ပို၍ ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ်နေနိုင်ခဲ့ကြပြီး ကျန်းဟန်သည် မည်သို့မျှ ပြောဆိုခြင်းမရှိခဲ့ပေ။

စားသောက်ဆိုင်ကို လှည့်ပတ်ကြည့်လိုက်သည်။ ပျောက်ကွယ်သွားသည့် ပစ္စည်းအချို့မှလွဲ၍ နံရံပေါ်ရှိ ခေတ်ပုံဘောင်များမှာ မပြောင်းမလဲပင်ရှိသေးသည်။

မီးဖိုချောင်နံရံတစ်ဖက်တွင် ခေါက်ပုံဘောင်ခြောက်ခုနှင့် စန္ဒယား၏ဦးတည်ရာဘက်တွင် ခေါက်ပုံဘောင် ရှစ်ခုရှိသည်။

"မုန့်မုန့် နေ့လည်ကျရင် ခေါက်ပုံသွားရိုက်ကြမလား" ကျန်းဟန်ပြုံး၍ ပြောလိုက်သည်။

"အမ်"

မုန့်မုန့် ကြောင်သွားပြီးနောက်တွင် အခြေအနေကိုနားလည်သွားကာ အလွန်ပျော်ရွှင်သွားသည်။ သူမ၏လက်ထဲရှိ အရုပ်ကို ချက်ချင်းချလိုက်ပြီး လက်သေးသေးလေးကို မြှောက်ကာ ပြောလိုက်သည်။ "ကောင်းတယ် ကောင်းတယ် ခေါက်ပုံသွားရိုက်ကြမယ်"

မိန်းကလေးများသည် အလှအပကို ချစ်မြတ်နိုးသည့်စိတ်ဖြင့် မွေးဖွားလာခဲ့ကြသည်မှာ အသေအချာပင်ဖြစ်ပြီး မုန့်မုန့်သည် ချွင်းချက်မဟုတ်ပေ။ ထို့အပြင် ကျန်းဟန်နှင့် သူမလေး မတွေ့မီက သူမသည် အလွန့်အလွန် အလွန် လှပလွန်းလှသည်။

သို့သော်လည်း ကျန်းဟန်နှင့်အတူနေထိုင်ပြီး မကြာမီတွင်ပင် ဧယန် ၃ နှစ်ကျော် ကြိုးစားအားထုတ်၍ သင်ကြားပေးခဲ့သော နူးညံ့သိမ်မွေ့သည့် မိန်းမပျိုလေး၏ပုံရိပ်ကို ဖြိုခွဲပစ်လိုက်သည်။

ကျန်းဟန်၏စကားအရ “မင်းက ဘယ်လိုမိန်းကလေးမျိုးလဲ။ ဟန်ယန်အင်မော်တယ်ဧကရာဇ်ရဲ့ သမီးတော် ဖြစ်တဲ့အတွက် သဘာဝကျကျပဲ ကမ္ဘာကြီးကို နှိမ့်ချကြည့်နိုင်တဲ့ အရှိန်အဝါတွေ ရှိရမယ်” ဟူ၍ပင်ဖြစ်သည်။

ကျန်းဟန်သည် မုန့်မုန့်ကို လခြမ်းပင်လယ်ကွေ့ရှိ ခေတ်ပုံစတူဒီယိုတစ်ခုသို့ ခေါ်ဆောင်သွားသည်။

“ကြိုဆိုပါတယ် ဆရာ” ဝန်ထမ်းတစ်ယောက်ရောက်လာပြီး အပြုံးလေးဖြင့် နှုတ်ဆက်လိုက်သည်။

“မိသားစု ခေတ်ပုံရိုက်ချင်လို့လားဆရာ”

"ဟုတ်ပါတယ်"

ကျန်းဟန်ခေါင်းညိတ်လိုက်ပြီး "ဓာတ်ပုံ ၁၄ ပုံရိုက်ချင်တယ်။ ဘောင်က 600 x 800"

"ဟုတ်ကဲ့ပါရှင့် ၊ ကျွန်မတို့ရဲ့ ဝန်ဆောင်မှု ပက်ကေ့ချ်နဲ့ မိတ်ဆက်ပေးပါရစေရှင့်..."

မိန်းကလေးသည် မိတ်ဆက်ပေးချင်သော်လည်း ကျန်းဟန်က ခေါင်းညိတ်လိုက်ပြီး "မိတ်ဆက်ဖို့မလိုတော့ပါဘူး။ ငါ အကောင်းဆုံးကို လိုချင်တယ်။ ဈေးက အရေးမကြီးဘူး"

-C 62 End

wunzinnosp

## အပိုင်း(၆၃)

"ရပါတယ် ရပါတယ်... ဆရာ ဒီဘက်ကို ကြွပါရှင့်။ ကျေးဇူးပြုပြီး ဒုတိယထပ်ကို တက်ခဲ့ပေးပါ" ကျန်းဟန်၏စကားကို ကြားသည့်အခါ ဖောက်သည်ကြီးကြီးတစ်ယောက်ရောက်လာပြီ ဖြစ်ကြောင်း မိန်းကလေးသိလိုက်သည်။ ထို့ကြောင့် ကျန်းဟန်အား ဒုတိယထပ်သို့ နွေးထွေးသည့်အပြုံးဖြင့် ကြိုဆိုလိုက်သည်။

"ဆရာ့ရဲ့ သမီးက အရမ်းလှတာပဲ။ သူမရဲ့ဆံပင်လေးကို သပ်သပ်ရပ်ရပ်စည်းထားရင် ပိုကောင်းမယ်ထင်တယ်" ထိုမိန်းကလေးသည် မုန့်မုန့်ကို ကြည့်လိုက်ပြီး မျက်လုံးများတောက်ပလာသည်။

မုန့်မုန့်သည် သူနှင့်အတူရှိနေသည့်ကာလတွင် သူမလေး၏ဆံပင်ကို သဘာဝအတိုင်းပင် အမြဲထားခဲ့သည်။ ကမ်းခြေသို့ သွားခဲ့သည့်အချိန်ကသာ မုန့်မုန့်ကို မြင်းမြီးဆံပင်ပုံစံ စည်းပေးခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ မုန့်မုန့်၏လှပသော မျက်နှာလေးနှင့် ပုံမှန်မဆန်သော ဆံပင်ပုံစံကို ထိန်းထားနိုင်ခဲ့သည်။

ကမ္ဘာပေါ်တွင် အကျည်းတန်သည့် ဆံပင်ပုံစံများမရှိသော်လည်း ၎င်းတို့ဆံပင်ပုံစံကို ရုပ်ရည်ဖြင့် ထိန်းမထားနိုင်သူများသာ ရှိသည်။ အချို့သူများသည် ဆံပင်အရှည်ပင်ဖြစ်ဖြစ် ဆံပင်အတိုပင်ဖြစ်စေ အလွန်ကြည့်ကောင်းကြသည်။

အချို့သောသူများသည် ဆံပင်ကောက်ခြင်း၊ သို့မဟုတ် ဆံပင်ဖြောင့်ခြင်း ကဲ့သို့သော ဆံပင်ပုံစံများစွာနှင့် လိုက်ဖက်ခြင်းမရှိပေ။ သူတို့တွင် ဆံပင်ပုံစံအသစ်ပြောင်းပေးလိုက်ပါက မည်သူနှင့်တူသွားမည်နည်း။ ထိပ်ပြောင်သောသူအား ဆံပင်အတုပေးသကဲ့သို့ပင်။

မုန့်မုန့်သည်တော့ မျက်နှာမှာ အလွန်ကြည့်ကောင်းပြီး ဆံပင်ပုံစံများအားလုံးကို ရုပ်ကလေးဖြင့်ထိန်းထားနိုင်သည့်အတွက် စတူဒီယိုဝန်ထမ်းများကို လွယ်ကူသွားစေသည်။

“ဒါပေါ့။ ငါ့သမီးက အရမ်းလှတယ်။ သူ့ဆံပင်ပုံစံကို ကြည့်ပါဦး” ကျန်းဟန် ရယ်မောလိုက်သည်။

ချီးကျူးမှုကို ခံယူရသည့်အခါ သဘာဝအတိုင်းပင် မုန့်မုန့်သည် ပျော်ရွှင်နေပြီး သူမလေးသည် သီချင်းတစ်ပုဒ်ကိုပင် ညည်းလိုက်သေးသည်။ နေ့လည်ခင်းတွင်တော့ မုန့်မုန့်၏ဆံပင်ပုံစံမှာ အလွန်ပြောင်းလဲသွားပြီး သူမလေး၏ တစ်ဦးတည်းဓာတ်ပုံ ၁၀ ပုံရိုက်ခဲ့သည်။

အချို့မှာ ဒေါသထွက်နေသည့်ပုံ၊ အချို့မှာ ပျော်နေသည့်ပုံ၊ အချို့မှာ ချစ်ဖို့ကောင်းစွာဖြင့်နှုတ်ခမ်းလေးစူနေသည့်ပုံ၊

အချို့ပုံများဆိုလျှင် ရွှေငါးပါးစပ်လေးကဲ့သို့ လုပ်ရင်း မျက်လုံးလေးတစ်ဖက်ပင် မှိတ်ထားသေးသည်။

ခတ်ပုံဆရာသည် အနုပညာကိုချစ်မြတ်နိုးသူဖြစ်သောကြောင့် မုန့်မုန့်အား သူမလေးငိုတော့မည်ကဲ့သို့ အမူအရာကိုပင် သရုပ်ဆောင်စေချင်ခဲ့ပြီး ထိုပုံများမှာ ကြည့်မိသည့်လူများ၏စိတ်နှလုံးကို ထိခိုက်သွားစေမည်ဟု သူ၏စိတ်ထဲတွင် အသေအချာပင်ယုံကြည်မိသည်။

ထို့ကြောင့် သူသည် ထိုအကြံဉာဏ်ပေးလိုက်သည်။

“သမီးက ငိုတော့မယ်လို့ ဘယ်လိုဟန်ဆောင်ရမှာလဲ” မုန့်မုန့်သည် သူမလေး၏ဝိုင်းစက်ကြည်လင်သည့်မျက်လုံးကြီးများကို ပုတ်ခတ်ပုတ်ခတ်ဖြင့် စူးစမ်းလိုစွာ မေးသည်။

ကျန်းဟန်သည် ထိုစကားကိုကြားသည့်အခါ ချက်ချင်းပင် ခတ်ပုံဆရာကို စိုက်ကြည့်လိုက်ပြီး ပြန်ပြောသည်။

"မင်းဘာတွေပြောနေတာလဲ။ အဲလိုမျိုးပုံတွေ မရိုက်နဲ့"

ကင်မရာသမား၏အမူအရာမှာ အေးခဲသွားသည်။ သူသည် အလျင်အမြန်ပြုံးပြလိုက်ပြီး ကျန်းဟန်နှင့် မုန့်မုန့်တို့၏ ဓာတ်ပုံများကို စတင်ရိုက်ယူလိုက်သည်။

မုန့်မုန့်သည် ဂုတ်ပေါ်တွင် ခွစီးနေသည့်ပုံတစ်ပုံပါရှိသည်။ မုန့်မုန့်သည် ကျန်းဟန်၏လည်ဂုတ်ပေါ်တွင် ခွစီးကာ လက်နှစ်ဖက်ကို မြှောက်၍ ပျော်ရွှင်နေသော မျက်နှာလေးကို ထင်ဟပ်နေစေခဲ့သည်။ သူမ၏အောက်ရှိ ကျန်းဟန်သည်လည်း မည်သူမဆို မြင်တွေ့နိုင်သည့် အပြုံးတစ်ခုရှိနေခဲ့သည်။

မုန့်မုန့်သည် ဖေဖေ၏ ပါးကို နီးကပ်စွာနမ်းနေသည့်ပုံ၊ မုန့်မုန့်သည် သူ၏ရင်ခွင်ထဲတွင် ခိုနေသည့်ပုံနှင့် သူ၏လက်ကို သူမလေး၏လက်ကလေးများဖြင့် ဆုပ်ကိုင်ထားသည့်ပုံ စသည့်ပုံများလည်း ရှိပေသည်။

ခေတ်ပုံရိုက်ပြီးနောက် ကင်မရာသမားသည် ကျန်းဟန်၏ ဝီချက်ကို အပ်လိုက်ပြီး ခေတ်ပုံအား ယနေ့ညတွင် ကူးပြီးပါက မနက်ဖြန်တွင် စားသောက်ဆိုင်သို့ ပို့ပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ကျန်းဟန်သည် ငွေရှင်းရန် အောက်ထပ်သို့ဆင်းသွားပြီးနောက် တစ်ခါတည်းထွက်ခွာသွားခဲ့သည်။ သူထွက်မလာခင်တွင် ခေတ်ပုံဆရာသည် သူ့အား ချီးကျူးလိုက်သေးသည်။

"ဆရာနဲ့ ဆရာ့သမီးရဲ့ပုံတွေက ကျွန်တော်ရိုက်ခဲ့ဖူးသမျှထဲမှာ အလှပဆုံးနဲ့ အနွေးထွေးဆုံးခေတ်ပုံတွေပဲ..."

ချီးကျူးမှုကို ကြားသည့်အခါ ကျန်းဟန် ပေါ့ပေါ့ပါးပါးပင် ပြုံးလိုက်သည်။

ကားပေါ်သို့ရောက်သည့်အခါ ကျန်းဟန်၏ဖုန်းမှ မြည်လာခဲ့သည်။ ဖုန်းကို ထုတ်ကြည့်လိုက်သည့်အခါ ကျန်းလီခေါ်သည်ကို တွေ့လိုက်သည်။

"အစ်ကို နင်ရဲ့စားသောက်ဆိုင်က စီးပွားရေးအတွက်ဖွင့်ထားတာမလား။ ဘယ်လိုလဲ နင့်ရဲ့ ညံ့ဖျင်းလှတဲ့ ဟင်းချက်စကေးကြောင့် ညွှေ့သည်တစ်ယောက်လောက်တောင် ဆွဲဆောင်နိုင်ခဲ့ရဲ့လား" ကျန်းလီ နောက်ပြောင်လိုက်သည်။

"ဟမ်? ဘာလဲ မင်းအစ်ကိုကိုတောင် လှောင်ပြောင်နေပြီလား" ကျန်းဟန် ရယ်၍ ပြန်ပြောသည်။

ကျန်းဟန်သည် မိသားစု၏ဟာသများကို အလွန်နှစ်သက်ပြီး သူ၏မိသားစုနှင့် အတူရှိနေချိန်တွင်သာ သူ့ကိုယ်သူ ဟန်ယန်အင်မော်တယ်အဖြစ်မဟုတ်ဘဲ သာမာန်လူတစ်ဦးဖြစ်ကြောင်းခံစားရသည်။

မိသားစုချစ်ခင်တွယ်တာမှုသည် လူနေမှုအဆင့်အတန်းကွဲပြားမှုများကြောင့် ပြောင်းလဲနိုင်သည့်အရာမဟုတ်ပေ။

"ငါနင့်ကို မနောက်ပါဘူး။ နင်ရဲ့ ဟင်းချက်စကေးကို ငါသိတယ်။ မှတ်မိပါသေးတယ် ငါ့ရဲ့ ၁၅ နှစ်ပြည့်မွေးနေ့မှာ နင်တစ်ခါပြုတ်ခဲ့တာကို၊ အဲ့တုန်းက ဘာဖြစ်သွားခဲ့လဲ?" ကျန်းလီ ပြုံး၍ပြောလိုက်သည်။

"နောက်ဆုံးကျတော့ ငါတို့အားလုံး တစ်နေကုန် ဝမ်းလျှောခဲ့ပြီး ငါတို့အစ်ကိုကြီးက မင်းကို သတ်ချင်တယ်ဆိုပြီး အမေ့ကို သွားတိုင်တယ်လေ" ကျန်းဟန်ပြုံးပြုံးလေးပြန်ပြောသည်။

သူ၏စိတ်ထဲတွင် ထိုနေ့က အဖြစ်အပျက်ကို သတိရမိသွားသည်။

ထိုအချိန်က ကျန်းလီ၏ အသက် ၁၅ နှစ်ပြည့်မွေးနေ့၊ ပေကျင်းတွင် အလွန်ပျော်ရွှင်ခဲ့ရပြီး ငယ်ရွယ်နုပျိုချိန်ဖြစ်သည်။

အခြားသူများအပေါ်တွင် နှိမ့်ချဆက်ဆံတတ်သော်လည်း သူ၏ညီမလေးကို အလွန်ချစ်ခင်မြတ်နိုးသည်။ ကျန်းလီ၏မွေးနေ့တွင် ကျန်းဟန်သည် သူမအား အထူးစပါယ်ရှယ် လက်ဆောင်တစ်ခု ပေးချင်ခဲ့သည်။

ထိုကြောင့် စဉ်းစားကြည့်ပြီးနောက် မဟာဟင်းပွဲကြီး ကို ကိုယ်တိုင်ချက်ပြုတ်ပေးရန် ဆုံးဖြတ်လိုက်သည်။ ရလဒ်အနေဖြင့် ထိုဟင်းပွဲကြီးသည် ဝမ်းနုတ်ဆေးကဲ့သို့ပင်ဖြစ်သည် ဟု လူတိုင်းသိသွားကြသည်။

ထိုအချိန်မှစ၍ ကျန်းလီသည် ကျန်းဟန်ကို မီးဖိုချောင်လူသတ်သမား ဟု ခေါ်ခဲ့သည်။

လျှန်မုန့်ချီနှင့် အခြားသူများသာ ထိုအကြောင်းကို သိခဲ့ပါက အလွန်တုန်လှုပ်သွားနိုင်သည်။

“ဟွန့်!”

ကျန်းလီ နှာခေါင်းရှုံ့လိုက်ပြီး

"နင်အဲ့အကြောင်း မေ့သွားပြီထင်နေတာ။ သဘက်ခါ အားလပ်ရက်ကျရင် ငါ နင့်ရဲ့စားသောက်ဆိုင်ကို လာကြည့်မယ်"

"ဒီတစ်ခေါက်တော့ ငါ့ရဲ့အချက်အပြုတ်ကျွမ်းကျင်မှုကို မင်းကို ခံစားခွင့်ပေးလိုက်မယ်" ကျန်းဟန် အနည်းငယ် ပြုံးလိုက်မိသည်။

ဖြစ်နိုင်ချေမှာ ကျန်းလီသည် သူ၏အစားအသောက်များကို စားပြီးပါက ထွက်သွားရန် ဆန္ဒရှိမည် မဟုတ်တော့ပေ။ ထိုအရာမှာ အကောင်းဆုံးပင်ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် နိုက်ကလက်တွင် ဒီဂျေလုပ်ရသည့်အလုပ်မှာ သူမအတွက် အတော်လေးခက်ခဲနေသေးသည့်အတွက်ကြောင့်ဖြစ်သည်။ အရေးကြီးသည်မှာ ထိုနေရာမျိုးတွင် လူမျိုးစုံနှင့်ပြည့်နေပြီး မည်သို့ပင်ဆိုစေကာမူ ကျန်းလီသည် ချောမောလှပသည့်

မိန်းကလေးတစ်ယောက်သာဖြစ်ပြီး ဆိုးသွမ်းသည့်သူများကို သူမအားနှောင့်ယှက်မည်ကို မတွေး၍ မရပေ။

အဲဒီအစား ငါ့ရဲ့စားသောက်ဆိုင်မှာနေပြီး အစားသောက်တွေထိုင်စားနေလိုက်တာ ပိုမကောင်းဘူးလား...

ယခုအချိန်တွင် ကျန်းဟန်သည် ကျန်းလီရောက်ရှိလာမှုအတွက် ပြင်ဆင်နေပြီဖြစ်သည်။ ထို့ကြောင့် ပြင်ဆင်ထားသည့် အစားအသောက်များမှာ အနည်းငယ်ပို၍ သားသားနားနားဖြစ်သွားပြီး သူမကို ဤနေရာတွင် နေ၍ အလုပ်လုပ်စေမည်ဖြစ်သည်။

ကျန်းလီသည် ကျန်းဟန်၏စကားကို ကြားပြီး ရယ်မောလိုက်သည်။ ဖုန်းမချမီတွင် စကားအနည်းငယ် ပြောနေခဲ့ကြသေးသည်။

"ဖေဖေ...အန်တီက လာလည်မှာလား" နောက်ခုံတွင်ထိုင်နေသော မုန့်မုန့်သည် အနည်းငယ် စိတ်ဝင်စားစွာဖြင့် မေးသည်။

“ဟုတ်တယ် သမီးရဲ့အန်တီက သဘက်ခါကျရင် လာမယ်” ကျန်းဟန် ခေါင်းညိတ်လိုက်သည်။

“အမ်..သဘက်ခါကျရင် မေမေပြန်လာမှာလေ။ ဖေဖေ မေ့မေ့ကို သွားကြိုဖို့ ငှက်ကြီးရဲ့နေရာကို သွားရမှာ မဟုတ်ဘူးလား” မုန့်မုန့်သည် သူမ၏ ကလေးအသံလေးဖြင့် သတိပေးသည်။

“သမီးရဲ့မေမေက ည ၁၀ နာရီမတိုင်ခင် ပြန်ရောက်မှာမဟုတ်သေးဘူး။ ကိုးနာရီကျရင် ဖေဖေတို့ သွားလို့ရတယ်။ သမီးရဲ့အန်တီက နေ့ခင်းကတည်းက လာမှာပါ” ကျန်းဟန်ပြန်ပြောလိုက်သည်။

“အွန်း”

မုန့်မုန့်သည် တိုတိုတုတ်တုတ်ပြန်ဖြေလိုက်သည်။ သူမလေး၏မျက်လုံးကြီးများမှာ သူမလေး မည်သည်ကို တွေးနေသည်မှန်းမသိဘဲ ပုတ်ခတ်ပုတ်ခတ်ဖြစ်နေသည်။ နောက်ဆုံးတွင်တော့ ငါးမိနစ်ကြာပြီးနောက် မုန့်မုန့်သည်

ကလေးသံလေးဖြင့်

"ဖေဖေ အဲ....အဲဒီ မမချီချီက ဒီနေ့ ဖေဖေ့ကို ချစ်တယ်လို့ပြောခဲ့တယ်"

"သူမက နောက်နေတာပါ" ကျန်းဟန် မရယ်ဘဲ မနေနိုင်တော့ပေ။

"အဲဒါ....က..အာ....မရဘူး။ မေမေကပဲ ဖေဖေ့ကိုချစ်လို့ရမယ်။ တခြားသူတွေချစ်လို့မရဘူး..." မုန့်မုန့်သည် အချစ်အကြောင်း နားမလည်သော်လည်း သူမလေး၏ ဖေဖေနှင့်မေမေ မှာ တစ်ယောက်ကိုတစ်ယောက် ချစ်ကြသည်ကိုတော့ နားလည်ပေသည်။

"သမီးရဲ့ မေမေ..." ကျန်းဟန် ပြုံး၍ ခေါင်းယမ်းလိုက်သည်။ ခဏကြာအောင် စဉ်းစားပြီးနောက်

"မုန့်မုန့် ဖေဖေ ရှိပါတယ်။ အဲဒါတွေကို စိတ်ပူနေစရာမလိုဘူး"

"အမ်..မုန့်မုန့်ရယ် ဖေဖေရယ် မေမေရယ်

အမြဲအတူတူနေမှာ...ဘယ်တော့မှ မခွဲဘူး...သမီးတို့ ဘယ်တော့မှမခွဲဘူး”

မုန့်မုန့်သည် စိတ်ပိုင်းဖြတ်ထားပြီး မျှော်လင့်ချက်အပြည့်ဖြင့် ကလေးဆန်သည့်အသံလေးနှင့် ပြောလိုက်သည်။

“ဟုတ်တယ်..အမြဲတမ်း”

ကျန်းဟန်လေးနက်စွာ ခေါင်းညိတ်လိုက်သည်။

ဧယန်မှလွဲ၍ မုန့်မုန့်သည် သူနှင့် ထာဝရရှိနေမည်ဖြစ်သည်။ အနှစ်တစ်ရာ၊ အနှစ်တစ်ထောင်၊ အနှစ်တစ်သောင်း....ထာဝရ။

မုန့်မုန့်အတွက် သူမလေးရဲ့မေမေကို ချစ်မိသွားအောင်လုပ်လိုက်ရင်ရော...

ကျန်းဟန် စိတ်ထဲတွင် တွေးနေမိသည်။

အဲဒါကို အတင်းလုပ်မယူတာပဲကောင်းမယ်။ သဘာအတိုင်းပဲ သူ့ဟာသူ ဖြစ်လာပါစေပေါ့...

ဆက်ဆံရေးနှင့်ပတ်သက်၍ ကျန်းဟန်သည် ဝင်၍ စွက်ဖက်ရသည်ကို မကြိုက်ပေ။ စိတ်ဝိညာဉ်နောက်သို့ လိုက်၍ သဘာဝအတိုင်း ဘဝ၏အနှစ်သာရနှင့် ရှင်သန်ရသည်ကို နှစ်သက်သည်။

မုန့်မုန့်ကို ချစ်မြတ်နိုးသည်မှာ မှန်သော်လည်း ဇီယန်ကို ချစ်သည်တော့ မဟုတ်သေးပေ။ ထို့ပြင် ဇီယန်သည် သူ့အပေါ်မည်သို့ ခံစားချက်ရှိသည်ကို မသိပေ။ ပြောရလျှင် သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက်သိသည့်အချိန်မှာ တိုတောင်းလွန်းသည်။

တစ်ဖက်တွင် လွန်ခဲ့သည့် ရက်အနည်းငယ်က စကားမပြည်ပြောဆိုကြခြင်းက သူတို့နှစ်ဦးအား တစ်ယောက်နှင့်တစ်ယောက် ပိုမိုရင်းနှီးလာစေသည်။ တစ်ခါတစ်ရံ စိတ်ဝင်စားစရာများကို အပြန်အလှန်ပြောဖြစ်ကြသည်။

“သူငယ်ချင်းမှ ချစ်သူသို့” ဖြစ်စဉ်သည် လူတစ်ယောက်၏ဘဝတွင် အလွန်အရေးကြီးသော အမှတ်တရ မှတ်ဉာဏ်တစ်ခုဖြစ်သည်။

ထို့ပြင် ကျန်းဟန်သည် ဇီယန် သူ့ကို ချစ်မိသွားမည့် အချိန်ကာလမှာ ကြာမြင့်တော့မည်မဟုတ်ကြောင်း မသိစိတ်က ခံစားမိသည်။

စားသောက်ဆိုင်သို့ ပြန်ရောက်သည့်အခါ ကျန်းဟန်သည် မုန့်မုန့်အား ရေချိုးပေးလိုက်သည်။

မုန့်မုန့်သည် ပူပေါင်းများပြည့်နေသည့် ရေချိုးကန်ထဲတွင် ထိုင်နေသည်။ သူမလေး၏လက်များသည် ပူပေါင်းများကို အဆက်မပြတ်ဖွဲ့ယမ်းကာ သူမလေး၏ ကလေးဆန်သည့်အသံလေးဖြင့် သီချင်းတစ်ပုဒ်ကို ဟစ်ဆိုနေရင်း အလွန်ပျော်ရွှင်နေသည်။

"အိုး.အိုး...အိုး...ရေချိုးရတာ ကြိုက်တယ်...ငါ့ရဲ့အသားအရည်က အရမ်းကောင်းတယ်... အိုး..အိုး..အိုး...ရေချိုးရတာ ကြိုက်တယ်..."

မင်းသမီးလေးသည် ဤတစ်ကြောင်းသာ မှတ်မိပြီး ထိုတစ်ကြောင်းတည်းပင် ထပ်တလည်းလည်းဆိုနေသောကြောင့် ကျန်းဟန် ရယ်မောသွားသည်။

သီချင်းမှာ ပြတ်တောင်းပြတ်တောင်းဖြင့် ဆိုနေသော်လည်း မုန့်မုန့်၏အသံသည် ဖခင်၏ မျိုးရိုးဗီဇမှ အမွေဆက်ခံခြင်းဖြစ်ပြီး အနည်းငယ် ကလေးဆန်နေသော်လည်း သူမလေး၏အသံမှာ အလွန်ဆွဲဆောင်မှုရှိပြီး ညို့ယူနိုင်စွမ်းရှိသည်။

မကြာမီတွင် ငါးနာရီခွဲသွားပြီဖြစ်သည်။

ဆိုင်ဖွင့်ချိန် ညနေ ၆ နာရီမှ ၇ နာရီဟု ရေးထားသော်လည်း နောက်ပိုင်းတွင် ထိုင်စရာနေရာမရှိကြောင်းကို

သိရှိသွားကြသည်။ ထိုသို့ဖြင့် ညနေ ၅ နာရီခွဲတွင် ညွှန့်သည် ၆ ယောက် တစ်ယောက်ပြီးတစ်ယောက် ရောက်လာသည်။

လူ ၆ ယောက်ထဲမှ တစ်ယောက်မှာ မွန်းတည့်ချိန်က ကျောက်ဒါဟူနှင့်အတူ တစ်ကြိမ်တွေ့ဖူးသည်။

ကြက်ဥထမင်းကြော်၏ အနိုင်ယူခံလိုက်ရပြီး သူ၏သူငယ်ချင်းများကိုပါ မြည်းစမ်းကြည့်ရန် ဆွဲခေါ်လာပုံရသည်။

ထိုအချိန်တွင် ကျန်းဟန်သည်လည်း ထမင်းစတင်ချက်လိုက်ပြီး မကြာမီတွင် စွန်းဒုန်ဟမ်မှာ တစ်ယောက်တည်းဝင်လာခဲ့သည်။

ယခုတစ်ကြိမ်တွင်တော့ သူသည် အဖွဲ့ဝင်မဖြစ်သေးသောကြောင့် ကောင်မလေးကို မခေါ်လာတော့ပေ။ အလုလေးကို ခေါ်လာပြီးမှ ခပ်မိုက်မိုက် ဟန်ရေးမပြနိုင်ပါက သခင်လေးစွန်းသည် ပိုက်ဆံမရှိသည့်သူဟု ထင်သွားနိုင်သည်။ ထို့ကြောင့်

အဖွဲ့ဝင်ကတ်မရမချင်း မိန်းကလေးတွေကို ခေါ်မလာတော့ဖို့ စဉ်းစားထားသည်။

"ထိုင်ခုံမရှိတော့ဘူးလား"

စွန်းဒုန်ဟမ်သည် စားပွဲသုံးလုံးတွင် လူခြောက်ယောက်ထိုင်ပြီးနေသည်ကို တွေ့လိုက်ရသည်။ အနည်းငယ်ထိတ်လန့်သွားပြီး ကျန်းဟန်ကို လှည့်ကြည့်ကာမေးလိုက်သည်။

"ခွင့်ပြုပါ ဒီနေရာက လူပြည့်နေလို့ ဟိုမှာ ထိုင်လို့ရမလား"

စွန်းဒုန်ဟမ်သည် ပြောလိုက်ရင်းဖြင့် လျန်မုန့်ချီနှင့် အခြားသူများ ဝယ်ထားသည့် အဖွဲ့ဝင်ထိုင်ခုံများကို ညွှန်ပြသည်။

"မရဘူး"

ကျန်းဟန် မထူးမခြားနားပင် ပြန်ပြောသည်။

စွန်းဒုန်ဟမ် ခါးသီးစွာရယ်လိုက်ပြီး သက်ပြင်းချရင်း စားပွဲ၏ဘေးတွင် တန်းစီစောင့်ဆိုင်းနေလိုက်သည်။

စွန်းဒုန်ဟမ်သည် မူလက ချမ်းသာသောမိသားစုမှ ဆင်းသက်လာသည့် သခင်လေးဖြစ်ပြီး ဒေါသကြီးသူတစ်ယောက်ဖြစ်သည်။ ပုံမှန်အားဖြင့် သူသည် ခမ်မိုက်မိုက်ပုံစံ ဟန်ထုတ်ရသည်ကို သဘောကျသော်လည်း ဤ ကျန်းဟန်၏စားသောက်ဆိုင်တွင် သူသည် အမှန်တကယ် ဒေါသမထွက်ရဲပေ။

ဆိုင်ရှင်မှာ အမှန်တကယ် ထူးခြားသည့် အမူအကျင့်ရှိပြီး ဧည့်သည်များအား သဘောကောင်းသည့်သူမဟုတ်ပေ။

ဧည့်သည်များအား ၎င်းတို့၏ အစားအသောက်ကို ၎င်းတို့ကိုယ်တိုင်ဝန်ဆောင်မှုယူရသည်။ အဖွဲ့ဝင်များသာ အရသာရှိသော ဟင်းလျာများကို မြည်းစမ်းနိုင်သည်။ ထို့အပြင် သူသည် ငွေရှင်းသည့်အချိန်တိုင်း မည်သည့်အခါမျှ ငွေပြန်အမ်းသည်မရှိပေ။

ပထမနှစ်ကြိမ်တွင် စွန်းဒေါင်ဟာမ်သည် ပိုက်ဆံပေးပြီး နှစ်စက္ကန့်ခန့် စောင့်နေခဲ့သော်လည်း ကျန်းဟန်သည် ပိုက်ဆံများကို အံဆွဲထဲသို့ ပေါ့ပေါ့ပါးပါးပင် ထည့်ခဲ့ပြီး ထွက်သွားသည်ကို မြင်သည့်အခါမှ သူ့ငွေ့မှာ ငွေပြန်အမ်းရန် အစီအစဉ်မရှိကြောင်း နောက်ဆုံးတွင် နားလည်သွားခဲ့သည်။

သို့သော် သူသည် ငွေကို ဂရုမစိုက်ပေ။ ပြောရလျှင် ဤဆိုင်ရှိကြက်ဥထမင်းကြော်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးဖြစ်သည်။

ငွေကိစ္စကို ဘေးဖယ်ထားလိုက်လျှင်ပင် သူသည် မကြာခဏလာစားသည့် ဖောက်သည်တစ်ဦးဖြစ်ပြီး သစ္စာရှိပရိသတ်တစ်ဦးဖြစ်နေဆဲပင်ဖြစ်သည်။ သို့သော် သူသည် အဖွဲ့ဝင်ထိုင်ခုံတွင် ထိုင်၍ပင် ထမင်းမစားနိုင်သေးချေ။

“အဖွဲ့ဝင်ကတ်! ငါသေချာပေါက် ရကိုရ ရမယ်”

စွန်းဒုန်ဟမ်သည် သူ၏စိတ်ထဲတွင် ကြုံးဝါးရင်း အံကိုကြိတ်လိုက်သည်။

-C 63 End

wunzinnosp

## အပိုင်း(၆၄)

စွန်းဒုန်ဟမ်သည် ထိုနေရာတွင် မိနစ်အနည်းငယ်ကြာ ရပ်နေပြီးနောက် စားသောက်ဆိုင်ထဲသို့ ညှို့သည်သုံးဦးရောက်လာသည်။

“ဟေး.ဟေး.ဟေး! ဘယ်သွားကြတာလဲ? အဲဒါ အဖွဲ့ဝင်တွေပဲ ထိုင်တဲ့နေရာ။ စားချင်ရင် ငါ့နောက်မှာ လာတန်းစီကြ”

စွန်းဒုန်ဟာမ်သည် ချက်ချင်းပင် ထိုသုံးယောက်ဆီသို့ လက်ဝှေ့ယမ်းပြရင်း ပြောလိုက်သည်။

"အဖွဲ့ဝင်က လေးယောက်ပဲရှိတာမဟုတ်လား။ ဟိုမှာ စားပွဲသုံးလုံးတောင်ရှိတယ်။ သူတို့ တစ်ခုံထိုင်ရင် စားပွဲလွတ် ၂ လုံးကျန်သေးတယ်" သူတို့ထဲမှ တစ်ယောက်သည် တွန့်ဆုတ်စွာဖြင့် ပြန်ပြောသည်။

"လွတ်နေတယ် ဆိုရင်တောင် အဖွဲ့ဝင်မဟုတ်ရင် အဲ့ထိုင်ခုံတွေမှာ ထိုင်လို့မရဘူး။ ငါဒီမှာ ရပ်နေတာ မတွေ့ဘူးလား" စွန်းဒုန်ဟာမ်သည် မကျေမနပ်နှင့် ကြွပ်ဆတ်ဆတ်ပြန်ပြောလိုက်သည်။

"အင်း"

ထိုလူခေါင်းကို အနည်းငယ်ညိတ်ပြပြီး စွန်းဒုန်ဟာမ်နောက်တွင် ရပ်လိုက်သည်။

ထိုသူသည် ယခင်က လာစားဖူးသော်လည်း သူ၏အဖော်များသည်တော့ မစားဖူးကြသေးပေ။

ခပ်ပိန်ပိန်လူတစ်ယောက်သည် မျက်မှောင်ကြုတ်၍ ပြောသည်။

“သာမန်ညှော်သည်တွေအတွက် စားပွဲသုံးလုံးပဲ ရှိတယ်။ ဒါက နည်းနည်း ချဲ့ကားလွန်းတယ် မဟုတ်လား? အစ်ကိုလျို ဒီနေရာက သာမန်ပဲထင်ပါတယ်။ ငါတို့ အဲဒီ ကြာညို့ရိုးစံအိမ်မှာ သွားစားကြမလား”

“ငါက မင်းကို ဘာလို့လိမ်ရမှာလဲ” ထိုလူသည် ပြန်ဖြေလိုက်သည်။ “မင်းကိုပြောလိုက်မယ် ဒီက ကြက်ဥထမင်းကြော်ကို မစားလိုက်ရရင် မင်းတစ်သက်လုံး နောင်တရနေလိမ့်မယ်”

“ဒါက သက်သက်ချဲ့ကားလွန်းတာပဲ။ ကြက်ဥထမင်းကြော်စားရတဲ့ အဓိကအချက်ကဘာများလဲ” သူ၏အဖော်သည် လှောင်ပြောင်လိုက်သည်။ သူ၏စကားတွင် အထင်အမြင်သေးသည့် အရိပ်အယောင်များ ရှိနေသည်။

"ဟား..ဟား..ဟား"

စွန်းဒုန်ဟမ်သည် လှည့်ကြည့်ကာ အေးစက်စွာရယ်မောရင်း "အရင်တုန်းက ငါလည်း မင်းနဲ့တူညီတဲ့အတွေးမျိုး ရှိခဲ့ဖူးတာပဲ။ ဒါပေမဲ့ ဘာဖြစ်သွားလဲ? ငါနောက်ဆုံးတော့ အရှုံးပေးခဲ့ရတာပဲမလား? ငါပြောလိုက်မယ်...ဒီကကြက်ဥထမင်းကြော်စားရတာက ကောင်းချီးတစ်ခုပဲ။ မစားချင်ရင် ထွက်သွားလိုက် ။ ငါ့နောက်မှာ ဆူဆူညံညံအသံတွေမကြားချင်ဘူး"

"ကောင်းပြီ။ စားကြရအောင်" ထိုသုံးယောက်သည် ကို့ယို့ကားယားပြုံးလိုက်သည်။

သူတို့သုံးယောက်ပြီးနောက် နောက်ထပ် ညှော်သည် ခုနှစ်ယောက် ရှစ်ယောက်ခန့် တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြသည်။ စားသောက်ဆိုင်၏အဝင်ဝတွင် တန်းစီ၍ စောင့်ဆိုင်းနေကြသည်။

"အမ်? လူတွေအများကြီးပါလား?"

လျှန်မုန့်ချီနှင့် အခြားနှစ်ယောက်သည် စားသောက်ဆိုင်၏နာမည်ကျော်ကြားမှုက အနည်းငယ် လျှင်မြန်နေသည်ဟု ခံစားလိုက်ရပြီး ဝင်ပေါက်မှ တိုး၍ ဝင်လာကြသည်။

ဆိုင်ဖွင့်သည်မှာ ရက်ပိုင်းသာရှိသေးပြီး လူများက တန်းစီနေပြီဖြစ်သည်။ သူတို့စားသောက်ပြီးနောက်တွင် ဆိုင်ထဲသို့ဝင်ရန် စောင့်နေကြသူများ ပို၍များပြားလာပေဦးမည်။

သို့ရာတွင် ဤအရာအားလုံးသည် ကျိုးကြောင်းဆီလျော်သည်ဟု သူတို့ယူဆကြသည်။

ဤကဲ့သို့ အရသာရှိလှသည့် ကြက်ဥထမင်းကြော်နှင့်ဆိုလျှင် တောင့်ခံနိုင်သည့် အစားသရဲ တစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်ချေ။ သူတို့ သုံးယောက်လုံး ဤဆိုင်တွင် စားဖူးပြီးသားဖြစ်၍ သူတို့သုံးယောက်ကို ကြည့်ရုံနှင့်ပင် ပြောနိုင်ပေသည်။

လူတိုင်း၏မနာလိုသောအကြည့်များအောက်တွင် လျန်မုန့်ချီနှင့် အခြားနှစ်ယောက်သည် အဖွဲ့ဝင်ထိုင်ခုံပေါ်တွင် ထိုင်လိုက်ကြသည်။

လျန်မုန့်ချီသည် မူလက ကျန်းဟန်နှင့်စကားပြောချင်သော်လည်း သူမလှည့်ကြည့်လိုက်သည့်အခါ ကျန်းဟန်မှာ မီးဖိုချောင်တွင် အလုပ်များနေပြီး မုန့်မုန့်မှာ တီဗီပေါ်ရှိမြင်ကွင်းကို ကြည့်ရန် အာရုံစိုက်နေသည်။ မိနစ်အနည်းငယ် ကြာသည့်အခါ ကျောက်ဖုန်းရောက်လာသည်။

သူသည် လျန်မုန့်ချီ၏ရှေ့တွင် ဝင်ထိုင်လိုက်ပြီး လူအနည်းငယ်ကို ခေါင်းညိတ်ပြသည်။

“ကျောက်ဖုန်း ရှင်ဘာလို့ကျွန်မရှေ့မှာ လာထိုင်တာလဲ?” လျန်မုန့်ချီ မျက်စောင်းထိုး၍ ပြောလိုက်သည်။

“အမ်…”

ကျောက်ဖုန်း၏နှုတ်ခမ်းထောင့်မှ အနည်းငယ်တွန့်သွားသည်။

"အာ...မုန့်ချီ နင်ဘာလို့ ဖော်ဖော်ရွှေရွှေမရှိတာလဲ" ကျောက်ဒါဟူသည် သူ၏နှုတ်ခမ်းကို တွန့်လိုက်ပြီး စနောက်လိုက်သည်။

"ကျောက်ဖုန်းက ငယ်ငယ်ချောချောလေးပဲ၊ နင်ကလည်း ငယ်ငယ်လှလှလေးပဲ၊ အဲဒါကို တွေးကြည့်လို့ရနေပြီမဟုတ်လား?"

"ဟမ့်"

လျန်မုန့်ချီနှုတ်ခမ်းစူလိုက်ပြီး "ငါသာ တစ်ယောက်ယောက်ကို ကြိုက်ချင်ရင် သူဌေးကိုပဲ ကြိုက်မှာပေါ့ သူ့ကိုတော့မဟုတ်ဘူး"

"မင်းသူဌေးကို ကြိုက်လား" ကျောက်ဖုန်းပြုံး၍ မေးလိုက်သည်။

"ကျွန်မဘာသာ ဘယ်သူ့ကိုပဲ ကြိုက်ကြိုက် ရှင့်အပူပါလား" လျန်မုန့်ချီသည် တိုတိုတုတ်တုတ်ပြောလိုက်ပြီး "ရှင်က ဂိုဏ်းတစ်ခုခုက အလုပ်ရှုပ်နေရတဲ့သူမဟုတ်လား?

ဘာလို့ စီမံကြေးတွေလိုက်မကောက်တာလဲ? ဒီမှာ ထမင်းသုံးနပ်တောင်လာစားနေတာ။ ရှင်ဘာလို့အဲ့လောက်အားယားနေတာလဲ?”

ကျောက်ဖုန်း ကြားလိုက်ပြီးနောက် ခဏရပ်တန့်သွားသည်။

“အဲ့ဒီလိုမျိုးအပြုအမူတွေကို ငါမကြိုက်ဘူး။ ဒါပေမဲ့ ငါက လက်အောက်ငယ်သားတစ်ယောက်ပဲ ဘော့စ်မဟုတ်ဘူးလေ” ဟု လေးနက်စွာပြောရင်း အကူအညီမဲ့သည့်အကြည့်တစ်ချက်ထွက်ပေါ်လာသည်။

သူသည် ဘော့စ်မဟုတ်သောကြောင့် သူ၏လက်အောက်ငယ်သားများကို စီမံခန့်ခွဲနိုင်ခြင်းမရှိသည့်အပြင် ထိုသို့သော ကိစ္စများကိုလည်း မတားဆီးနိုင်ပေ။ ၎င်းမှာ အကူအညီမဲ့မှုတစ်မျိုးဖြစ်သော်လည်း ထန်ကျန့်ကို ကိုင်တွယ်ပြီး ဂိုဏ်းခေါင်းဆောင်ဖြစ်လာသည်နှင့် ဂိုဏ်းကို စနစ်တကျ ရှင်းလင်းသန့်စင်ရမည့်အချိန်ဖြစ်သည်။

သို့သော် သူသည် ထိုကဲ့သို့ အတိအကျ မပြောနိုင်ပေ။ လျန်မုန့်ချီကို အနည်းငယ် သဘောကျသည်ဆိုလျှင်ပင် သူမအား ရှင်းပြနေမည်မဟုတ်ပေ။

"ဟွန့်...ဂိုဏ်းထဲမှာနေတာ ဘာကောင်းလို့လဲ? ရှင်တကယ်ကို လမ်းမှားနေတာပဲ။ ရှင့်မှာ မျက်နှာချောချောလေးရှိရင်တောင် ရှင်က လူဆိုးတစ်ယောက်ဆိုတာ ဘယ်သူက သိမှာလဲ" လျန်မုန့်ချီ ရှုံ့ချလိုက်သည်။

"ငါ..."

ကျောက်ဖုန်း အမှန်တကယ် ပြောစရာစကားမဲ့သွားသည်။

ကံကောင်းစွာဖြင့်ပင် ထိုအချိန်တွင် ကျန်းဟန်သည် မီးဖိုချောင်ထဲမှ "အစားအသောက်တွေ အဆင်သင့်ဖြစ်ပြီ" ဟု လှမ်းပြောလိုက်သည်။

လျန်မုန့်ချီ ချက်ချင်းထရပ်ပြီး ပြုံး၍ လျှောက်ထွက်သွားသည်။

သို့သော်လည်း ကျောက်ဖုန်း မတ်တပ်ထရပ်လိုက်သည့်အချိန်တွင် ကျန်းဟန်၏အကြည့်များသည် အပေါက်ဝတွင် တန်းစီနေသော လူများအပေါ်တွင် စူးစိုက်နေသည်ကို သူသတိပြုမိလိုက်သည်။

၎င်းကို ကျောက်ဖုန်းမြင်သည့်အခါ သူ့ကိုယ်သူ အနည်းငယ် ရှေ့ရွှတ်လိုက်သည်။ သူသည် အစားအသောက်ကို အရင်သွားမယူခင် နောက်လှည့်လိုက်ပြီး တံခါးဆီသို့ လျှောက်သွားလိုက်ပြီး
“ဒီမှာမနေကြပါနဲ့ အပြင်ထွက်ပြီး တန်းစီကြပါ။ စားပွဲက ဒီမှာရှိပါတယ်။ တစ်ယောက်ယောက်ထွက်သွားရင် ခင်ဗျားတို့ ဝင်လို့ရပါတယ်”

ကျောက်ဖုန်း သူ၏ပါးစပ်ကို ဟလိုက်သည်နှင့် စွန်းဒုန်ဟမ်သည် ကမန်းကတန်း ထရပ်လိုက်သည်။

“ဟုတ်တယ် ဟုတ်တယ်။ အပြင်ထွက်ပြီး တန်းစီကြရအောင်။ လာကြ အခုနေရာအတိုင်းပဲ ပြန်ပြီး စီကြမယ်။ ဘယ်သူမှ ကြားဖြတ်လို့မရဘူး”

ကျေနပ်သည်ဖြစ်စေ မကျေနပ်သည်ဖြစ်စေ လူတစ်ဒါဇင်ခန့်သည် တန်းစီပြီး ထွက်လာကြသည်။ သို့သော် မကျေနပ်၍ တန်းထွက်သွားသူ နှစ်ဦးရှိပေသည်။

ကျောက်ဖုန်း ထိုကိစ္စကို စဉ်းစားလိုက်ပြီး စူပါမားကတ်သို့ ထိုင်ခုံအချို့သွားဝယ်ရန် ကားပေါ်တက်လိုက်သည်။

“ဘာကောင်လဲ? ကြက်ဥထမင်းကြော်စားဖို့အတွက်ကို တန်းစီပြီးစောင့်နေရဦးမှာလား?”

“ရှောင်ဟူ ကြက်ဥထမင်းကြော်က မင်းပြောသလို အရသာမရှိဘူးဆိုလို့ကတော့ ငါတို့ သူငယ်ချင်းမဟုတ်တော့ဘူးပဲ! ငါဟောင်ကောင်မှာနေလာတာ ၃ နှစ်ရှိပြီ။ အစားစားဖို့အတွက် ဒီလိုမျိုး ဆက်ဆံခံရတာ တစ်ခါမှ မကြုံဖူးဘူး”

"အဲဒီလူက ဘယ်သူလဲ? သူက ဆိုင်ရှင်လည်းမဟုတ်ဘဲနဲ့ အမိန့်တွေလာပေးနေတာလား?"

"ဟုတ်ပ ဆိုင်ရှင်တောင် ဘာမှမပြောဘူး။ အခု သူက တာဝန်ခံလုပ်ဖို့ကြိုးစားနေတယ်"

"မင်းပြောပုံက ဘာကိုဆိုလိုချင်တာလဲ?" စွန်းဒုန်ဟာမ်သည် မျက်ခုံးပင့်လိုက်ပြီး စကားပြောနေသည့် ထိုလူစုကိုကြည့်ကာ စိုက်ကြည့်လိုက်သည်။ "သူ့မှာ မင်းတို့အားလုံးကို အမိန့်ပေးနိုင်တဲ့ အရည်အချင်းမရှိဘူးထင်နေတာလား? ဟမ့် ငါမင်းတို့ကိုစိတ်မဝင်စားပေမယ့် ပြောပြလိုက်မယ်။ သူက ရှုံဟဲဂိုဏ်းက အစ်ကိုဖုန်းပဲ။ ဂိုဏ်းခေါင်းဆောင်ပြီးရင် သူက အသန်မာဆုံးပဲ!"

"အစ်ကိုဖုန်းသာ ဒါကိုကြားသွားရင် မင်းတို့ လွတ်မှာမဟုတ်ဘူး"

လူစု၏မျက်နှာများမှာ ပြောင်းလဲသွားသည်ကို

စွန်းဒုန်ဟာမ်တွေ့လိုက်ရပြီး ခေါင်းကို အနည်းငယ်မော့၍ ကျေနပ်မှုအနည်းငယ်ဖြင့် ထပ်ပြောလိုက်သည်။ "ပြီးတော့ သူက ငါ့ရဲ့ အစ်ကိုကြီးပဲ။ ငါ့အစ်ကိုကြီးတောင်မှ ဒီစားသောက်ဆိုင်မှာ သူ့ကိုယ်သူ အိန္ဒြေရရ နေရတယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့ မှန်ပါတယ်"

"အာ...ဒီက ညီငယ်က ရုံဟဲဂိုဏ်းကဖြစ်နေမယ်လို့ မမျှော်လင့်ထားဘူး"

"ငါတို့က လျှောက်ပြောနေရုံပါ။ ဘာအဓိပ္ပာယ်မှမဟုတ်ပါဘူး"

သူတို့ထဲမှာ အချို့သည် စွန်းဒုန်ဟာမ်ကို မျက်နှာချိုသွေးရန် အလျင်စလိုပြောလိုက်ကြသည်။

စွန်းဒုန်ဟာမ် နှာခေါင်းရှုံ့ သူတို့ကို လျစ်လျူရှုလိုက်သည်။ ငါးမိနစ်အကြာတွင် ကျောက်ဖုန်းမှာ သူ၏ကားနှင့်ပြန်ရောက်လာသည်။

သူသည် ထိုင်ခုံအသေးသုံးဆယ်ခန့်ကို ကားနောက်ဖုံးထဲမှ ထုတ်ယူလိုက်သည်။

ကျောက်ဖုန်းမည်သူမည်ဝါဖြစ်ကြောင်း သိရှိပြီးနောက် စွန်းဒုန်ဟမ်၏ဦးဆောင်မှုဖြင့် လူတိုင်းနောက်မှ လိုက်လာကြသည်။ စားသောက်ဆိုင်၏ အပြင်ဘက် ပြတင်းပေါက်ရှေ့တွင် ထိုင်ခုံများကို သပ်သပ်ရပ်ရပ် စီချထားရန်ကူညီလိုက်ကြသည်။

ပြီးသွားသည့်အခါတွင် သူတို့သည် စည်းကမ်းတကျထိုင်လိုက်ကြကာ စကားပြောဆိုနေကြပြီး ကျောက်ဖုန်းသည် ညစာစားရန်အတွက် ဆိုင်ထဲသို့ ပြန်ဝင်သွားသည်။

"အင်း ကျွန်မရှင့်ကို မပြောနိုင်ပေမဲ့ ရှင့်မှာ စိတ်ကောင်းလေးတော့ရှိပါတယ်"
လျန်မုန့်ချီသည် ထူးဆန်းသည့် လေသံဖြင့် ပြောလိုက်သည်။

“ငါ ဒီနေရာကို သဘောကျတယ်” ကျောက်ဖုန်း အနည်းငယ်ပြုံးလိုက်သည်။

သူ၏မရည်ရွယ်သည့် လုပ်ရပ်ကြောင့် လျှန်မုန့်ချီ၏ သူ့အပေါ်အထင်အမြင်အချို့ ပြောင်းလဲသွားခဲ့သည်ဟု ဆိုရပေမည်။

အမှန်တွင် ကျောက်ဖုန်း ထိုအရာများကို မလုပ်လျှင် ကျန်းဟန်လည်း ၎င်းကို ပြောလိမ့်မည်ဖြစ်သည်။

ဤစားသောက်ဆိုင်သည် မုန့်မုန့်ကြောင့်သာ တည်ရှိနေခြင်းဖြစ်ပြီး ကျန်းဟန်သည် စားသောက်ဆိုင်၏ ပတ်ဝန်းကျင်တွင် ဖရိုဖရဲဖြစ်နေမည်ကို ခွင့်ပြုမည်မဟုတ်ပေ။ အကယ်၍ ကျန်းဟန်သာ အားလုံးအားကို လက်ခံပါက သူသည် သူတို့အတွက် ထိုင်ခုံများပြင်ဆင်ပေးမည်မဟုတ်ပေ။

ထိုမြင်ကွင်းကို ဘေးခြံရှိ စီချွမ်စားသောက်ဆိုင်မှ လူများလည်း မြင်တွေ့ရပေသည်။

"မဖြစ်နိုင်တာ။ အဲဒီစားသောက်ဆိုင်မှာ တကယ်ကြီး တန်းစီနေကြတာလား?"

"ဒီလူတွေက အရူးတွေလား? အဲဒီမှာ ထမင်းတောင် ယွမ် ၃၀၀ ရှိတယ်။ ထမင်းဖိုးနဲ့တင် ဒီမှာ ဟင်းလေးမျိုးလောက် စားလို့ရတယ်"

"ရူးတာပဲ တကယ်ကို အရူးတွေပဲ"

"ရှောင်မေ အခြေအနေသွားကြည့်စမ်း" မန်နေဂျာသည် မျက်မှောင်ကြုတ်၍ ပြောလိုက်သည်။

"ဟုတ်ကဲ့"

ရှောင်မေသည် ယခင်က စျေးမေးရန် ကျန်းဟန်၏ စားသောက်ဆိုင်သို့ သွားခဲ့သည် အမျိုးသမီးဖြစ်သည်။ သူမသည် ခေါင်းတညိတ်ညိတ်ဖြင့် စားသောက်ဆိုင်ထဲမှ ထွက်လာပြီး စပ်စုစွာဖြင့်မေးလိုက်သည်။

"ရှင်တို့ ဘာလို့ဒီမှာ ထိုင်နေတာကြတာလဲ"

"ညစာစားဖို့ တန်းစီနေကြတာပါ" သူတို့ထဲမှ တစ်ယောက်က ပြန်ဖြေလိုက်သည်။

"ဒါက..."

ရှောင်မေသည် ပြုံး၍ပြောလိုက်သည်။ "သူ့ရဲ့စားသောက်ဆိုင်က ဈေးအရမ်းကြီးတာကို ဘာလို့ စားဖို့ တန်းစီနေကြသေးတာလဲ?"

"အဲဒါက အရမ်းအရသာရှိတယ်။ အစားအသောက်တွေက တကယ် တန်တယ်။ သေချာပေါက် ငါတို့ စားရမှာပေါ့"

"ယွမ် ၃၀၀ တောင် ရှိတယ်မလား?" ရှောင်မေသည် မျက်လုံးများကို ပြူးကျယ်ကာ စိုက်ကြည့်နေသည်။

"ဟမ့်!"

စားဖူးထားသူတစ်ဦးသည် လှောင်ပြောင်လိုက်ပြီး "သူဌေးရဲ့အစားအသောက်တွေက ယွမ် ၃၀၀၀ နဲ့ရောင်းရင်တောင် ငါကတော့ ဒီတိုင်းနေမှာပဲ။

စားဖို့တန်းစီနေတဲ့သူတွေလည်း အများကြီးရှိနေဦးမှာ သေချာတယ်။ သူဌေးက သဘောကောင်းလို့ ယွမ် ၃၀၀ နဲ့ရောင်းပေးပြီး လူတိုင်းကို ခံစားစေတာပဲ”

“အဲ့လောက် အထင်ကြီးဖို့ကောင်းတာလား?” ရှောင်မေ အံ့သြသွားသည်။

ဤတစ်ကြိမ်တွင် မည်သူမျှ ပြန်မဖြေကြပေ။

ရှောင်မေ ခဏကြာစဉ်းစားပြီး “အင်း ငါတို့စားသောက်ဆိုင်မှာ နေရာတွေအများကြီးရှိသေးတယ်။ စီချွမ်ဟင်းလျာကို မြည်းကြည့်ချင်လား? စီချွမ်အစားအစာတင်မကဘဲ အဆာပြေတစ်ချို့လည်းရှိတယ်။ အရသာရှိပေမဲ့ ဈေးအရမ်းမကြီးဘူး။ တကယ်ကို တန်ရစေမယ်!”

“အာ?”

စွန်းဒုန်ဟမ်သည် သူ၏ဖုန်းကိုအောက်ချလိုက်ပြီး မျက်လုံးများက သူမကို တည့်တည့်စိုက်ကြည့်ရင်း

မေးလိုက်သည်။

“ဘာလဲ? ညော်သည်တွေကို လုဖို့ရောက်လာတာလား?”

“မဟုတ်ပါဘူး။ ကျွန်မက ရှင်တို့တန်းစီနေတာ ဘယ်လောက်တောင်ပင်ပန်းနေလဲဆိုတာ တွေ့မိလို့ပါ” ရှောင်မေ ရက်ရှံ့စွာပြုံးလိုက်သည်။

“စိတ်မကောင်းပါဘူး။ ငါတို့ မပင်ပန်းဘူး။ အလုပ်လည်းပြီးသွားပြီဆိုတော့ စောင့်ဖို့အချိန်အများကြီးရှိတယ်”

“မင်းဘာမှထပ်ပြောနေစရာမလိုတော့ဘူး။ ကြက်ဥထမင်းကြော်ကို ငါတို့ သေချာပေါက် စားရမယ်”

“အမှန်ပဲ မင်းဘာပဲပြောပြော ငါ့ရှေ့မှာ စားကောင်းသောက်ဖွယ်တွေ ထားခဲ့ရင်တောင် တစ်ချက်မှ မနေမြောဘူး။ ကြက်ဥထမင်းကြော်ပဲစားမယ်”

“…”

စကားအနည်းငယ်ပြောရုံဖြင့်ပင် ရှောင်မေသည် အနည်းငယ် ရက်ရွံ့ဖွယ်အခြေအနေဖြင့် သူမ၏စားသောက်ဆိုင်သို့ ပြန်သွားခဲ့သည်။

နှစ်မိနစ်ခန့်အကြာတွင် ရှောင်မေ ပြန်ထွက်လာသည်။ ဤတစ်ကြိမ်တွင် စားသောက်ဆိုင်၏အဝင်ဝတွင်ရပ်၍ အော်လိုက်သည်။

"စီချွမ် အစပ်အစားအစာတွေနော်။ အရသာရှိတယ် ဈေးမကြီးဘူး။ မြန်မြန်လာပြီး မြည်းစမ်းကြည့်ကြနော်။ အဆာပြေ သရေစာမျိုးစုံနဲ့ ကြက်ဥထမင်းကြော်ကောင်းကောင်းလည်း ရှိပါတယ်။ ၁၈ ယွမ်ပဲနော် ၁၈ ယွမ်ပဲ..."

၁၀ မိနစ်ခန့်အော်ပြီးနောက်တွင် မန်နေဂျာသည် တန်းစီနေသည့်သူများ မျက်မှောင်ကြုတ်နေသည်ကို တွေ့လိုက်ရသည်။

ဘာတွေဖြစ်နေတာလဲ?

'ဖြစ်နိုင်တာက ဟိုဘက်တစ်ဆိုင်က ကြက်ဥထမင်းကြော်က တကယ်အရသာရှိတာများလား? ဒီလောက်အော်နေတာတောင် ဘယ်သူမှ မလာကြဘူးလား?

မဟုတ်သေးဘူး ပြဿနာတစ်ခုခုရှိရမယ်။ မနက်ဖြန်ကျရင် ငါ သွားစားကြည့်ရမယ်

မန်နေဂျာသည် သူ၏စိတ်ထဲတွင် ဆုံးဖြတ်လိုက်သည်။

ကျန်းဟန်၏ ဆိုင်ထဲတွင် စားပွဲအဖြူလေးများတွင် စားနေသည့်ဧည့်သည်များသည် တန်းစီနေသည့် သူအနည်းငယ်ရှိသောကြောင့် အချိန်အကြာကြီးမနေခဲ့ကြဘဲ အများစုမှာ ထမင်းစားပြီး နှစ်မိနစ်ခန့်နားက ပိုက်ဆံရှင်း၍ ထွက်သွားကြသည်။

အပြင်ထွက်စားကြသည်အခါ အားလုံးသည် တစ်ယောက်နှင့်တစ်ယောက် နားလည်ကြသည်။ တစ်စုံတစ်ယောက်သည် ဈေးဝယ်စင်တယ်မှ စီးကရက်တစ်လိပ်ဝယ်လာရန် မေ့သွားခဲ့ပြီး အခြားသူများထံ

တောင်းသည်နှင့် တူသည်။ ဆေးလိပ်သောက်သူ တော်တော်များများသည် ထိုသို့သော အတွေ့အကြုံများ ရှိခဲ့ဖူးကြသည်။

ကျန်းဟန်နှင့် မုန့်မုန့်သည် ထမင်းစားပြီးသည့်အခါတွင် နေ့စဉ်ပုံမှန် စန္ဒယား ၂ ပုဒ်တီးကြသည်။

သီချင်း၏ သာယာငြိမ့်ညောင်းသော တေးသွားသည် အလွန်ဆွဲဆောင်မှုရှိလှသည်။

သီချင်းတီးပြီးနောက် မုန့်မုန့်သည် တီဗီသွားကြည့်သည်။ ထိုအချိန်တွင် တန်းစီနေသော လူအများစုသည် ထမင်းစားပြီးသွားကြပြီဖြစ်ကာ ကုန်သွားသဖြင့် မစားလိုက်ရသည့် ၂ ယောက်ပင် သက်ပြင်းချကာ ထွက်သွားကြသည်။ တစ်ဖက်တွင် အားလုံးထွက်ခွာသွားကြပြီးနောက် ကျောက်ဖုန်းသည် ထမင်းစားခန်းကို စိတ်အားထက်သန်စွာဖြင့် သန့်ရှင်းရေးလုပ်နေခဲ့သည်။

"ဘော့စ် မင်းမှာ ဝိုင်မရှိဘူးလား?" ကျောက်ဖုန်းသည် ပြတင်းပေါက်ဘေးရှိ စာပွဲဖြူတွင် ထိုင်ပြီး မေးလိုက်သည်။

-C 64 End

wunzinnosp

## အပိုင်း(၆၅)

"မင်းဘာသောက်ချင်လဲ?" ကျန်းဟန်ပြုံးလိုက်ပြီး ရေခဲသေတ္တာကိုဖွင့်ကာ ပြောလိုက်သည်။

ရေခဲသေတ္တာထဲတွင် ဘီယာမျိုးစုံနှင့် အချိုရည်အချို့ပြည့်နေသည်။

ကျန်းဟန်သည် အဖျော်ယမကာများ သောက်ရန်အစီအစဉ်မရှိသော်လည်း အချို့ကို ရေခဲသေတ္တာထဲထည့်ထားလိုက်သေးသည်။ သို့သော် တစ်ခါတစ်ရံ ဘီယာအနည်းငယ်ကို သောက်သုံးခြင်းက စိတ်ဝင်စားဖို့တော့ ကောင်းပေသည်။

"ဘာပဲဖြစ်ဖြစ်"

ကျောက်ဖုန်း ပြုံး၍ ပြန်ပြောလိုက်သည်။

ထို့ကြောင့် ကျန်းဟန်သည် ဘီယာလေးဘူးကို ထုတ်ယူလိုက်သည်။ လေးဘူးလုံးမှာ ဘူးကြီးများဖြစ်ကြ၏။ လှည့်ကြည့်လိုက်သည့်အခါ မုန့်မုန့်မှာ ကာတွန်းကားကို စိတ်ဝင်တစားကြည့်နေသောကြောင့် ကျန်းဟန် လွတ်လွတ်လပ်လပ်နေနိုင်ပေသည်။

ဘီယာများကို ယူလာပြီး ထိုင်လိုက်ကြကာ စကားစမြည်ပြောနေကြသည်။

"ဘာဖြစ်နေတာလဲ? မင်းစိတ်ထဲမှာ တစ်ခုခုရှိနေတယ်မလား?" ကျန်းဟန် ဘီယာတစ်ကျိုက်သောက်လိုက်ပြီး ပြောလိုက်သည်။

"ငါလည်း အဲ့လိုထင်တာပဲ…." ကျောက်ဖုန်း အနည်းငယ် ခေါင်းယမ်းလိုက်ပြီး သူ၏အကြည့်များက ခါးသီးမှုများ ပြည့်နေသည်။

မနေ့ညက တောင်ပိုင်းခရိုင်၏ ပင်လယ်ကမ်းစပ်တွင် တံငါသည်တစ်ဦးသည် အလောင်းတစ်လောင်းကို တွေ့ရှိခဲ့သည်။ တရားဝင်အတည်ပြုပြီးနောက် သေဆုံးသူသည် ထန်ကျန့်၏အပျော်မယား ဖြစ်ပြီး ကျောက်ဖုန်း စွန့်စား၍ ပူးပေါင်းခဲ့သည့် မိန်းကလေးဖြစ်သည်။

ကျောက်ဖုန်းသည် တစ်နှစ်ခွဲကြာ ကြံစည်ခဲ့ပြီးနောက်တွင် သက်သေစုဆောင်းရန် ကြံစည်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

ထန်ကျန့်သည် သူ့အား သတိထားနေသောကြောင့် ကျောက်ဖုန်းမှာ ဘာပဲလုပ်လုပ် အလွန်ခက်ခဲသည့်အခြေအနေဖြစ်နေသည်။

"သူ့ဌေး ငါ မင်းကို တကယ်မနာလိုတာပဲ" ကျောက်ဖုန်း အနည်းငယ်ပြုံး၍ ပြောလိုက်သည်။ "မင်းမှာ ဒီလို ချစ်ဖို့ကောင်းတဲ့သမီးလေးနဲ့ နွေးထွေးတဲ့ဘဝမျိုး ပိုင်ဆိုင်ထားရတာ အရမ်းကောင်းတယ်"

"ငါ့ကို မနာလိုမဖြစ်နဲ့" ကျန်းဟန် မထူးမခြားနားပြန်ပြောလိုက်သည်။ "ဒီလိုသာဆိုရင် နောင်ကျရင် မင်းပိုပြီး မနာလိုဖြစ်လာရလိမ့်မယ်"

"အမ်?"

ကျောက်ဖုန်း ကြောင်အသွားပြီးနောက် အလိုလိုရယ်မောမိသွားသည်။ သူသည် ဘီယာကို တစ်ကျိုက်သောက်လိုက်ပြီး

“ကျေနပ်ဖို့ကောင်းပါတယ်။ ယောက်ျားတစ်ယောက်က များများသောက်သင့်တယ်”

“သူဌေး”

ကျောက်ဖုန်း ပြောလိုက်ပြီးနောက် ကျန်းဟန်အား လေးစားမှုဖြင့် ကြည့်လိုက်ပြီး “မင်းက ကျွမ်းကျင်သူတစ်ယောက်ပဲ။ ခုံးကနေဖြစ်ဖြစ် ခန္ဓာကိုယ်မှာရှိတဲ့ စွမ်းအင်ကပဲဖြစ်ဖြစ် ငါခံစားလို့ရတယ်”

“အင်း”

ကျန်းဟန်ခေါင်းညိတ်လိုက်သည်။

“အစကတော့ ငါ့ရဲ့သိုင်းပညာကို တော်တော်လေး တော်တယ်လို့ထင်ခဲ့တာ။ ဒါပေမဲ့ သူဌေးနဲ့တွေ့ပြီးတော့မှ မင်းနဲ့တိုက်ရင် တစ်မိနစ်ထက်ပိုကြာကြာခံနိုင်မှာမဟုတ်ဘူးလို့ ခံစားရတယ်”

ကျောက်ဖုန်း ဖြည်းညှင်းစွာပြောသည်။

"တစ်မိနစ်လား? အရမ်းကြာတယ်။ ငါမင်းကို တိုက်ဖို့ဆန္ဒရှိတယ်ဆိုရင်..."

ကျန်းဟန် ပြုံးလိုက်ပြီး " တစ်ချက်လှုပ်ရုံပဲလိုတယ်"

ကျန်းဟန်သည် ချီသန့်စင်ခြင်းအဆင့်၏ အစောပိုင်းအဆင့်တွင်သာရှိသေးသော်လည်း သူ၏ခန္ဓာကိုယ်သည် ကြောင်တစ်ကောင်ထက် အဆတစ်ထောင်မက ပို၍ လွယ်ကူစွာလှုပ်ရှားနိုင်သည်။ အခြေတည်အဆင့်သို့ရောက်သည်နှင့် သူသည် သူ၏စိတ်ဝိညာဉ်စွမ်းအင်ကို အပြင်သို့ ထုတ်လွှတ်နိုင်ပြီး လူတစ်ယောက်ကို လက်ချောင်းလေးဖြင့်ပင် အလွယ်တကူသတ်ပစ်နိုင်သည်။

တစ်ဖက်တွင် သူ၏စကားကို ကြားလိုက်ရပြီးနောက် ကျောက်ဖုန်း၏အမူအရာမှာ ရပ်တန့်သွားပြီး မယုံကြည်နိုင်ဖြစ်သွားသည်။

သူသည် နှစ်ပေါင်းများစွာ စစ်သားတစ်ယောက်ဖြစ်ခဲ့ပြီး သဘာဝအတိုင်းပင် မာနကြီးပေသည်။ စစ်တပ်ထဲတွင် သူသည် ရိုးရိုးရှင်းရှင်းနှင့် ကြမ်းတမ်းသူဖြစ်သည်။ မင်းငါ့ကို ရိုက်နိုင်ရင် ငါအရှုံးပေးမယ် ဆိုသည့်သူမျိုးပင်။

ကျန်းဟန်၏စကားများကြောင့် ကျောက်ဖုန်းသည် ကျန်းဟန် သူ့အားလျှော့တွက်နေသည်ဟု ခံစားမိစေပြီး စိတ်ထဲတွင် အနည်းငယ် မကျေမနပ်ဖြစ်သွားခဲ့သည်။

သူ၏အမူအရာကိုကြည့်ရင်း ကျန်းဟန်သည် သူဘာတွေးနေမှန်းသိလိုက်သည်။ ပေါ့ပေါ့ပါးပါးရယ်လိုက်ပြီး ကျောက်ဖုန်းဆီသို့ လက်ဆန့်ထုတ်ကာ ပြောလိုက်သည်။ “စမ်းကြည့်မလား”

“လာလေ!”

ကျောက်ဖုန်း၏မျက်လုံးများ အရောင်လက်သွားပြီး ကျန်းဟန်၏လက်ကို ဖမ်းဆုပ်ကိုင်ရန် သူ၏ညာလက်ကို ဆန့်ထုတ်လိုက်သည်။

ကျောက်ဖုန်း ကျန်းဟန်၏လက်ကိုဆုပ်ကိုင်လိုက်သည့်အခါတွင် သူသည် သူ၏ ခွန်အား ၃၀ ရာနှုန်းကို အရင်ဆုံး အသုံးပြုလိုက်သည်။

လက်ဆွဲနှုတ်ဆက်ခြင်းသည် လက်ဖဝါး၏ခွန်အားကို နှိုင်းယှဉ်နိုင်ပေသည်။ ကျန်းဟန်၏လက်ကို ထိခိုက်သွားမည်စိုးရိမ်သော်လည်း ၎င်းကို အနီးကပ်ဆုပ်ကိုင်လိုက်သည့်အခါ ကျန်းဟန်၏လက်မှာ ပြုတ်တူကဲ့သို့ မာကျောကာ မလှုပ်မယှက်ဖြစ်နေကြောင်း တွေ့လိုက်ရသည်။

စိတ်ဝင်စားစရာပဲ!

ကျောက်ဖုန်း၏ မျက်လုံးများတွင် လေးနက်သည့်အရိပ်အယောင်များပေါ်လာသည်။ သူ၏ခွန်အားကို ၅၀ ရာနှုန်းထိ တိုးလိုက်သည့်အခါတွင်လည်း

သူ့ဒွေး၏လက်မှာ ယခင်အတိုင်းပင် မလှုပ်မယှက်ရှိနေကြောင်း တွေ့ရသည်။

“ဟမ်?”

ကျောက်ဖုန်း၏စိတ်ထဲတွင် အနည်းငယ်ထူးထူးခြားခြားဖြစ်သွားပြီး မျက်ခုံးပင့်လိုက်သည်။

ကျန်းဟန်သည် ခေါင်းကို အသာအယာညိတ်ပြသည်ကို တွေ့သဖြင့် ကျောက်ဖုန်းသည် သူ၏ခွန်အားကို တဖြည်းဖြည်း တိုးလိုက်သည်။

၆၀ ရာနှုန်း၊ ၇၀ ရာနှုန်း၊ ၈၀ ရာနှုန်း ၉၀ ရာနှုန်း ၁၀၀ ရာခိုင်နှုန်း။

ကျောက်ဖုန်းသည် အတတ်နိုင်ဆုံး ဆုပ်ကိုင်ထားသော်လည်း သူ့ဒွေး၏လက်မှာ တစ်လက်မပင် မရွေ့သေးချေ။ ကျောက်ဖုန်း၏မျက်နှာမှာ အနည်းငယ်

နီမြန်းလာပြီး သူသည် သူ့ငွေးကို လျှော့တွက်မိကြောင်း သိလိုက်သည်။

“ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ?”

ကျောက်ဖုန်း အံအားသင့်နေသည့်အသံဖြင့် ပြောသည်။

သူ၏အရင် ကပ္ပတိန်ပင် ထိုမျှ ခွန်အားမရှိကြောင်း သူသိသည်။ ကျောက်ဖုန်းသည် သူ့အား လက်ဆွဲနှုတ်ဆက်ရန် ခွန်အားကို အကုန်အစင်အသုံးပြုခဲ့သော်လည်း သူ့ငွေး၏အမူအရာမှာ ပြောင်းလဲခြင်းမရှိ။ ကျောက်ဖုန်းသည် ထိုသို့လုပ်နိုင်သည့်သူ တစ်စုံတစ်ယောက်ကိုမှ မစဉ်းစားနိုင်သေးချေ။

“မဖြစ်နိုင်တာမရှိပါဘူး”

ကျန်းဟန်သည် ခေါင်းတစ်ချက်ယမ်းလိုက်ပြီး ပထမဆုံးအကြိမ် သူ၏ခွန်အားအနည်းငယ်ကို သုံးလိုက်သည်။

“...”

ထိုအချိန်တွင် ကျောက်ဖုန်းသည် သူ၏လက်ကို ခုခံနိုင်စွမ်းမရှိသော မိုးကြိုးလျှပ်စီးကဲ့သို့ စွမ်းအားတစ်ခု တိုးဝင်လာသည်ကို ခံစားလိုက်ရပြီး စိတ်ထဲတွင် တုန်လှုပ်သွားသည်။

"ငါအရှုံးပေးပြီ ငါအရှုံးပေးပါပြီ.." ကျောက်ဖုန်း၏မျက်နှာမှာ ဖြူဖျော့သွားသည်။ သူ၏သူငွေးသာ လက်ကိုဆက်၍ဆုပ်ကိုင်ထားပါက သူ ဒုက္ခိတဖြစ်သွားမည်ကို စိုးရိမ်သဖြင့် အလျင်အမြန်ပင် အရှုံးပေးရန် ပါးစပ်ဟလိုက်သည်။

၎င်းကိုမြင်သည့်အခါ ကျန်းဟန် သူ၏လက်ကို ချက်ချင်းလွှတ်ပေးလိုက်ပြီး မုန့်မုန့်ကို လှည့်ကြည့်လိုက်သည်။ ထို့နောက်တွင် ရယ်မောကာဖြင့် ဘီယာဘူးကို ကောင်ယူပြီး နောက်ထပ် တစ်ကျိုက်သောက်လိုက်သည်။

ထိုအချိန်တွင် ကျောက်ဖုန်းသည် ကျန်းဟန်ကို အံ့သြသည့်မျက်နှာဖြင့် ကြည့်နေပြီဖြစ်သည်။

သူ၏လက်ကို စားပွဲအောက်တွင် ချထားပြီး ထုံကျင်ကာ ခံစားမှုကင်းမဲ့နေသည်။ နှစ်မိနစ်ခန့် အနားယူပြီးမှ အသက်ပြင်းပြင်းရှူကာ ဘီယာဘူးကို လက်နှစ်ဖက်ဖြင့် ကိုင်ရင်း ကျန်းဟန်အား ပြောလိုက်သည်။

"သူဌေး ငါ တကယ်ကို ယုံကြည်သွားပြီ။ မင်းက သာမန်လူတွေ ဉာဏ်မမီနိုင်လောက်အောင်ကို အစွမ်းထက်တဲ့သူပဲ"

ကျန်းဟန်သည် ဘာမှပြန်မပြောပဲ သူနှင့်အတူ ဘီယာသောက်နေလိုက်သည်။

"သူဌေး...အခုလိုဖြစ်အောင် ဘယ်လိုမျိုးလေ့ကျင့်ခဲ့တာလဲ? ပြောပြလို့ အဆင်ပြေမလား" ကျောက်ဖုန်း ဂရုတစိုက်မေးလိုက်သည်။

"ငါဘာလုပ်လဲဆိုတာ မင်းစိတ်ကူးကြည့်နိုင်မှာမဟုတ်ဘူး" ကျန်းဟန်အနည်းငယ် ပြုံးလိုက်မိသည်။

သို့သော် ကျန်းဟန်၏နောက်ထပ်စကားက ကျောက်ဖုန်း၏ဆံပင်များကို အဆုံးထိထောင်မတ်သွားစေသည်။

"မင်းစစ်သားလုပ်ခဲ့ဖူးတယ်မလား?' ကျန်းဟန် သောက်ရင်းပြောလိုက်သည်။

ကျောက်ဖုန်း၏အမူအရာမှာ ပြောင်းလဲသွားပြီး ကျန်းဟန်ကို ထိတ်လန့်စွာကြည့်လိုက်သည်။ အချိန်ခဏကြာအထိ သူမည်သို့ပြန်ဖြေမှန်းမသိ။

ကျောက်ဖုန်း ခဏလောက်စဉ်းစားလိုက်ပြီး နောက်ဆုံးတွင် ခေါင်းယမ်းရင်း ခါးသီးစွာရယ်လိုက်ပြီး ပြောလိုက်သည်။

"သူဌေး မင်းဘယ်လို ခန့်မှန်းလိုက်တာလဲ"

"ငါ့ရဲ့ နှာခေါင်း...မျက်လုံး ကနေ ဘယ်အရာမှ မလွတ်မြောက်နိုင်ဘူး" ကျန်းဟန်ပြန်ပြော၏။

"ဒါက...ဟင်း..."

ကျောက်ဖုန်း အချိန်အတော်ကြာ ခါးသီးစွာရယ်မောလိုက်ပြီး နောက်ဆုံးတွင် သက်ပြင်းတစ်ချက်ချလိုက်ပြီး ဘီယာကို အကုန်မော့လိုက်သည်။

"ငါ အဲဒီတုန်းက နဂါးလင်းယုန် အထူးတပ်ဖွဲ့ရဲ့ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ပြီးတော့ ငါ့ရဲ့ တစ်ယောက်ချင်းတိုက်ခိုက်မှုစွမ်းရည်က ထိပ်ဆုံးသုံးယောက်ထဲမှာ ပါတယ်။ အဲဒီအချိန်တုန်းက မစ်ရှင်တစ်ခုကိုသွားခဲ့တဲ့ ညီအစ်ကိုတစ်ယောက်ရှိတယ်။ သူက..."

ကျောက်ဖုန်းသည် ထိုမှတ်ဉာဏ်များကို သူ၏နှလုံးသားထဲတွင် အမြဲသိမ်းဆည်းထားခဲ့ပြီး ယခုမှ သူ၏ရင်ထဲမှ စကားလုံးများအားလုံးကို ဖွင့်ထုတ်ကာ မရပ်မနားပြောနေတော့သည်။

"သူဌေး..ငါသူ့ကို တိုက်ခိုက်ခဲ့တာအတွက် လုံးဝနောင်တမရဘူး။ မင်းသာဆိုရင်ရော မင်းဘာလုပ်မှာလဲ?" ကျောက်ဖုန်း အနည်းငယ် သက်ပြင်းချလိုက်၏။

သူဌေးမှာ အလွန်အစွမ်းထက်ပြီး သူ၏စွမ်းရည်များကို ကောင်းစွာဖုံးကွယ်ထားသူတစ်ဦးဖြစ်ကြောင်း သူသတိပြုမိသည်။ ထိုသို့သော အခြေနေမျိုးတွင် ကျွမ်းကျင်ပညာရှင်တစ်ယောက်သည် ပို၍ပင် ပြင်းပြင်းထန်ထန် လက်တုံ့ပြန်လိမ့်မည်။

သို့သော်လည်း ကျန်းဟန်၏ တုံ့ပြန်မှုကြောင့် သူ၏လျှာကိုပင် ကိုက်လုနီးနီးဖြစ်သွားသည်။

ကျန်းဟန်သည် အလွန် ဘွင်းဘွင်းရှင်းရှင်းပင် ပြန်ပြောသည်။

"အဲလိုအခြေအနေမျိုးကို ငါကြုံတွေ့ရမှာမဟုတ်ဘူး"

“ဟမ်?”

ကျောက်ဖုန်း အနည်းငယ် စိတ်ရှုပ်သွားသည်။

ထိုစကားများမှာ ကျန်းဟန်အတွက် အမှန်တရားပင်ဖြစ်သည်။ သူကို မည်သူများထင်နေခဲ့သနည်း?။ ဟန်ယန်အင်မော်တယ်ကေရာဇ်တွင် အရေမတွက်နိုင်သည့် ရတနာများရှိခဲ့သည်။ အကယ်၍ ထိုသူသည် ကျန်းဟန်၏ ညီအစ်ကိုဖြစ်ခဲ့ပါက သူသည် ကာကွယ်ရေးရတနာများစွာကို ပိုင်ဆိုင်ထားမည်ဖြစ်သည်။

“ကောင်းပါပြီ...”

ကျောက်ဖုန်း ရယ်ရမလိုလို ငိုရမလိုလို ဖြင့် ခေါင်းညိတ်ပြရင်း ကျွမ်းကျင်ပညာရှင်၏စကားမှာ အလွန်လိုက်မမှီနိုင်လွန်းသောကြောင့် စိတ်ထဲတွင် သက်ပြင်းချလိုက်သည်။

တစ်ချိန်တည်းမှာပင် သူဆက်၍ပြောလိုက်သည်။ “အဲဒီနောက်တော့ ငါ အကျဉ်းချခံရတယ်။ နောက် ၂

နှစ်ကြာတော့ ငါ့ရဲ့ ခေါင်းဆောင်ဟောင်းက ငါ့ကို ရှာတွေ့သွားခဲ့ပြီးတော့ သူက ငါ့ကို တာဝန်တစ်ခုပေး ခဲ့တယ်။ တာဝန်ပေးတယ်လို့ ပြောပေမဲ့ တကယ်တမ်းကျ သူက ငါ့ကို ထောင်က လွတ်အောင် ကူညီပေးခဲ့တာပါ။ ဒါပေမဲ့ ငါလည်းသူ့အတွက် တစ်ခုခုပြန်လုပ်ပေးရမယ်....”

“ဒီတော့ မင်းက သူလျှိုပေါ့?” ကျန်းဟန် ပြုံး၍ ပြောလိုက်သည်။

“ဟုတ်ပါတယ်”

ကျောက်ဖုန်း ခေါင်းညိတ်လိုက်ပြီး “ရုံဟဲဂိုဏ်းရဲ့ ခေါင်းဆောင် ထန်ကျန့်က ရာဇဝတ်မျိုးစုံကို ကျူးလွန်ခဲ့ပြီးတော့ မကြာသေးမီနှစ်တွေအတွင်း သူ့ရဲ့ လုပ်ပုံကိုင်ပုံတွေက ပိုပိုပြီး ရက်စက်လာခဲ့တယ်။ ဒါကြောင့်...”

ကျန်းဟန်၏ရှေ့မှောက်တွင် ကျောက်ဖုန်းသည် သူ၏နှလုံးသားထဲမှ အပြင်းထန်ဆုံးလျှို့ဝှက်ချက်ကို

ဖော်ထုတ်ခဲ့သည်။ အချိန်အကြာကြီး မျိုသိပ်ထားခဲ့ရသည့်မှာ ပင်ပန်းလွန်းလှသည်။

“ဖေဖေ ဖေဖေ…” ရုတ်တရက် မုန့်မုန့်က အော်ခေါ်လိုက်သည်။

“လာပြီ လာပြီ”

ဝုစ်!

ကျန်းဟန်သည် ရုတ်တရက် မတ်တပ်ထရပ်လိုက်ပြီး မဆိုင်းမတွပင် လှစ်ကနဲ့ ထထွက်သွားသည်။

ကျောက်ဖုန်းမှာ နောက်တစ်ကြိမ် ကြောင်အသွားပြန်သည်။ သူသည် ကျန်းဟန်၏နောက်ကျောကို ကြည့်ရင်း သူ၏လက်ကို ကျန်းဟန်ဆီသို့ ဆန့်ထုတ်လိုက်ကာ သူ့ကို လှမ်းခေါ်လိုက်ချင်သည်။

နောက်ဆုံးတွင်တော့ သူသည် သူ၏နှလုံးသားထဲမှာ လှို့ဝှက်ချက်များကို စကားကောင်းကောင်းပြောရင်းဖြင့် ဖွင့်ထုတ်လိုက်ချင်သော်လည်း သူဌေးသည်ကား သူ၏စကားများကို ငှက်ပျောသီး သီချင်းလောက်ပင် နားထောင်ရန် စိတ်ဝင်စားသည့်ပုံမပေါ်။

သူဌေး…မင်းနည်းနည်းလေးလောက်ဖြစ်ဖြစ် အကြင်နာတရားလေး ထားပေးလို့မရဘူးလား…

ကျောက်ဖုန်း အသက်ရှုကြပ်လုနီးနီးပင်။

“သူက ငါတွေ့ဖူးသမျှထဲမှာ အချစ်တတ်ဆုံးအဖေပဲ” ကျောက်ဖုန်း သူ့ကိုယ်သူရေရွတ်ရင်း နှုတ်ခမ်းထောင့်မှာ အကြိမ်အနည်းငယ် တွန့်သွားသည်။

နောက်ဆုံး ဘီယာတစ်မော့ကို သောက်လိုက်ပြီးနောက်တွင် သူဌေးသည် ဆိုဖာပေါ်တွင် သူ၏သမီးနှင့် ဆော့ကစားနေသည်ကို ကျောက်ဖုန်းတွေ့လိုက်ရသည်။ သူတို့ကို

မနှောင့်ယှက်တော့ဘဲ စားသောက်ဆိုင်မှာ တိတ်ဆိတ်စွာပင် ထွက်လာခဲ့သည်။

ကျောက်ဖုန်း စားသောက်ဆိုင်မှ ထွက်လာပြီးနောက် ကျယ်လောင်စွာ ရယ်မောလိုက်သည်။ ကျန်းဟန်နှင့် အချိန်အတော်ကြာ စကားပြောခဲ့ပြီးနောက်တွင် သူ၏နှလုံးသားထဲတွင် ဖိနှိပ်ထားသော အရာများမှာ နောက်ဆုံးတွင် ပေါ့ပါးသွားခဲ့သည်။

......

စွန်းဒုန်ဟာမ်၏မိသားစုသည် ဆော့ဖ်ဝဲလ်တည်ဆောက်ရေးကုမ္ပဏီတစ်ခုပိုင်ဆိုင်သည်။

သူ၏ဖခင် စွန်းမင်သည် ယခင်က ထူးချွန်ကျောင်းသားတစ်ဦးဖြစ်သည်။ ကုမ္ပဏီကြီးတစ်ခုတွင် ဆယ်စုနှစ်ခန့် လုပ်ကိုင်ခဲ့ပြီးနောက် ကိုယ်ပိုင်လုပ်ငန်းကို စတင်ခဲ့ပြီး တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

စွန်းဒုန်ဟမ်သည် အမေဖြစ်သူ၏လက်ပေါ်တွင် ကြီးပြင်းလာသောကြောင့် အမေနှင့်ဆက်ဆံရေးမှာ အနည်းငယ်ပို၍ ကောင်းမွန်သည်။ အချိန်တိုင်း အမေဖြစ်သူထံမှာ ပိုက်ဆံတောင်းလေ့ရှိသည်။

စွန်းဒုန်ဟမ် ကြီးပြင်းလာသည့်အချိန်တွင် သူ၏အမေသည် သူ့အတွက် စတုရန်းမီတာ ၈၀ ခန့်ရှိသည့် အိမ်တစ်လုံးဝယ်ပေးပြီး သူလက်ထပ်သည့်အချိန်တွင် အသုံးပြုရန် ပြင်ဆင်ထားသည်။

ထိုညတွင် စွန်းဒုန်ဟမ် အိမ်သို့ပြန်လာခဲ့သည်။

“ပြန်လာပြီလား? ညစာ စားပြီးပြီလား။ အမေ ငါးစွတ်ပြုတ်လုပ်ထားတယ် လာစားကြည့်လှည့်” စွန်းဒုန်ဟမ်၏အမေသည် ပြုံး၍ပြောလိုက်သည်။

“တော်ပြီ အမေ။ ကျွန်တော် စားလာခဲ့ပြီးပြီ” စွန်းဒုန်ဟမ် နှုတ်ခမ်းကို လိပ်လိုက်သည်။

ကျန်းဟန်၏ကြက်ဥထမင်းကြော်ကို စားခဲ့ပြီးလျှင် ထိုဟာမှာ ကောင်းမည်မဟုတ်တော့ပေ။

အနာဂတ်မှာ ငါ အမေ့ရဲ့ ဟင်းချက်လက်ရာကို ဘယ်လိုစားရမလဲ....

"ဟိုကောင် ပြန်လာပြီလား? မင်း မစားရသေးဘူးမလား. ဘာလို့ဒီမှာ လာမထိုင်တာလဲ?" စွန်းမင်ပြောလိုက်သည်။

စွန်းဒန်ဟာမ် သေချာထိုင်လိုက်ပြီးနောက်တွင် စွန်းမင်သည် မျက်မှောင်ကြုံကာ သုန်မှုန်နေသောလေသံဖြင့် "မင်းရဲ့ရွှေရောင်ဆံပင်တွေကို ကြည့်စမ်း။ အဲဒါတွေ ဘယ်လောက်တောင်ကြာနေပြီလဲ။ မင်း စည်းနဲ့ကမ်းနဲ့ မနေနိုင်ဘူးလား။ တစ်နေ့တစ်နေ့ အပြင်ထွက်ပြီး ပြဿနာရှာဖို့လောက်ပဲ သိတယ်!"

စွန်းဒန်ဟာမ် စိတ်ဆိုးသွားသဖြင့် ခေါင်းကိုတဖက်လှည့်လိုက်သည်။

“ကလေးက ပြန်လာဖို့လွယ်တာမဟုတ်ဘူး။ စကားကို အသာပြောပါ”

စွန်းဒုန်ဟမ်၏ အမေသည် စွန်းမင်အား အပြစ်တင်သည့်ဟန်ဖြင့် ပြောလိုက်သည်။

“အသာပြောရမယ် ဟုတ်လား။ အဲ့လိုပြောလို့သာ သူအဆင်ပြေသွားရင် ငါပြောနေမှာတောင်မဟုတ်ဘူး!” စွန်းမင်သည် အနည်းငယ် စိတ်ပျက်သည့်လေသံဖြင့် ပြောလိုက်သည်။

“တက္ကသိုယ်တက်ပါတယ် တစ်ဝက်တစ်ပျက်နဲ့ ပြဿနာဖြစ်လို့ ကျောင်းထုတ်ခံရတယ်။ ရှက်စရာကောင်းလိုက်တာ။ အခုလည်း မင်းအပြင်မှာ တစ်နေကုန် ပွေရှုပ်နေတယ်။ စွန်းဒုန်ဟမ် မင်း ဘာကိုများ ဖြစ်ဖြစ်မြောက်မြောက်လုပ်နိုင်မလဲဆိုတာ ငါကြည့်ချင်သေးတယ်”

"ကျွန်တော် ဘယ်တုန်းက ရှုပ်လို့လ" စွန်းဒုန်ဟမ် သူ၏စိတ်ထဲမှ ဒေါသကို မထိန်းနိုင်တော့ဘဲ "ကျောင်းမှာ ရန်ဖြစ်ခဲ့တဲ့ကိစ္စတွေအကုန်လုံး ကျွန်တော် ပြောပြီးပြီမဟုတ်လား?။ ကျွန်တော့အမှားမဟုတ်ဘူး!"

"အဲ့ဒါ မင်းအမှားမဟုတ်ရင် သူတို့ကဘာလို့ မင်းကို ထုတ်ပစ်တာလဲ? ဟမ်?" စွန်းမင်သည် သူ၏လက်ထဲမှ တူများကို စားပွဲပေါ် ဒေါသတကြီးပစ်ချလိုက်သည်။

-C 65 End

wunzinnosp

## အပိုင်း(၆၆)

လွန်ခဲ့သည့်နှစ်လက စွန်းဒုန်ဟမ်သည် တက္ကသိုလ်မှ ဘွဲ့ရခါနီးတွင် ရန်ပွဲတစ်ခုကြောင့် ကျောင်းထုတ်ခံခဲ့ရသဖြင့် စွန်းမင် အလွန်ဒေါသထွက်ခဲ့သည်။ ထိုကိစ္စအတွက် စွန်းမင်သည် မကြာခဏ စွန်းဒုန်ဟမ်အား ဆူပူလေ့ရှိပြီး သူ၏သားကို တက္ကသိုလ်ပြန်၍တက်နိုင်ရန် နည်းလမ်းများစွာရှာဖွေရန်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

"ကျွန်တော်ရိုက်လိုက်တဲ့ အဲဒီခွေးမသားရဲ့ အဖေက ကျောင်းရဲ့ဒါရိုက်တာဖြစ်နေလို့မဟုတ်လား။ ယောကျ်ားတစ်ယောက်အနေနဲ့ ကိုယ့်ကောင်မလေးကို အနိုင်လာကျင့်နေတာကိုတော့ သည်းမခံနိုင်ဘူး!" စွန်းဒုန်ဟမ် ပြန်၍ ငြင်းလိုက်သည်။

"ကောင်မလေး ကောင်မလေး ကောင်မလေးနဲ့ မင်းမှာ ကောင်မလေး ဘယ်နှယောက်တောင်ရှိလဲ ဟမ် မင်းမှာ ရည်မှန်းချက်မရှိဘူးလား? မင်းသိတာ ဘာရှိလဲ? အနာဂတ်မှာ

မင်းဘာလုပ်နိုင်မှာလဲ? မင်းဘာလုပ်နိုင်မှာလဲ?" စွန်းမင် ဒေါသတကြီးဖြင့် ပြောလိုက်သည်။

သူ၏စီးပွားရေးလုပ်ငန်းမှာ ကောင်းမွန်စွာ တိုးတက်လာသော်လည်း သူ၏မိသားစုတွင် သားတစ်ယောက်သာရှိသောကြောင့် စွန်းဒုန်ဟာမ်သည် သူ၏စီးပွားရေးလုပ်ငန်းကို အမွေဆက်ခံနိုင်မည်ဟု မျှော်လင့်ခဲ့သည်။ သို့သော် ဤအကောင်သည်ကား တက္ကသိုလ်တွင် စာကောင်းကောင်းမသင်ဘဲ ဂိုဏ်းထဲတွင် တစ်နေကုန် လူမိုက်လုပ်နေသည်။ ၎င်းက စွန်းမင်ကို စိတ်ပျက်ဒေါသထွက်စေသည်။

"ကျွန်တော် ဘာလုပ်လုပ် ခင်ဗျားကိစ္စမဟုတ်ဘူး!" စွန်းဒုန်ဟာမ်သည် သူ၏သွားများကို တင်းတင်းစေ့လိုက်ပြီး ခေါင်းလှည့်၍ ခပ်ကြမ်းကြမ်းလေသံဖြင့် "အမေ့ ကျွန်တော် ပိုက်ဆံ ရှစ်သိန်းလိုချင်တယ်"

"မင်းငါ့ကို မလိုအပ်ဘူးဆိုပြီး အခုပိုက်ဆံတောင်းနေတာလား?" စွန်းမင်သည် စားပွဲကို ပြင်းပြင်းထန်ထန် ဆောင့်ချလိုက်သည်။

"ကျွန်တော် အမေ့ကို ပိုက်ဆံတောင်းတာ ခင်ဗျားကို မဟုတ်ဘူး။ ကျွန်တော် ခင်ဗျားကို ပိုက်ဆံတောင်းဖူးလို့လား?" စွန်းဒုန်ဟမ်သည် ဒေါ်တကြီး မတ်တပ်ထရပ်ပြီး ပြန်ပြောလိုက်သည်။

"ငါ ဒီမိသားစုမှာ ပိုက်ဆံရှာနေတာမဟုတ်လား? ငါ ဘာအတွက် ပိုက်ဆံရှာခဲ့တာလဲ? မိသားစုကို ထောက်ပံ့ဖို့ မင်းကို လူတန်းစေ့နေနိုင်အောင်လို့လေ။ မင်းဘယ်လို တိရိစ္ဆာန်လဲ ဟမ်? မင်းမှာ အနာဂတ်မရှိရင် နေ့တိုင်းပိုက်ဆံဖြုန်းတီးနေတာနဲ့ပဲ ကုန်သွားလိမ့်မယ်။ အခု ပိုက်ဆံရှာရတာ လွယ်တယ်များ မင်းထင်နေလားကွ?" စွန်းမင် ဒေါသတကြီး ပြောသည်။

"ကျွန်တော့်ကို ခင်ဗျားဂရုစိုက်ပေးဖို့ မလိုပါဘူး! ခင်ဗျားကျွန်တော့ကို မပေးချင်လည်း ရတယ်" စွန်းဒုန်ဟမ်သည် သူ၏နောက်မှ ကုလားထိုင်ကို ဘေးသို့ကန်ထုတ်လိုက်ပြီး ဒေါသတကြီး ထွက်သွားသည်။

"အသာပြောပါလို့ပြောနေတာကို" စွန်းဒုန်ဟမ်၏မိခင်သည် မျက်စောင်းထိုးကြည့်လိုက်ပြီး သူ၏နောက်သို့ လိုက်သွားသည်။

"ရှောင်ဟမ် ရှောင်ဟမ်" စကြံလျှောက်လမ်းတွင် သူမသည် သူ့အား မီသွားခဲ့သည်။ သူမသည် စွန်းဒုန်ဟမ်ကို ဆွဲလိုက်ပြီး နူးညံ့စွာပြောလိုက်သည်။

"သားရဲ့အဖေက သားကို ကောင်းစေချင်လို့ပြောတာပါ" ဟု တီးတိုးလေးပြောလိုက်သည်။

"ဘာမှမဟုတ်ဘူး" စွန်းဒုန်ဟမ်၏လေသံမှာ အနည်းငယ် ဝမ်းနည်းသွားပြီး "ကျွန်တော့်ကို ကောင်းစေချင်လို့ အချိန်တိုင်း သူက

ကြိမ်းမောင်းနေတာလား။ နောက်ပြီး ဒီကိစ္စကို ကျွန်တော် အကြိမ်ကြိမ်ရှင်းပြပြီးပြီ။ အဲဒါက ကျွန်တော်ရန်စတာမဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော် ပြောတာကိုကျ သူက နားမထောင်ဘူး"

"ဟုတ်ပါပြီ ဟုတ်ပါပြီ" စွန်းဒုန်ဟမ်၏မိခင်သည် ခေါင်းညိတ်လိုက်ပြီး "အမေနားလည်ပါတယ်။ မင်းရဲ့အဖေက စိတ်ဆိုးနေရုံပါ။ သူက မင်း သူ့ရဲ့စီးပွားရေးလုပ်ငန်းကို အမွေဆက်ခံပြီး တိုးတက်အောင်လုပ်နိုင်ဖို့ မျှော်လင့်ထားတာ"

"ဆေးဖဝ်ဝဲလ်လုပ်ငန်းကို ကျွန်တော် မကြိုက်ဘူး။ ကျွန်တော့် အိမ်မက်က နာမည်ကြီးအနုပညာရှင်တစ်ယောက်ဖြစ်ဖို့ ဆိုတာ ပြောပြီးပြီမဟုတ်လား။ အဲဒါကျတော့ အဖေက ဘာလို့လက်မခံတာလဲ။ ကျွန်တော့်ကို ဘာမှသုံးမရတဲ့ ဆေးဖဝ်ဝဲလ် တွေကို လေ့လာစေချင်နေတာလား။ ကျွန်တော်မှ

အဲ့ဒါတွေကို စိတ်မဝင်စားတာကို” စွန်းဒုန်ဟာမ် ဒေါသတကြီးပြောလိုက်သည်။

ဘာလို့ အဖေ့ရဲ့အိမ်မက်ကို အမွေဆက်ခံရမှာလဲ? ဘာလို့ ငါ့ကို နားမလည်ပေးနိုင်တာလဲ? ဘာလို့ ငါ့ကို မထောက်ပံ့ပေးနိုင်ရတာလဲ...

စွန်းဒုန်ဟာမ် အလွန်စိတ်ရှုပ်ထွေးနေသည်။

ထိုအချိန်တွင် သူ့အမေ၏ မျက်လုံးများတွင် နာကျင်မှုနှင့် ဝမ်းနည်းမှု အရိပ်အယောင်များ ပေါ်လာသည်။ သူမသည် ခေါင်းယမ်းလိုက်ပြီး အားတင်း၍ပြင်းကာ “မင်းအဖေမှာလည်း လွယ်ကူနေတာတော့မဟုတ်ဘူး။ မင်း... ဒါနဲ့ မင်း ခုနက ပိုက်ဆံ ရှစ်သိန်းလိုချင်တယ် ပြောလိုက်တာလား? အမေ မင်းကို ဒီလ သုံးသိန်းပေးထားတယ် မလား?”

"ကျွန်တော်..အသုံးလိုလို့ပါ။ ဒီတစ်ခါတော့ ကျွန်တော် တကယ် အရေးကြီးတဲ့လုပ်စရာတွေ ရှိတယ်" စွန်းဒုန်ဟမ် ဖြည်းညှင်းစွာပြောလိုက်သည်။

"ဘာများလဲ? အမေ့ကို ပြောပါဦး" ဟု စွန်းအမေ သည် ပြုံးပြုံးလေးပြောလိုက်သည်။

"ကျွန်တော်...ကျွန်တော် စားသောက်ဆိုင်တစ်ဆိုင်က အဖွဲ့ဝင်ကတ်တစ်ခု လိုချင်လို့ပါ"

"စားသောက်ဆိုင် အဖွဲ့ဝင်ကတ်လား။ အဲဒါက ပိုက်ဆံအများကြီး ကုန်မှာ မဟုတ်ပါဘူး" စွန်းအမေ အံ့သြသွားသည်။

"အမေ"

စွန်းဒုန်ဟန်သည် ခဏလောက် စဉ်းစားလိုက်ပြီးမှ "အဲဒီဆိုင်က မုန့်မုန့်ရဲ့အပန်းဖြေရာစားသောက်ဆိုင် လို့ခေါ်တယ်။ အဖွဲ့ဝင်ကတ်ရဲ့ ဈေးနှုန်းက ယွမ် ၁ သန်း။ အဲဆိုင်က ကြက်ဥထမင်းကြော်က အရမ်းအရသာရှိတယ်။

ဆိုင်ရှင် ချက်ပြုတ်သမျှ အကုန်လုံးကို အရသာရှိတာ။ အထူးဖြင့် အိမ်ချက်ဟင်းလျာတွေဆိုရင် တော်တော်အရသာရှိတာ။ ဒါပေမဲ့ ကြက်ဥထမင်းကြော်ကလွဲရင် ကျန်တာတွေက အဖွဲ့ဝင်တွေပဲ စားလို့ရတာ။ အမေ ကျွန်တော် မနက်ဖြန် အမေ့ကိုပါခေါ်သွားမယ်။ အမေစားကြည့်ပြီးသွားရင် သိလိမ့်မယ်”

“ကောင်းပါပြီ ဒါဆို အမေ မနက်ကျရင် မင်းနဲ့လိုက်ခဲ့မယ်” စွန်းအမေသည် ခေါင်းညိတ်လိုက်သည်။

“ဟုတ် အမေ ကျေးဇူးတင်ပါတယ်” စွန်းဒုန်ဟမ်သည် ဤအချိန်တွင်တော့ ပြုံးလိုက်သည်။

စွန်းဒုန်ဟမ်၏ ယူဆချက်အရ သူ၏အမေသည် ကြက်ဥထမင်းကြော်ကို မြည်းစမ်းကြည့်ပြီးပါက သူမသည် သေချာပေါက် သူ့အား အဖွဲ့ဝင်ကတ်ပေးလိမ့်မည်ဖြစ်သည်။

ထိုနောက်တွင် စွန်းဒန်ဟမ်သည် စွန်းအမေဆီသို့ လက်ယမ်းပြလိုက်ပြီး
"အမေ ကျွန်တော် အခုပြန်တော့မယ်"

"ဟုတ်ပါပြီ ဖြည်းဖြည်းမောင်းနော်"

"ဟုတ် သိပါပြီ"

စွန်းဒုန်ဟမ် ထွက်သွားသည့်အခါ စွန်းအမေသည် သက်ပြင်းတချက်ချကာ အိမ်သို့ပြန်သွားခဲ့သည်။ စွန်းမန်သည် ဆက်တိုက်ချောင်းဆိုးနေသည်ကို တွေ့လိုက်ရသဖြင့် သူမ၏အမူအရာမှာ ပြောင်းလဲသွားပြီး စွန်းမင်၏ကျောကို လျင်မြန်စွာ ပုတ်ပေးလိုက်သည်။

"ရှင်ကလေးကို ဘာလို့ဒေါသထွက်နေရတာလဲ.." စွန်းအမေသည် အပြစ်တင်သည့်လေသံဖြင့် ပြောလိုက်သည်။

"အဟွတ် အဟွတ်..."
"ဟင်း...."

စွန်းမင် ခဏလောက် ချောင်းဆိုးပြီး သူ၏လက်ထဲမှ လက်ကိုင်ပုဝါကို ဖယ်လိုက်သည်။ သူ၏လက်ထဲတွင် အနီရောင် သွေးအစင်း အနည်းငယ်ရှိနေသဖြင့် စွန်းမင် သက်ပြင်းချကာ ပြောလိုက်သည်။

"ဒေါသမထွက်ပါဘူး။ စိုးရိမ်နေမိတာ။ ငါ့မှာ အချိန်က သိပ်မကျန်တော့ဘူး။ ဒီတိုင်းသာ ဆက်သွားရင် ကုမ္ပဏီက မျှော်လင့်ချက်မဲ့သွားလိမ့်မယ်။ ကုမ္ပဏီပိတ်သိမ်းလိုက်ရရင် မင်းရော ဘယ်လိုဖြစ်သွားမလဲ…"

"ရှောင်ဟမ်ကို ဘယ်လိုပြောရမလဲ?" စွန်းအမေသည် မျက်လုံးများနီရဲနေပြီး ပြောလိုက်သည်။

စွန်းမင် သက်ပြင်းချလိုက်ပြီး အနည်းငယ် ခေါင်းယမ်းလိုက်သည်။

……

နောက်တစ်နေ့မနက်ခင်း….

ကျန်းဟန်တံခါးဖွင့်လိုက်ပြီး သိပ်မကြာခင်တွင် ဘေးဆိုင်မှ မန်နေဂျာဝင်လာပြီး ထောင့်စွန်းစားပွဲတွင် ဝင်ထိုင်ရင်း ကျန်းဟန်အား ခေါင်းညိတ်ပြလိုက်သည်။

"ဆိုင်ရှင် ကြက်ဥထမင်းကြော်တစ်ပွဲ" မန်နေဂျာမှာလိုက်သည်.

"နာရီဝက်လောက်စောင့်ပါ" ကျန်းဟန်ပြန်ပြောသည်။

"ကောင်းပါပြီ"

သူဝင်လာပြီး မိနစ်အနည်းငယ်အကြာတွင် ငွေရောင်မြင်းဖြူ Z4 ကား သည် စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိလာသည်။

"အမေ ခဏနေရင် သေချာပေါက် အံ့သြသွားစေရမယ်လို့ ကျွန်တော် ကတိပေးတယ်"

စွန်းဒုန်ဟမ်သည် စွန်းအမေအား ကားပေါ်မှ ဆင်းရင်း အပြုံးလေးဖြင့် ပြောလိုက်သည်။

“ကောင်းပါပြီ ဒါဆို ပြီးမှ မြည်းစမ်းကြည့်ရတာပေါ့”

စွန်းအမေမှာ အနည်းငယ်ပြုံးလိုက်သည်။ သူမ၏အမူအရာမှာ အလွန်နူးညံ့သိမ်မွေ့ပြီး အမျိုးကောင်းသမီးတစ်ယောက်၏ဟန်ပန်လည်းရှိသည်။ အထဲသို့ မဝင်ခင် တံခါးဝမှ ကြော်ငြာဆိုင်းဘုတ်ကို သေချာစိုက်ကြည့်နေသည်။

ဆိုင်ဖွင့်ချိန်နှင့် မြင့်မားလှသော အဖွဲ့ဝင်ကတ်၏ဈေးနှုန်းကို သူမတွေ့လိုက်ရသည့်အခါတွင် သူမ၏အကြည့်များသည် အနည်းငယ် စူးစမ်းချင်စိတ် မဖြစ်ပေါ်လာဘဲ မနေနိုင်ပေ။

ထိုကဲ့သို့သော စားသောက်ဆိုင်ငယ်လေးက အဘယ်ကြောင့် ဤမျှ ထူးဆန်းနေသည်ကို သူမ နားမလည်ချေ။

"မင်္ဂလာပါ သူဌေး။ မုန့်မုန့် ဘယ်ရောက်နေလဲ?" စွန်းဒုန်ဟာမ်သည် နှုတ်ဆက်လိုက်ပြီးနောက် ပထမထပ်တွင် မုန့်မုန့်မရှိသည်ကို မြင်၍ မေးလိုက်သည်။

"ဒီမှာ..ဒီမှာ..."

ရုတ်တရက် ဆိုဖာပေါ်တွင် လှဲနေပြီး ဘေးတွင်ကစားနေသည့် မုန့်မုန့်သည် ထထိုင်လိုက်သည်။

"အိုး ဟဲဟဲ ..ဒါဆို တစ်နေ့ရာရာမှာ ပုန်းနေတာပေါ့။ မင်္ဂလာပါ မင်းသမီးလေး မုန့်မုန့်" စွန်းဒုန်ဟာမ်သည် ပြုံးပြုံးလေးပြောလိုက်သည်။

"အမ်..ကောင်းပါပြီ"

မုန့်မုန့်သည် သူမ၏လက်ကလေးကို ဝှေ့ယမ်းပြရင်း ပြန်ပြောသည်။

"အိုး ချစ်ဖို့ကောင်းလိုက်တာ။ အရမ်းချစ်ဖို့ကောင်းတာပဲ။ လှလိုက်တဲ့ကလေးလေး" စွန်းအမေ၏မျက်လုံးများမှာ ချက်ချင်းပင် ချစ်ခင်မြတ်နိုးမှုများဖြင့် ဖုံးလွှမ်းသွားသည်။

အထူးသဖြင့် မုန့်မုန့်ကဲ့သို့သော "ထူးခြားသည့်ဗီဇ"ရှိသည့် ကလေးများကို သူမ အလွန်ချစ်ပေသည်။

"ဒါပေါ့..သူဌေးက အရမ်းအံ့သြဖို့ကောင်းသလို သူ့ရဲ့သမီးလေးကလည်း အရမ်းလှတာ အမှန်ပဲ" စွန်းဒုန်ဟာမ်သည် ရယ်လိုက်ပြီး "လာ အမေ ဒီမှာထိုင်"

သူတို့သည် တိတ်ဆိတ်စွာပင် ထိုင်၍စောင့်နေလိုက်ကြသည်။

တစ်ဖက်တွင် စွန်းအမေသည် စားသောက်ဆိုင်၏ အလှဆင်မှုများကို လှည့်ပတ်ကြည့်ရှုနေသည်။ ဇိမ်ခံတီဗီနောက်ခံနံရံကို သူမ သတိပြုမိသော်လည်း စတိန်းဝေး စန္ဒယားအကြောင်းကိုတော့ သူမ သိပ်မသိပေ။ အိမ်၏အပြင်အဆင်ကိုကြည့်ခြင်းဖြင့် ပိုင်ရှင်၏အကြိုက်မှာအလွန်ကောင်းသည်ဟု သူမ ခံစားမိသည်။

၇ နာရီထိုးသည့်အချိန်တွင် စားပွဲဖြူဖြူလေးများ၌ လူပြည့်သွားသည်။ အပြင်ဘက် ပြတင်းပေါက်နားရှိ ထိုင်ခုံလေးများတွင်လည်း လူများ တန်းစီနေကြသည်။

"ဘာလို့ ဝင်မလာကြတာလဲ? ဒီမှာ ထိုင်ခုံတွေ ရှိတယ် မဟုတ်လား?"

စွန်းအမေသည် သိချင်စိတ်ဖြင့်မေးသည်။

"အမေ့ကို ကျွန်တော် ပြောဖူးတယ်မလား။ အဖွဲ့ဝင်တွေပဲ အဲဒီမှာထိုင်လို့ရတယ်။ ကြည့်လိုက် ကြည့်လိုက် အဲဒီလေးယောက်က ဒီက ပထမအဖွဲ့ပဲ"

စွန်းဒုန်ဟမ်သည် အပြင်ကို ညွှန်ပြသည်။

စွန်းအမေသည် အပြင်သို့လှမ်းကြည့်လိုက်ရာ လျှန်မုန့်ချီနှင့် အခြားနှစ်ဦးတို့ Voklswagen ကားထဲမှထွက်လာပြီး ကျောက်ဖုန်းသည်လည်း သူ၏ တိုယိုတာလန်ခရူဆာ ကားထဲမှ ဆင်းလာခဲ့သည်ကို တွေ့လိုက်သည်။

သူတို့သည် အထဲသို့ဝင်လာကြပြီး ကျန်းဟန်နှင့် မုန့်မုန့်ကို နှုတ်ဆက်လိုက်ကြသည်။

မကြာခင်တွင်ပင် ၇ နာရီ ၂၀ မိနစ်တွင် တံခါးဝ၌စောင့်နေသည့် ညှော့သည် တစ်ဒါဇင်ရှိပြီဖြစ်သည်။ စွန်းအမေသည် ဤဆိုင်ရှိ အစားအသောက်များမှာ အမှန်တကယ် မဆိုးကြောင်း မတွေးဘဲ မနေနိုင်ပေ။

သို့သော် သူမမှားသွားခဲ့သည်။

ကြက်ဥထမင်းကြော်၏ပထမဆုံး တစ်လုတ်ကို မြည်းစမ်းကြည့်လိုက်သည့်အခါ ကြက်ဥထမင်းကြော်အစစ်က ဘာလဲဆိုသည်ကို နောက်ဆုံးတွင် သူမနားလည်သွားသည်။ သိပ်မဆိုးတာမဟုတ်ဘဲ အလွန့်အလွန်ကောင်းမွန်နေခြင်းပင်ဖြစ်သည်။ စွန်းဒုန်ဟမ်သည် အယ်ကြောင့် ဤဆိုင်မှ အဖွဲ့ဝင်ကတ်ကို အရေးတကြီး လိုချင်နေသည်ကို နောက်ဆုံးတွင် သူမ သဘောက်ပေါက်သွားခဲ့သည်။

ကြက်ဥထမင်းကြော်မှ အလွန်မွှေးလွန်းသောကြောင့်ပင်ဖြစ်သည်။

စွန်းအမေသည် သူမ၏နှလုံးသားထဲတွင် ခါးသီးမှုများပြည့်နှက်နေပြီး တစ်ချိန်တည်းတွင် ပျော်ရွှင်နေခဲ့သည်။ သူမသည် အိမ်တွင် နှစ်ပေါင်းများစွာ ချက်ပြုတ်ခဲ့ပြီး ယခုကဲ့သို့ မွှေးကြိုင်သော ဟင်းကို တစ်ခါမျှ မချက်ပြုတ်ခဲ့ဖူးချေ။

သူဘယ်လိုများ ချက်လိုက်တာလဲ....

စွန်းအမေသည် သံသယများပြည့်နေခဲ့သည်။

ကြက်ဥထမင်းကြော်စားပြီးသည်နှင့် စွန်းအမေသည် မျက်လုံးများကို မှိတ်လိုက်ပြီး ၂ မိနစ်ခန့် အရသာခံနေခဲ့သည်။

“အမေ နို့ကို မြည်းကြည့်ဦး” စွန်းဒုန်ဟမ်သည် မှိုရသည့်မျက်နှာဖြင့် ပြောလိုက်သည်။

“ဟုတ်ပြီ”

စွန်းအမေသည် သူမ၏ခွက်ကို ကိုင်လိုက်ပြီး ပထမဆုံးနို့တစ်ကျိုက်ကို သောက်လိုက်သည်။

"ဒီနို့က..."

ဂလွတ် ဂလွတ်...

စွန်းအမေသည် နို့များအားလုံးကို တစ်မော့တည်းဖြင့် အကုန်သောက်ချလိုက်ပြီး စွန်းဒုန်ဟာမ်ကို ကြောင်တက်တက်ဖြင့် ကြည့်နေသည်။

"ဟီးဟီး...ဘယ်လိုလဲအမေ။ ကြက်ဥထမင်းကြော်က ဘယ်လိုနေလဲ? နို့ကရော သောက်လို့ကောင်းရဲ့လား?" စွန်းဒုန်ဟာမ်သည် မျှော်လင့်တကြီးအကြည့်ဖြင့် ပြောလိုက်သည်။

ဒီစားသောက်ဆိုင်မှာ ပထမဆုံးအကြိမ်စားသည့်အချိန်တွင် လူတိုင်းအံ့အားသင့်ခဲ့ကြရသည်ကို သိထားသင့်သည်။

ထိုနောက်တွင်တော့ သူတို့ ဤဆိုင်မှာ အရသာများကို စွဲလန်းလာကြသည်။ သူတို့၏နှလုံးသားထဲတွင် ထိတ်လန့်အံ့သြမှုများ ပျောက်ကွယ်သွားပြီး နက်ရှိုင်းသောမျှော်လင့်ချက်များက အစားထိုးလာမည်ဖြစ်သည်။

“တကယ်အရသာရှိတယ်…အရမ်းအရမ်းအရသာရှိတယ်” စွန်းအမေသည် စိတ်ရင်းအတိုင်းပြောလိုက်သည်။ “ဒီကဆိုင်ရှင်က အရမ်းအံ့သြဖို့ကောင်းတယ်။ ဒီလိုအရသာရှိတဲ့ အစားအသောက်ကို ပထမဆုံးတွေ့ဖူးတာပဲ။ နို့အရသာကလည်း အရမ်းပြင်းတယ်။ အရသာလည်းရှိတယ်….ဒါပေမဲ့……အဲဒါက အရမ်းမွှေးလွန်းပြီး တစ်ခုခုမှားနေသလားလို့။ အထဲမှာ တစ်ခုခုများထည့်ထားလို့လား……”

ထိုကဲ့သို့သော အလွန်ကောင်းမွန်သည့် အရသာအမျိုးအစားအကြောင်းကို သူမအရင်က

ဖတ်ခဲ့ဖူးသည်။ နောက်ဆုံးတွင် ခန္ဓာကိုယ်ကို အလွန်အန္တရာယ်ဖြစ်စေနိုင်သည့် ဓာတုဖြည့်စွက်စာများ ပါဝင်နေကြောင်းသူမသိလိုက်ရသည်။

သူမ၏အမူအရာကိုမြင်သည့်အခါ စွန်းဒုန်ဟာမ် ရယ်လိုက်ပြီး “အမေကလည်း အမေ့ရဲ့ဗိုက်ထဲမှာ တစ်ခုခုထူးခြားတာများ ခံစားရလို့လား? ခုဏက မုန့်မုန့် ဆိုတဲ့ မင်းသမီးလေးကလည်း ဒီအစားအသောက်တွေကိုပဲ စားတာလေ။အဖေတစ်ယောက်အနေနဲ့ သူ့သမီးကို မကောင်းတာတွေကျွေးပါ့မလား? ဒီဆိုင်ကိုလည်း သူဌေးက သူ့ရဲ့သမီးလေးအတွက် ဖွင့်ထားတာ။ အဖေနဲ့များ တခြားစီပဲ”

“အဲ့လိုမပြောပါနဲ့ မင်းအဖေက မင်းကို အရမ်းဂရုစိုက်ပါတယ်” စွန်းအမေသည် နူးညံ့စွာဖြင့်ပင်ပြောလိုက်သည်။

"မင်းအဖေက ဒီမနက်ကပဲ ဘဏ်ကတ်ကို သေသေချာချာပေးလိုက်တယ်။ အထဲမှာ အဖွဲ့ဝင်ကတ်ဝယ်ဖို့အတွက် ပိုက်ဆံပါပြီးသား"

"အွန်း..."

စွန်းဒုန်ဟာမ်သည် အနည်းငယ် ညှိုးငယ်စွာဖြင့်ပြန်ပြောသည်။

"သွားစို့။ မင်းရဲ့အဖွဲ့ဝင်ကတ်အတွက် စာရင်းသွားပေးကြမယ်"

စွန်းအမေသည် ရယ်မောလိုက်ပြီး စွန်းဒုန်ဟာမ်၏လက်ကို ဆွဲ၍ ကောင်တာဆီသို့ လျှောက်သွားလိုက်သည်။

-C 66 End

wunzinnosp

## အပိုင်း(၆၇)

ထိုအချိန်တွင် ကျန်းဟန်သည် မုန့်မုန့်အားချီ၍ စန္ဒယားဘေးရှိဆိုဖာလေးပေါ်သို့ တင်ပေးလိုက်ပြီး စန္ဒယားနှစ်ပုဒ်တီးရန် ပြင်သည်။

"သူငှေး ပိုက်ဆံရှင်းမယ်" စွန်းအမေသည် ညင်သာစွာပင်ပြောလိုက်သည်။

"ကောင်တာပေါ်တင်ထားခဲ့ပါ" ကျန်းဟန်သည် ပေါ့ပေါ့ပါးပါးပင် ဘက်ဖွေ့ယမ်းပြလိုက်ည်။

"ငါတို့ မန်ဘာကတ်အတွက် စာရင်းပေးချင်သေးတယ်" စွန်းအမေပြောလိုက်သည်။

"အင်း" ကျန်းဟန်ခေါင်းညိတ်ပြလိုက်ပြီး လျှောက်လာသည်။ အံဆွဲထဲမှ

သူ၏ဘဏ်ကတ်ကို ထုတ်ယူလိုက်ပြီး ပြောလိုက်သည်။
"ငွေလွှဲပြီးရင် ပေးပါမယ်"

"ကောင်းပါပြီ တစ်ခုလောက်မေးချင်လို့ အဖွဲ့ဝင်ကတ်တစ်ကတ်ကို လူသုံးယောက်စားလို့ရမလား" စွန်းအမေသည် သူမ၏ဖုန်းကို ထုတ်လိုက်ရင်းမေးသည်။

"မရဘူး"

"ဒါဆို…အဖွဲ့ဝင်တွေအတွက်အစားအသောက်က ဘယ်လိုဟာမျိုးတွေလဲ ပြီးတော့ ဘယ်အချိန်မှာ ပိုပြီးအရသာရှိတာတွေ စားလို့ရမလဲ?" စွန်းအမေသည် ထပ်မေးလိုက်သည်။

"မသေချာသေးဘူး"

"အဖွဲ့ဝင်တွေအတွက် ကြိုတင်စာရင်းပေးလို့ရလား? တစ်နေ့တာအတွင်း တခြားအချိန်တွေမှာရော စားလို့ရလား?" စွန်းအမေသည် အနည်းငယ်ချီတုံချတုံဖြစ်နေသည်။

ဤစားသောက်ဆိုင်သည် မြေအောက်လောက စားသောက်ဆိုင်ဖြစ်နိုင်သည့်ပုံရှိသည်။ အစားသောက်များသာ အမှန်တကယ်အရသာရှိနေသည်မဟုတ်ပါက စွန်းအမေသည် လှည့်ထွက်သွားပြီ ဖြစ်သည်။

"ကြိုတင်စာရင်းပေးတာတွေ လက်မခံပါဘူး။ ဆိုင်ဖွင့်ချိန်က အပေါက်ဝမှာရေးထားတယ်။ တစ်ချို့အချိန်တွေမှာတော့ မဖွင့်တာလည်း ရှိနိုင်တယ်" ကျန်းဟန် ရိုးရိုးသားသားပင် ပြန်ပြောလိုက်သည်။

"ဒါက..."

စွန်းအမေ၏ အမူအရာမှာ အေးခဲသွားသည်။

"အိုက်ယား...အမေ့ သူဌေးရဲ့ အဖွဲ့ဝင်တွေအတွက်အစားအသောက်တွေက ပိုပြီးအရသာရှိတာပေါ့။ အိမ်မှာ ပုံမှန်ချက်တဲ့ ဟင်းတွေနဲ့ ဖက်ထုပ်တွေလည်း ချက်ဖူးတယ်။ တကယ်ကို အရသာရှိတာ။ နောက်ကျရင် ပိုပြီး အရသာရှိတာတွေ ချက်ပြုတ်ဦးမှာလို့

သူဌေးကပြောတယ်။ ပထမဆုံး ၁၀ ယောက်ပဲ ဈေးသက်သက်သာသာနဲ့ရတာနော်”

စွန်းဒုန်ဟမ်သည် အနည်းငယ် စိတ်မရှည်သည့်လေသံဖြင့်ပြောသည်။

“ဒါဆို အဖွဲ့ဝင်ကတ်သုံးခုဝယ်လိုက်မယ်” စွန်းအမေသည် ခဏစဉ်းစားလိုက်သည်။ ဈေးနှုန်းသည် အလွန်မြင့်မားသည်ဟု သူမ ခံစားရသော်လည်း အရသာရှိလှသောအစားအသောက်များ၏ ဆွဲဆောင်မှုကိုလည်း တောင့်မခံနိုင်ချေ။

“အရမ်းကောင်းတယ်. နောက်ဆုံးတော့ ငါ့မှာ အဖွဲ့ဝင်ကတ် တစ်ခုရှိပြီကွ” စွန်းဒုန်ဟမ်သည် နံပါတ်ငါးအဖွဲ့ဝင်ကတ်ကို ရတနာတစ်ခုကဲ့သို့ ထုတ်ယူလိုက်ပြီး ဝမ်းသာကြည်နူးနေသည်။

"အရင်ပြန်ကြရအောင်။ ဒီည မင်းအဖေဆီဖုန်းဆက်ပြီး ပြောလိုက်ပါဦး" စွန်းအမေ ပြုံးလိုက်သည်။

"အမ်..ကောင်းပြီ"

အဖွဲ့ဝင်ကတ်တစ်ခုနှင့်အတူ စွန်းဒုန်ဟမ်သည် ဝမ်းသာပီတိဖြင့် သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်။

မူလက စွန်းဒုန်ဟမ်သည် ကျန်းဟန်စန္ဒယားတီးသည်ကို ထိုင်နားထောင်ချင်သော်လည်း လှည့်ကြည့်လိုက်သည့်အခါ သူထိုင်သည့်စားပွဲတွင် တခြားသူရှိနေသည်ကို တွေ့သည့်အခါ သူ၏အမေနှင့် ထွက်ခွာသွားခဲ့သည်။

သူသည် စားသောက်ဆိုင်တွင် အဖွဲ့ဝင်ဖြစ်နေပြီဖြစ်ပြီး အဖွဲ့ဝင်ထိုင်ခုံတွင် ထိုင်နိုင်သည်ကို မေ့သွားခဲ့သည်။

......

ရှစ်နာရီခွဲတွင် ဧည့်သည်များ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြသည်။ ကျောက်ဒါဟူနှင့် ကျောက်ဖုန်းသည် မပြန်ခင်တွင် ဆိုင်ကို သန့်ရှင်းရေးလုပ်သွားကြသည်။

ဒင်...

ကျန်းဟန်၏ဖုန်းမှာ မြည်လာသည်။ ၎င်းမှာ ဇီယန်၏နေ့စဉ်ဖုန်းခေါ်ဆိုမှုပင်ဖြစ်သည်။

"ကျန်းဟန်"

"အင်း"

အဖွင့်စကားမှာ ခါတိုင်းနှင့် တစ်ထပ်တည်းပင်ဖြစ်သည်။ သို့သော် ဤတစ်ကြိမ်တွင် ဇီယန်သည် ပျော်ရွှင်နေသည့်လေသံဖြင့် ပြောခဲ့ခြင်းဖြစ်သည်။

"မနက်ဖြန်နေ့လည် အလုပ်ပြီးရင် လင်းဟိုင်မှာ လမ်းလျှောက်ထွက်ဖို့ စီစဉ်ထားတယ်။ မုန့်မုန့်အတွက် ဘယ်လိုလက်ဆောင်မျိုး ယူလာရင် ကောင်းမလဲဟင်?"

“မင်း ကြိုက်တာသာ ဝယ်ခဲ့ပါ” ကျန်းဟန် ပေါ့ပေါ့ပါးပါးပင် ဖြေသည်။

“ကျွန်မကြိုက်တာကိုပေးလို့ဘယ်လိုဖြစ်မှာလဲ? သူမအလိုချင်ဆုံးလက်ဆောင်ကို ကျွန်မပေးရမယ်။ အဲဒါမှ ကျွန်မအလုပ်ပြီးလို့ ပြန်လာတိုင်း မုန့်မုန့်က မျှော်နေမှာ” ဇီယန်သည် ညည်းညူလိုက်ပြီး “မုန့်မုန့် လိုချင်တာတစ်ခုခုကို ရှင်မသိဘူးလား”

“သူမလိုချင်တာတော့ ဘာမှ ထွေထွေထူးထူးမရှိပါဘူး....အိုး...ဟုတ်သားပဲ...ဒီနေ့ ရောင်စုံစုတ်တံတစ်စုံကို သူမ တကယ်လိုချင်နေတာပဲ” ကျန်းဟန် ၎င်းကို တွေးမိပြီးပြောလိုက်သည်။

“ရောင်စုံစုတ်တံအစုံလား? ကောင်းပြီ ကျွန်မသိပြီ။ မုန့်မုန့်အတွက် ဝယ်မပေးနဲ့ဦးနော်။ ကျွန်မ တစ်စုံလုံးဝယ်ပြီး ယူလာခဲ့မယ်”

"မင်း ဟောင်ကောင်ကို ပြန်ရောက်မှ ဝယ်လည်းအဆင်ပြေတာပဲကို"
ကျန်းဟန် ရယ်ရမလား ငိုရမလား မသိ။

"အဲလိုမျိုးဆိုရင် အဓိပ္ပာယ်က ဘယ်တူတော့မှာလဲ။ ဟမ့် ရှင့်လို ဘီလူးကြီးကတော့ လူတွေရဲ့ ခံစားချက်ကို ဘယ်နားလည်နိုင်မှာလဲ?"
ဇီယန် နှာခေါင်းရှုံ့လိုက်ပြီး "ကောင်းပြီ မုန့်မုန့်ကို ဖုန်းပေးလိုက်ပါဦး။ ကျွန်မ သမီးနဲ့စကားပြောချင်တယ်"

"ကောင်းပြီ"
ကျန်းဟန် ခေါင်းယမ်းလိုက်ပြီး ဆိုဖာဆီသို့လျှောက်သွားကာ မုန့်မုန့်အား ဖုန်းပေးလိုက်သည်။

"မေမေလား?"
မုန့်မုန့်သည် သူမ၏ကြည်လင်သည့်မျက်လုံးကြီးများကို မှိတ်တုတ်မှိတ်တုတ်ဖြင့် ဖုန်းကိုယူလိုက်သည်။

မင်းသမီးလေးသည် အသံချိုချိုလေးဖြင့် "မေမေ. မေမေ ဘယ်တော့ပြန်လာမှာလဲ? သမီးမေမေ့ကိုလွမ်းနေပြီ"

"..."

ဤစကားဝိုင်းမှာ အချိန်အနည်းငယ်ကြာမြင့်ဦးမည့်ပုံရှိသည်။

သူတို့သားအမိနှစ်ယောက် စကားပြောနေချိန်တွင် ကျန်းဟန် အားလပ်သွားသည်။ သူ၏လက်တော့ရှေ့တွင်ထိုင်ပြီး အင်တာနက်တွင် တင်ထားသည့်သီချင်း၏ တိုးတက်မှုကို စစ်ဆေးရန် ပြင်လိုက်သည်။

လီဖန်းသာ ဤမြင်ကွင်းကို သိလိုက်ပါက တုနှိုင်းမရသည့် ထိတ်လန့်မှုများဖြင့် သူကိုယ်သူ ရေရွတ်မိမည်မှာ သေချာသည်။

"ဆော့ဖ်ဝဲလ်ကို မြန်မြန်ဖွင့်ပြီးလာခဲ့ပါ။ ဆော့ဖ်ဝဲလ်ကို

မြန်မြန်ဖွင့်ပြီးလာခဲ့ပါ အစ်ကိုရေ မြန်မြန်ဖွင့်ပါလို့ တောင်းပန်းပါတယ်....”

သို့သော် ကျန်းဟန် ဆေးခန်းဖွင့်ခါနီးတွင် ညှော့သည်တစ်ယောက် စားသောက်ဆိုင်ထဲသို့ ဝင်လာခဲ့သည်။

ညှော့သည်မှာ ကျန်းဟန်၏ အာရုံကို ဆွဲဆောင်သွားပြီး ထရပ်ကာ လျှောက်သွားလိုက်သည်။

“ဆရာ ဒီမှာ မင်းပြောထားတဲ့ ခတ်ပုံ ၂၀ ပါ” စတူဒီယိုမှ ဝန်ထမ်းသည် သေတ္တာရှည်လေးကို အပြုံးဖြင့် ကမ်းပေးသည်။

“အင်း”

ကျန်းဟန်သည် သေတ္တာကို လက်ခံရရှိသည့်အခါ ပြုံးလိုက်သည်။

“ဒါဆို ကျွန်တော်သွားပါတော့မယ် ဆရာ။ နောင်ကျရင်လည်း ခတ်ပုံရိုက်ချင်တဲ့အခါ ကျွန်တော်တို့

စတူဒီယိုကိုလာရောက်ဖို့ ဖိတ်ခေါ်ပါတယ်ခင်ဗျ”
ဝန်ထမ်းသည် မပြန်ခင်တွင် ပြုံး၍ နှုတ်ဆက်သွားသည်။

ကျန်းဟန် သေတ္တာကို စားပွဲပေါ်တင်ပြီး ဖွင့်လိုက်သည်။ အထဲတွင် ခါတ်ပုံကြီးတစ်ပုံရှိနေသည်။

“မေမေ…အာ..သမီး မေမေနဲ့ စကားမပြောတော့ဘူး..ဖေဖေနဲ့ခါတ်ပုံလှလှလေးတွေသွားကြည့်တော့မယ်”
ၚင်းကိုမြင်လိုက်သည်အခါ မုန့်မုန့်၏မျက်လုံးများမှာ တောက်ပလာပြီး ကလေးဆန်သည့် အသံလေးဖြင့် ပြောလိုက်သည်။

“ခါတ်ပုံတွေလား?”
ဇီယန် အနည်းငယ် အံသြသွားသည်။

သူမတစ်ခုခုပြောရန် ပြင်လိုက်သည့်အချန်တွင် ဖုန်းမှ တူတူ ဟုသည့် အသံထွက်ပေါ်လာသည်။

“ဖုန်းချသွားပြန်ပြီလား?”

ဇီယန် စိတ်ထဲတွင် မကျေမနပ်ဖြစ်သွားပြီး “မုန့်မုန့်က ငါ့ကို အရင်ဖုန်းချတတ်သွားပြီပေါ့”

ရေရွတ်လိုက်ရင်းဖြင့် ဇီယန်၏မျက်လုံးများတွင် စိုးရိမ်သည့်အရိပ်အယောင်များ ပေါ်လာသည်။

မုန့်မုန့်သည် သူမ၏ဖေဖေနှင့် ပို၍ အဆင်ပြေလာပုံရသည်။ ဤသို့သာဆိုလျှင် တစ်နေ့တွင် မုန့်မုန့်သည် ကျန်းဟန်ထံမှာ ထွက်ခွာနိုင်ပါ့မလား။ သူမထွက်သွားပြီးရင် ကျန်းဟန်နောက်လိုက်သွားမှာလား? ဒါဆိုရင် သူမ ဘာလုပ်သင့်သနည်း။

မုန့်မုန့်မရှိလျှင် ဇီယန်သည် သူမ ဘာလုပ်မည်ကို မတွေးပင်မတွေးဝံ့ပေ။

သူမသည် အလုပ်များကို အမြန်ဆုံးအပြီးသတ်ပြီး မုန့်မုန့်ကို ကောင်းကောင်းပြုစုစောင့်ရှောက်ရန် ဆန္ဒရှိသည်။

ထို့ပြင် သူမသည် မုန့်မုန့်ကို ယွမ်ရင်ဥယျာဉ်သို့ပြန်ခေါ်လာပြီးလျှင် သူမရက်အနည်းငယ် ထွက်သွားချင်သည်။ သူမသည် မုန့်မုန့် ကျန်းဟန်အား အလွန်အမင်းယုံကြည်အားထားသွားမည်ကို မလိုချင်ပေ။

မှန်ပေသည်။ ဤစိုးရိမ်မှုများအားလုံးသည် လုံခြုံမှုကင်းမဲ့ခြင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အကယ်၍ အမျိုးသမီးတစ်ဦးသည် လုံခြုံမှုမရှိပါက သူမ၏အတွေးများမှာ သဘာဝကျကျပင် အထိန်းအကွပ်မဲ့သွားမည်ဖြစ်သည်။

ထို့အပြင် ဇီယန်သည် မုန့်မုန့်အား ပြုစုပျိုးထောင်ရန် လွယ်ကူခဲ့သည်မဟုတ်ပေ။ သုံးနှစ်ခွဲအရွယ်ကလေးငယ်ကို ပြုစုမျိုးထောင်ခြင်းမှာ အလွန်ပင်ပန်းသည့် တာဝန်ဖြစ်သည်။ ဤနယ်ပယ်တွင် အတွေ့အကြုံရှိသည့်သူတိုင်း ကလေးများသည် ပြုစုထိန်းကျောင်းရန် အခက်ဆုံးဖြစ်ကြောင်း သေချာပေါက် သိပေလိမ့်မည်။

ဧယန်၏ပတ်ဝန်းကျင်ရှိ စိုးရိမ်သောကများနှင့်ပြည့်နေသောလေထုနှင့်ယှဉ်လျှင် မုန့်မုန့်၏အပန်းဖြေရာစားသောက်ဆိုင်အတွင်း၌ တကယ်ကို အေးချမ်းနေပေသည်။

"ဖေဖေ ဖေဖေ ဒီပုံက အရမ်းကြည့်လို့ကောင်းတယ်။ ဒါကို ချိတ်ထားရမယ်"

မုန့်မုန့်သည် ပထမဆုံးဓာတ်ပုံကိုကြည့်ပြီးပြောသည်။ ၎င်းမှာ မုန့်မုန့်နှင့်ဖေဖေ တို့၏ ဓာတ်ပုံပင်ဖြစ်သည်။

"ကောင်းပြီ ဒီတစ်ခုကို ချိတ်ထားလိုက်မယ်" ကျန်းဟန် ပေါ့ပါးသည့် အပြုံးလေးဖြင့်ပြောသည်။

"ဒါလည်း အရမ်းကောင်းတာပဲ။ ဖေဖေက အရမ်းချောတယ်။ ဒါကိုလည်း ချိတ်ထားရမယ်"

"ဒါလည်းကောင်းတယ်။ မုန့်မုန့်က နှုတ်ခမ်းစူထားတယ်။ ပါးပါးလည်း နှုတ်ခမ်းစူထားတယ်...ဟီးဟီး..."

"ဒီဟာရော...ပြီးတော့ ဒါရော..."

မုန့်မုန့်သည် ပုံ ၂၀ လုံးကို လျင်မြန်စွာပင် အကြံပြု မှတ်ချက်ပေးခဲ့သည်။ မုန့်မုန့်၏ မျက်လုံးထဲတွင် သူမ၏ပုံဖြစ်ဖြစ် ဖေဖေနှင့်သူမ၏ပုံဖြစ်ဖြစ် သူမတို့နှစ်ယောက်စလုံးမှာ အရမ်းလှနေပေသည်။

"အမ်...."

ကျန်းဟန် ရယ်ရမလား ငိုရမလားပင်မသိတော့။ "မုန့်မုန့် ဖေဖေတို့မှာ ဓာတ်ပုံဘောင်က ၁၄ ခုပဲရှိတယ်။ ဒါကြောင့် ၁၄ ပုံပဲ ရွေးလို့ရတယ်"

"ဟမ်...မရဘူး"

မုန့်မုန့်သည် သူ၏စကားကိုကြားလိုက်သည့်အခါတွင် နှုတ်ခမ်းလေးကိုစူကာ မပျော်မရွှင်ဖြင့် ပြောလိုက်သည်။ "ဖေဖေ ဒါတွေအကုန်လုံးကို ချိတ်ထားရမယ်။ ဒါတွေအားလုံးက ကြည့်လို့ကောင်းနေတာကို...."

“ဟုတ်ပါပြီ...အားလုံးချိတ်ထားလိုက်မယ်”

ကျန်းဟန် ရယ်မောလိုက်ပြီး “မင်းသမီးလေး မုန့်မုန့်ရဲ့စကားကို နားထောင့်ပါ့မယ်ဗျာ...ဟုတ်ပြီလား?”

“ကောင်းတယ် ကောင်းတယ်” မုန့်မုန့်သည် ချက်ချင်းပင် ပျော်ရွှင်လာပြီး ရယ်မောလိုက်ကာ “ဖေဖေက အကောင်းဆုံးပဲ”

“ဟားဟားဟား....”

ကျန်းဟန်သည် ခေါင်းယမ်းပြီး ရယ်မောလိုက်ကာ “ပထမထပ်မှာ ၁၄ ပုံပဲ ချိတ်လို့ရမယ်။ ၆ ပုံကျန်နေသေးတယ်။ ဖေဖေတို့ ဘာလို့ တစ်ချို့ကိုရွေးပြီး ဒုတိယထပ်မှာ မချိတ်ရမှာလဲ? ဒါဆိုရင် ပထမထပ်မှာရော ဒုတိယထပ်မှာပါ ဖေဖေတို့ပုံတွေကို တွေ့နိုင်တာပေါ့”

“အိုး....ကောင်းတယ် ကောင်းတယ်”

မုန့်မုန့်သည် စဉ်းစားလိုက်ပြီး သဘောတူလိုက်သည်။ သူမနှင့်ဖေဖေသည် ဒုတိယထပ်တွင် ချိတ်မည့် ဓာတ်ပုံခြောက်ပုံကို တစ်နာရီကြာအောင် ရွေးချယ်ခဲ့ကြသည်။

နောက်ဆုံးတွင် ကျန်းဟန်သည် ပထမထပ်၏ စန္ဒယားဘက်ခြမ်းတွင် သူနှင့်မုန့်မုန့်တို့၏ ဓာတ်ပုံ ၈ ပုံကို ချိတ်လိုက်ပြီး မုန့်မုန့်၏ သီးခြားဓာတ်ပုံ ၆ ပုံအား အခြားနံရံတွင် ချိတ်လိုက်သည်။ ဒုတိယထပ်တွင် ကျန်သည့် ဓာတ်ပုံ ၆ ပုံကို ချိတ်လိုက်သည်။ ထိုဓာတ်ပုံများတွင် ၂ ပုံမှာ အတူတွဲရိုက်ထားသည့်ပုံဖြစ်ပြီး ကျန်လေးပုံမှာ မုန့်မုန့်၏ သီးခြားဓာတ်ပုံလေးပုံဖြစ်သည်။

"ဖေဖေ ဒုတိယထပ်မှာ ဘောင်လည်းမရှိဘူး" မုန့်မုန့်သည် နံရံပေါ်ရှိ အနက်ရောင်ရုပ်ပုံဘောင်ကြီးကို လက်ကလေးဖြင့်ညွှန်ပြရင်း ပြောလိုက်သည်။

"ဒါဆို အပြင်ထွက်ပြီး ခတ်ပုံဘောင်လေးတွေ သွားဝယ်ကြရအောင်"

ကျန်းဟန်ပြောလိုက်သည်။

"ကောင်းတယ်...ရှောပင်းမောလ်ကိုသွားကြမယ်..ဝယ် ဝယ် ဝယ်"

မုန့်မုန့်သည် ဖေဖေနှင့်ဈေးဝယ်ရသည်ကို အလွန်သဘောကျသည်။

မေမေနှင့်အတူ ကုန်တိုက်သို့သွားသည့်အခါတိုင်း သရေစာမုန့်များစားချင်သော်လည်း မေမေသည် အနည်းငယ်သာ ဝယ်ပြီး အရုပ်များကိုလည်း အကန့်အသတ်နှင့်သာ အမြဲဝယ်သည်။

ဇီယန်ပြောသည့်စကားမှာ ကလေးများက တစ်စုံတစ်ခုကို မဆင်မခြင်မဝယ်ရဘူး ဟူ၍ပင်။

သို့သော် နောက်ပိုင်း ကျန်းဟန်ဆီသို့ရောက်လာသည့်အချိန်တွင်တော့...

မုန့်လား ... ဝယ် ဝယ် ဝယ်။

အရုပ်လား ...ဝယ် ဝယ် ဝယ်။

၎င်းမှာ မုန့်မုန့်အား စျေးဝယ်ခြင်း၏ တကယ့်အနှစ်သာရကို တွေ့ကြုံခံစားစေခဲ့ပြီး စျေးခြင်းလှည်းများမှာ အပြည့်ပင်ဖြစ်ခဲ့သည်။

သို့သော် ပြောရမည်ဆိုလျှင် အရုပ်များနှင့် အခြားကစားစရာများကို ဝယ်သည်က နည်းနည်းပို၍ များပေသည်။ ကျန်းဟန်သည် သူမအတွက် သရေစာများကို အများအပြားဝယ်မပေးဘဲ ဤသို့ပြောလေ့ရှိသည်။

"မုန့်မုန့် သမီး ဒီမုန့်တွေကုန်အောင်စားပြီးရင် ဖေဖေတို့ ထပ်ဝယ်ကြမယ်"

ထိုစကားက မုန့်မုန့်ကို ကျေနပ်သွားစေသည်။

သို့သော်လည်း သူမ ကုန်အောင်စားပြီးသည့်အချိန်တိုင်းတွင်

ရက်အနည်းငယ်ကြာပြီးမှသာ ကျန်းဟန်သည် စူပါမားကတ်သို့သွားလေ့ရှိသည်။ သူသည် မုန့်မုန့်အား သရေစာများ အများအပြားစားခွင့်မပေးပေ။

ယခုအချိန်တွင် မုန့်မုန့်သည် ခေတ်ပုံဘောင်များသွားဝယ်ကြမယ် ဟု ကြားလိုက်ရသဖြင့် အလွန်ပျော်ရွှင်သွားသည်။ ဖေဖေနှင့် အပေါ်ထပ်သို့လိုက်သွားကာ အဝတ်အစားများလဲပြီးနောက် အောက်ထပ်သို့ပြန်ဆင်းကာ ကားပေါ်တက်ပြီး အနီးအနားရှိ ရှော့ပင်းမောလ်သို့ မောင်းသွားသည်။

ကားတစ်စီး သွားဝယ်ရမလား...

ကျန်းဟန် ခဏလောက် စဉ်းစားကြည့်လိုက်သည်။ သူငှားထားသည့် Jeep Wrangler မှာ ယာယီကားတစ်စီးသာဖြစ်သည်။ အစပိုင်းတွင် ပိုက်ဆံမလောက်သောကြောင့် ကားမဝယ်ခဲ့ခြင်းပင်။ ယခု

ကျန်းဟန်တွင် ကားဝယ်ရန် လုံလောက်သောပမာဏဖြစ်သည့် ၆ သန်းကျော် သူ၏ဘဏ်ကတ်ထဲတွင်ရှိသည်။

ဤလေးရက်တာ လည်ပတ်မှုတွင် ကျန်းဟန်သည် ၇ သန်းကျော် ဝင်ငွေရရှိခဲ့ပြီး အဖွဲ့ဝင်ကတ် ၇ ကတ်ကို ရောင်းချနိုင်ခဲ့သည်။ အဖွဲ့ဝင်ကတ်များတွင် အသုံးပြုထားသည် ၁ သန်းကို နုတ်လိုက်ပြီးနောက် သူသည် ၆ သန်းနှင့် ၃ သိန်းခန့် ကျန်းသေးသော်လည်း ကျန်းဟန်သည် ငွေပမာဏအတိအကျကို ဂရုမစိုက်ပေ။

ထို့အပြင် ကားတစ်စီးဝယ်လျှင် ကားအများစုမှာ ၆ သန်းဖြင့် ဝယ်၍ရပေသည်။ အတိအကျပင် သန်းဆယ်ဂဏန်းတန်သည့် Austion Martin နှင့် Roll-Ryce Phantom Shadow ကဲ့သို့သော စူပါကားကြီးများလည်း ရှိပေသည်။

သို့သော် ကျန်းဟန်သည် ထိုကားများကို ဝယ်ရန် အစီအစဉ်မရှိပေ။ ယခင်ကဆိုလျှင်တော့ ကျန်းဟန်သည်

ဇိမ်ခံကားများနောက်ကို အမီလိုက်နေမည် ဖြစ်နိုင်သော်လည်း ယခုတွင်တော့ ကျန်းဟန် ခပ်ပါးပါးလေး ပြုံးလိုက်ရုံသာရှိတော့သည်။

-C 67 End

wunzinnosp

## အပိုင်း( ၆၈)

ထိုနှစ်များတွင် သူအပြင်ထွက်ချင်သည့်အချိန်တိုင်း ဟန်ယန်အင်မော်တယ်ကေရာဇ်၏စီးတော်ယာဉ် နဂါးကိုးကောင်စစ်ရထားကို စီးခဲ့သည်။ နဂါးကိုးကောင်စစ်ရထားသည် ကျင့်ကြံခြင်းကမ္ဘာတွင် တန်ဖိုးကြီးရတနာတစ်ခုဖြစ်ပြီး သာမန်ကားများနှင့် မည်သို့နှိုင်းယှဉ်နိုင်မည်နည်း။

မတူညီသည့်အမြင်ရှုထောင့်များဖြင့်ဆိုလျှင် ဦးတည်ချက်ပန်းတိုင်များမှာလည်း တူညီမည်ဟုတ်ပေ။ Lamborghini တစ်စီး နှင့် Jetta တစ်စီးကို တွဲ၍ ရပ်ထားလျှင်ပင် ကျန်းဟန်၏မျက်လုံးထဲတွင်တော့ ကားဆိုသည်မှာ ကားများသာဖြစ်ပြီး အတူတူပင်ဖြစ်သည်။

"မုန့်မုန့် ဖေဖေတို့ ကားတစ်စီးအရင်သွားဝယ်ကြရအောင်။ ပြီးမှ ခါတ်ပုံဘောင် သွားဝယ်ကြမယ်...အိုကေလား?"

ကျန်းဟန်သည် အမြဲတမ်း ပေါ့ပေါ့ပါးပါးဖြင့်ပင် စိတ်ထဲရှိသည့်အတိုင်းလုပ်ချင်ရာ လုပ်တတ်သူဖြစ်ပြီး နောက်ကြည့်မှန်မှတဆင့် မုန့်မုန့်အားကြည့်၍ မေးလိုက်သည်.

"အိုး...အရပ်ကားသွားဝယ်မှာလား?"
မုန့်မုန့်၏မျက်လုံးများ တောက်ပလာသည်။

"အဲဒါမဟုတ်ဘူးလေ"
ကျန်းဟန် ရယ်ရခက် ငိုရခက်ဖြင့်

“စီးတဲ့ ကားလေ။ အခု ဖေဖေ မောင်းနေတဲ့ ကားမျိုးကို ပြောတာ”

“အိုး”

မုန့်မုန့် ခဏလောက်စဉ်းစားလိုက်ပြီး “အင်း...ဖေဖေပြောတာ နားထောင်မယ်”

မင်းသမီးလေးသည် ကားမောင်းရသည်ကို သိပ်စိတ်မဝင်စားသော်လည်း ဖေဖေနှင့်အတူတူနေရသရွေ့ အလွန်ပျော်ရွှင်ပေသည်။

“ဒါဆို အရင်ဆုံး ကားသွားဝယ်ကြမယ်” ကျန်းဟန် မီးနီကို စောင့်ဆိုင်းရင်း သူ၏ဖုန်းကို ထုတ်ကာ Automobile City (ကားမြို့တော်) ၏ တည်နေရာကို ရှာဖွေလိုက်သည်။

Automobile City (ကားမြို့တော်) သည် ကားအရောင်းအဝယ်လုပ်ငန်းနှင့် ကားအမှတ်တံဆိပ်များစွာကို တစ်နေရာတည်းစုစည်းကာ ဗဟိုမှချုပ်ကိုင်ပြီး ကွဲပြားသည့်

ရောင်းဝယ်ရေးနေရာတစ်ခုအဖြစ် ဖန်တီးထားသည့် ကားဈေးကွက်တစ်ခုဖြစ်သည်။ ကျယ်ပြန့်သော ရွေးချယ်စရာများ၊ အဆင်ပြေကောင်းမွန်သည့် ဝန်ဆောင်မှု၊ မီစီမံခန့်ခွဲမှုစံနှုန်း၊ ညှိနှိုင်းဆွေးနွေးမှု၊ ကားရွေးချယ်မှု၊ ချေးငွေ၊ အာမခံ၊ ရောင်းဝယ်ခြင်း၊ ဝယ်ယူခြင်း စသည့် အားသာချက်များဖြင့် ကားအမျိုးအစားအမျိုးမျိုးနှင့် အမှတ်တံဆိပ်အမျိုးမျိုးတို့ ရှိသည့်အတွက် ကားတစ်စီးဝယ်ရန် အဆင်ပြေသည့်နေရာဖြစ်သည်။

တည်နေရာကို ရှာဖွေပြီးနောက် ကျန်းဟန်သည် ကားမြို့တော်ဆီသို့ အလျင်အမြန် ဦးတည်လိုက်သည်။

ဟောင်ကောင်သည် ငွေကြေးကြွယ်ဝသည့် လူကုံထံများအတွက် ပရဒိသု သုခဘုံတစ်ခုဖြစ်ပြီး အခြေခံအလုပ်သမားများအတွက် ငရဲပင်ဖြစ်သည်။

ကားမြို့တော်၏ ပင်မတံခါးနောက်ဘက်ရှိ စားပွဲခုံရှေ့တွင် ကားဝယ်သူကိုယ်စားလှယ်(ပွဲစား) တစ်ဒါဇင်ကျော် မတ်တပ်ရပ်နေကြသည်။

သူတို့အားလုံးသည် ဧည့်သည်များကို စောင့်ဆိုင်းနေကြပြီး ဖောက်သည်များကို ဝန်ဆောင်မှုပေးရန် တန်းစီနေသည့် အတိုင်းပင်ဖြစ်သည်။ ဖောက်သည်တစ်ဦးကို ဝန်ဆောင်မှုပေးပြီးနောက် တန်းစီရန် နေရာသို့ပြန်လာသည့်အခါတိုင်း သူတို့သည် ခဏတာ အနားယူကြလိမ့်မည် ဖြစ်သည်။

"ဟက်ချိုး..."

ပထမဆုံးနေရာမှ အမျိုးသမီးသည် ရုတ်တရက် နှာချေလိုက်သည်။ သူ၏မျက်နှာကို ကြည့်ရသည်မှာ အအေးမိနေသည့်ပုံရသည်။

"လီလီ မင်းဘယ်လိုဖြစ်ပြီး အအေးမိလာတာလဲ?" နောက်ကျောမှ လူတစ်ယောက်က မေးလိုက်သည်။

“ပြောကိုမပြောချင်ပါဘူး မနေ့က အစမ်းမောင်းတဲ့ ဧည့်သည်တစ်ယောက်နဲ့လိုက်သွားတာ နည်းနည်းအအေးမိသွားတယ်”
လီလီ သက်ပြင်းချလိုက်သည်။

“ဟီးဟီး…မင်း အဝတ်အစားမလုံ့တလုံ ဝတ်ပြီး ဖောက်သည်တွေကို ဆွဲဆောင်ဖို့ကြိုးစားတာ မအောင်မြင်ဘူးမလား?”
နောက်လူတစ်ယောက်က ဝင်၍ အရွှန်းဖောက်သည်။

“သွားစမ်းပါ!”
လီလီသည် မကျေမနပ်ဖြင့် မျက်စောင်းထိုးလိုက်သည်။

“ဧည့်သည်လာနေပြီ။ အဲဒါ Jeep Wrangler တစ်စီးပဲ” စကားပြောနေသည့် လူသည် အလွန်မျက်လုံးစူးရှသည်။ ကားနံပါတ်ပြားပေါ်ရှိ အပြာရောင်ဆေးရောင်နှင့် တာယာများကိုစိုက်ကြည့်ပြီးနောက် သူသည် “ဒီလူက ကားကို ငှားထားပြီး ဒီကို ကားဝယ်ဖို့

ခဏမောင်းလာတာပဲဖြစ်မယ်။ လီလီ ဒါကြောင့် ဒီအရောင်းအဝယ်ကတော့ အလုပ်ဖြစ်မယ်ထင်တယ်”

“ဟက်ချိုး…”

လီလီသည် နှာချေလိုက်ပြီးနောက် သူမ၏နောက်မှ မြင်းမြီးဆံပင်နှင့်ကောင်မလေးကို ကြည့်လိုက်ပြီး “ရှောင်ယွမ် ဒီတစ်ခုကို ယူလိုက်ပါလား။ ငါ ခဏအနားယူချင်လို့”

“အိုး…ကောင်းပြီလေ”

ရှောင်ယွမ်ဟုခေါ်သည့် မိန်းကလေးက ခေါင်းညိတ်ပြလိုက်ပြီး ဖောက်သည်အား ကြိုဆိုရန် ထရပ်လိုက်သည်။

“ဟင်း… ကားငှားစီးထားတဲ့သူက ဘယ်လိုလုပ်ပြီး သူဌေးဖြစ်နိုင်မှာလဲ” လီလီသည် ခေါင်းယမ်းပြီး သက်ပြင်းချလိုက်သည်။

နောက်ဘက်မှ အမျိုးသားများသည်လည်း ခေါင်းယမ်းပြီး တိတ်တိတ်လေးပြုံးလိုက်ကြသည်။

ပရော်ဖက်ရှင်နယ် ပွဲစားတစ်ယောက်အနေဖြင့် သဘာဝကျကျပင် သူမ၏မျက်လုံးမှာ စူးရှသည်။ ကျန်းဟန်အား တစ်ချက်ကြည့်လိုက်ရုံဖြင့်ပြောနိုင်သည်မှာ ကျန်းဟန်သည် ကားကို ငှားရမ်းထားသည်။ ထို့ကြောင့် သူမသည် ကျန်းဟန်အား အကြိမ်အနည်းငယ် အကဲခတ်လိုက်သည်။ သူ၏အဝတ်အစားများမှာ သာမန်ထက် အနည်းငယ်ပိုကောင်းသော်လည်း သူ၏လက်ထဲရှိ ဂျင်းဝတ်စုံကိုဝတ်ဆင်ထားသည့် ကလေးမလေးမှာ ပို၍ပင် ဖက်ရှင်ကျနေသည်။

ဤသည်ကိုကြည့်ခြင်းဖြင့် ဝါရင့်ပွဲစားများသည် ကျန်းဟန်မှာ ချမ်းသာသည့်သူတစ်ဦးမဟုတ်ကြောင်း၊ အစိတ်အပိုင်းတစ်ချို့ကို ဝယ်ရန် သို့မဟုတ် ရောင်းချပြီး အခြားပစ္စည်းများကို ဝယ်ယူရန် လာသူဖြစ်နိုင်သည်ဟု ခံစားရစေသည်။

လီလီသည် အအေးဒဏ်ကြောင့် အနည်းငယ်ပင်ပန်းနေပြီး အချည်းအနှီးအလုပ်များကို မလုပ်ချင်သောကြောင့် သူမနောက်မှ ရှောင်ယွမ်ကို လက်ခံရန် စေလွှတ်လိုက်ခြင်းဖြစ်သည်။

ရှောင်ယွမ်သည် လူသစ်တစ်ယောက်ဖြစ်သောကြောင့် သူမသည် အမျိုးမျိုးသော စည်းမျဉ်းများကို နားမလည်ဘဲ တစ်ခါတည်းလက်ခံလိုက်သည်။ သူတို့ကို နှုတ်ဆက်သွားပြီးနောက် သူမ၏မျက်နှာတွင် အပြုံးတစ်ခုရှိနေသည်။

“မင်္ဂလာပါဆရာ ကားမြို့တော်က ကြိုဆိုပါတယ်ရှင့်။ ကားကြည့်ချင်လို့လားမသိဘူး?”

“သမီးတို့ ကားကြည့်ဖို့လာတာပါ” မုန့်မုန့်သည် သူမ၏လက်ကလေးကို မြှောက်၍ ပြန်ဖြေသည်။

“ဘယ်လောက်လှတဲ့ ကလေးမလေးလဲ” ရှောင်ယွမ် သူမကို မချီးကျူးဘဲ မနေနိုင်ပေ။

ထိုသို့သော ချီးကျူးမှုများကို ကြုံရပါများလာသည့်အခါ မုန့်မုန့်သည် အနည်းနှင့်အများ ခံနိုင်ရည်ရှိလာခဲ့သည်။

"ဆရာကြိုက်တဲ့ မော်ဒယ် အမျိုးအစားတွေရှိလား" ရှောင်ယွမ် ပြုံး၍မေးသည်။

"မရှိပါဘူး။ တစ်ချက်လောက်ကြည့်ကြတာပေါ့" ကျန်းဟန် ဘာသိဘာသာပင် ပြန်ဖြေသည်။

"ကောင်းပါပြီ ဆရာ။ ကျေးဇူးပြုပြီး ဒီလမ်းကလာပေးပါ"

ရှောင်ယွမ်သည် ပြုံး၍ပြောသည်။ သူမသည် ကျန်းဟန်ထက် အနည်းငယ် ပိုမြန်ပြီး ရှေ့မှ ဦးဆောင်ကာ ကား၏ညာဘက်ခြမ်းဆီသို့ လျှောက်သွားခဲ့သည်။

"ဆရာ ကျွန်မတို့ဆီမှာ အနိမ့်စား၊ အလတ်စားနဲ့ အဆင့်မြင့်ဆိုပြီး ကားအမျိုးအစားပေါင်း ၃၆ မျိုးရှိပါတယ်။ ကြည့်ကြည့်ပါ။ ဒီကားက နောက်ဆုံးပေါ် Meteng အမျိုးအစားပါ။ စျေးနှုန်းသက်သာပြီး လူကြိုက်များတဲ့ ကားပါ"

ကျန်းဟန်သည် သူ၏ခေါင်းကို အနည်းငယ် လှည့်လိုက်သည်နှင့် ရှောင်ယွမ်သည် ချက်ချင်းပင် ရှေ့မှ ဦးဆောင်ကာ ခြေလှမ်းအနည်းငယ် လျှောက်သွားလိုက်သည်။ သူမသည် ဘေးနားမှ ကားကို ညွှန်ပြပြီး “ဒီနေရာက Volkswagen အတွက် ရည်ရွယ်တာပါ…”

ကျန်းဟန်သည် မုန့်မုန့်အား ချီဆောင်ပြီး Volkswagen အပြည့်ရှိနေသည့် ဧရိယာကို ဖြတ်၍ Buick အပိုင်းသို့ ရောက်ရှိလာသည်။ ခဏအကြာတွင် Ford အပိုင်း သို့သွားလိုက်ကြသည်။

“မုန့်မုန့် ဒီကားတွေထဲက သမီးကြိုက်တဲ့ကားတွေ့လား?” ကျန်းဟန်ပြုံး၍ မေးလိုက်သည်။

“အိုး…ဘယ်လိုပုံတွေလဲ မမှတ်မိတော့ဘူး။ အများကြီးမှ အများကြီးပဲ…”
မုန့်မုန့်သည် နှုတ်ခမ်းလေးကိုစူလိုက်သည်။

"ဒါဆို SUV ကားတွေကို သွားကြည့်ရအောင် မော်ဒယ်အမြင့်တွေ့ထဲကပဲပြပေး"
ကျန်းဟန် ခေါင်းညိတ်လိုက်ပြီး ရှောင်ယွမ်ကို ကြည့်ကာ ပြောလိုက်သည်။

"ကောင်းပါပြီ ဆရာ။ ဒီဘက်ကို ကြွပေးပါ..."
ရှောင်ယွမ်၏မျက်လုံးများမှာ တောက်ပလာသည်။

ကျန်းဟန်၏ ဂရုမစိုက်သည့်ဟန်ပန်ကို ကြည့်ရလျှင် သူသည် အမှန်တကယ် ကားဝယ်ရန် ရောက်လာသည့်ပုံရသည်။ ရှောင်ယွမ် ဦးဆောင်ပြီး SUV ဧရိယာဆီသို့ လျှောက်သွားပြီး ကျွမ်းကျင်စွာဖြင့်ပင် ကားများကို မိတ်ဆက်ပေးသည်။

"ဒါက အဆင့်မြင့် SUV ပါ။ ဒီတစ်ခုကိုကြည့်ကြည့်ပါ ဒါက Babos M grate..."

"ဒါက Casillac Khaled…"
"ဘရန်းနယူး BMW X5 နဲ့ BMW X6 ဆိုရင်ရော ဆရာ…"
"ဒါကတော့ Audi Q7…"

ရှောင်ယွမ်သည် ကျန်းဟန်၏အမူအရာကို အကဲခတ်ရင်း ကားများစွာကို မိတ်ဆက်ပေးခဲ့သော်လည်း ကျန်းဟန်သည် တစ်ချိန်လုံး တည်ငြိမ်နေသည့် အမူအရာကြောင့် ရှောင်ယွမ်မှာ ကျန်းဟန် ဘာကိုတွေးနေမှန်း မခန့်မှန်းနိုင်ခဲ့ချေ။

လုံလုံလောက်လောက် ကြည့်ရှုပြီးနောက်တွင် ကျန်းဟန်သည် မုန့်မုန့်အား ထပ်မေးသည်။
"မုန့်မုန့် သမီးအခုတွေ့တဲ့ဟာတွေရော ကြိုက်လား?"

"အိုး…အားလုံးကောင်းပါတယ်။ အကုန်လုံးက ကြည့်ရတာ အတူတူပဲ…"
မုန့်မုန့်သည် စဉ်းစားပြီးပြန်ပြောသည်။

သားအဖနှစ်ယောက်တွင် ကျန်းဟန်သည် အလွန်ပေါ့ပေါ့ပါးပါးပင်ရှိပြီး သူလိုချင်သည့်ကားကို

ဝယ်နိုင်သည်။ မုန့်မုန့်သည်တော့ ကားကြီးများကို စိတ်မဝင်စားသဖြင့် ဤတစ်ခေါက် ကားဝယ်ရသည်မှာ အချိန်းဖြုန်းနေခြင်းပင်။

သူ၏ဘေးနားရှိ ရှောင်ယွမ်မှာ အာခေါင်များပင် ခြောက်သွားသည်။

"ပြိုင်ကားတွေဘက်ကို သွားကြည့်ရအောင်" ကျန်းဟန် ဘာသိဘာသာပင် ပြောသည်။

"ကောင်းပါပြီဆရာ ဒီဘက်ကိုကြွပါ..." ရှောင်ယွမ် ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဒီ BMW Z4 က ဂန္ထဝင်ကားတစ်စီးပါ... ဒါက Posche 911... ဒီမှာ Posche 458 လည်းရှိပါတယ် Maserati GT ဆိုရင်ရော ဘယ်လိုထင်လဲ ဒီ Lamborghini ဆိုရင်ရော ..."

ပတ်ပတ်လည်ကို ကြည့်ရှုပြီးနောက် ကျန်းဟန်သည် မုန့်မုန့်ကို နောက်တစ်ကြိမ် ပြန်ကြည့်၍ မေးလိုက်သည်။ “သမီးကြိုက်တဲ့ကား ရှိလား”

ရှောင်ယွမ်၏မျှော်လင့်တကြီး အကြည့်အောက်တွင် မုန့်မုန့်သည် ခဏလောက် စဉ်းစားပြီး နှုတ်ခမ်းလေးစူကာ “မရှိဘူး” ဟု ပြန်ဖြေသည်။

မုန့်မုန့်၏ဖြေသည် ရှောင်ယွမ်ကို အနည်းငယ် စိတ်ခတ်မကျဘဲ မနေနိုင်အောင် ဖြစ်သွားစေသည်။

သူတို့သည် ကားမြို့တော်၏ တစ်ဝက်ကျော်ခန့် လမ်းလျှောက်ပြီးဖြစ်၍ ကားအလုံအလောက်ကို ကြည့်ရှုပြီးပြီဖြစ်သည်။ သူတို့ထဲမှ တစ်ခုမှပင် စိတ်မဝင်စားပါက ပြီးဆုံးသွားပေပြီ။

ကျန်းဟန် အမှန်တကယ် ကားတစ်စီးဝယ်ပါ့မလား ဟူ၍ပင် ရှောင်ယွမ် သံသယဖြစ်မိသည်။

သို့သော် နောက်အခိုက်အတန့်တွင်တော့ မုန့်မုန့်၏စကားများက သူမအား မျှော်လင့်ချက်ရောင်ခြည်သန်းလာစေသည်။

မုန့်မုန့်သည် သူမ၏ကြည်လင်သည့် မျက်လုံးကြီးများဖြင့် ပတ်ပတ်လည်ကိုကြည့်ကာ ရုတ်တရက် သူမလေး၏လက်ကလေးကို မြှောက်၍ ရှေ့သို့ညွှန်ပြရင်း

"ဖေဖေ ဖေဖေ အဲဒီကားကိုကြည့် အရမ်းကြည့်လို့ကောင်းတာပဲ..."

"အိုး?"

ကျန်းဟန်နှင့်ရှောင်ယွမ်၏ အကြည့်များသည် မုန့်မုန့်၏လက်ဖဝါးလေး ညွှန်ပြသည့် ဦးတည်ရာအတိုင်း လိုက်သွားကြသည်။

ရှောင်ယွမ်သည် ကားကို မြင်လိုက်ရသည့်အခါ သူမ၏နှလုံးခုန်နှုန်းများ မြန်ဆန်လာသည်။

“တစ်ချက်လောက် သွားကြည့်ရအောင်” ကျန်းဟန် ပြောလိုက်ပြီး ကားဆီသို့ လျှောက်သွားလိုက်သည်။

ရှောင်ယွမ်သည် အမြန်နောက်မှ လိုက်ကာ နွေးထွေးသော အပြုံးဖြင့် ပြောသည်။

“ဆရာ ဒီကားက Land Rover ရဲ့ Peak Creation ကိုမှ အမြင့်ဗားရှင်း ဖြစ်ပြီးတော့ သူ့ရဲ့ စွမ်းဆောင်ရည်က 5.0 အင်ဂျင်နဲ့ အမြင့်ဆုံးမြင်းကောင်ရေ 550 HP ရှိပါတယ်။ ပြီးတော့ အမြန်နှုန်းကလည်း ၅.၂ စက္ကန့်ကို ကီလိုမီတာ ၁၀၀ ရှိပါတယ်။ ဒါက သိပ်မကြာခင်ကမှ ထုတ်ခဲ့တဲ့ Land Rover စီးရီးမှာ တန်ဖိုးအကြီးဆုံးကားလည်းဖြစ်ပါတယ်။ ကျွန်မတို့အားလုံးက သူ့ကို ကမ္ဘာ့တန်ဖိုးအကြီးဆုံး SUV လို့တောင် ခေါ်ကြပြီး သူ့ရဲ့ခံနိုင်ရည်အားနဲ့ တွက်ကြည့်ရင် ဒါက ဆရာနဲ့ တကယ်ကို သင့်တော်တဲ့ကားတစ်စီးပါ”

“အင်း…မဆိုးဘူး မဆိုးဘူး” ကျန်းဟန်၏အကြည့်များမှာ တည်ငြိမ်နေဆဲဖြစ်သော်လည်း

သူမကို ချီကျူးစကားတစ်ခုခုပြောခြင်းသည် ဒါ ပထမဆုံးအကြိမ်ဖြစ်သည်။

“ဟုတ်ကဲ့ပါဆရာ။ ဒီကားရဲ့ အတွင်းခန်းကလည်း အရမ်းကို ဇိမ်ခံကားတစ်စီးမှန်းသိသာစေပါတယ်။ ပြီးတော့....”

မျှော်လင့်ချက်လေးရှိနေသည်ကို မြင်သည့်အခါ ရှောင်ယွမ်သည် ဤကားကို ကောင်းကောင်းမိတ်ဆက်ပေးရန် ပြင်လိုက်သော်လည်း မင်းသမီးလေး၏ ကလေးဆန်သည့်အသံလေးက သူမအား အကြင်နာမဲ့စွာ ကြားဝင်နှောင့်ယှက်လိုက်သည်။

“အမ်...မဟုတ်ဘူး.မဟုတ်ဘူး..အဲဒါမဟုတ်ဘူး။ ဒီဟာ...ဒီဟာ...။ ဒီဟာကမှ လှတဲ့ဟာ”

မုန့်မုန့်သည် Land Rover နှင့် မနီးမဝေးနေရာကို ညွှန်ပြသည်။

ရှောင်ယွမ် ကြည့်လိုက်သည့်အချိန်တွင် သူမ၏အမူအရာမှာ အေးခဲသွားသည်။

ထိုနေရာတွင် ရပ်ထားသည့် အလွန်ချစ်စရာကောင်းသော Geely Panda တစ်စီးရှိသည်။

"သွားကြည့်ရအောင်"

ကျန်းဟန် ပေါ့ပေါ့ပါးပါးပင် ပြုံးလိုက်သည်။

ရှောင်ယွမ်၏ စိတ်ခံစားချက်များမှာ အမြင့်ဆုံးထိ ရောက်ရှိသွားပြီးမှ ဟိုးအောက်ခြေထိ ကျဆင်းသွားပြီး စကားပင် မပြောနိုင်တော့လောက်အောင် စိတ်မသက်မသာခံစားလိုက်ရသည်။ သို့သော်လည်း သူမသည် ကားကို မိတ်ဆက်ပေးလိုက်သေးသည်။

"ဒီကားက Geely Panda ပါ။ သူ့ရှေ့မျက်နှာပြင်ကို ပါးစပ်ကြီးကြီးတစ်ခုပုံစံ ဒီဇိုင်းထုတ်ထားပြီးတော့ မျက်နှာတစ်ခုလုံးက အလွန်ချစ်စရာကောင်းတဲ့ ခံစားချက်ကို ပေးစွမ်းပါတယ်။ ဒီကားလေးက

ချစ်စရာကောင်းတဲ့ဗားရှင်းဖြစ်ပြီးတော့ ဈေးနှုန်းက ၃၅၉၉၀ ယွမ် ပါ…”

ရှောင်ယွမ် သူ့ကို ပြောပြသည့်အချက်လက်များကို ကျန်းဟန် သဘာဝကျကျပင် နားလည်ပေးသည်။

ယခင်တုန်းက ကျန်းဟန်သည် ကားများကို လေ့လာခဲ့ဖူးပြီး စူပါပြိုင်ကား တစ်ဒါဇင်ခန့်ရှိသည်။ သူသည် ယခုကားများနှင့်ပက်သက်၍ အနည်းငယ် ပေါ့ပေါ့ပါးပါးရှိသော်လည်း ကား၏ဖွဲ့စည်းပုံမှာ အနည်းငယ် နိမ့်နေသေးသည့်ပုံရသည်။

“ဖေဖေ ဒါက အရမ်းလှတာပဲ။ အဲဒါက ပန်ဒါအကြီးကြီးလို့မထင်ဘူးလားဟင်။ အရမ်းချစ်စရာကောင်းတယ် အရမ်းအရမ်းချစ်စရာကောင်းတယ်…ခစ်ခစ်…”

မုန့်မုန့်သည် တခစ်ခစ်ရယ်မောလိုက်သည်။

"ဒါဆို ဒါကိုဝယ်လိုက်မယ်"

ကျန်းဟန်သည် ပေါ့ပေါ့ပါးပါးပြုံးလိုက်ပြီး ရှောင်ယွမ်ကို ပြောလိုက်သည်။

"ကောင်းပါပြီ"

ရှောင်ယွမ် ပြုံးလိုက်ပြီး "ဒီဘက်ကို ကြွပါ ဆရာ...ကျွန်မ ဆရာကို ငွေချေဖို့ခေါ်သွားပေးပါမယ်"

"ကောင်းပြီ"

ကျန်းဟန်သည် ရှောင်ယွမ်၏နောက်မှ ရောင်းဝယ်ရေးခန်းမသို့ လိုက်သွားခဲ့သည်။

ငွေချေလက်မှတ်ထိုးခါနီးတွင် ကျန်းဟန်သည် ရုတ်တရက် ခေါင်းမော့လိုက်ပြီး

"ဒီမှာ ကားကို ပြင်ဆင်လို့ရမလား"

"ပြန်ပြင်ဆင်မှာလား?"

ရှောင်ယွမ် ကြောင်အသွားပြီး ထိုကိစ္စကို သူမသိပ်နားလည်သဖြင့် အရောင်းတာဝန်ခံဝန်ထမ်းဟောင်းကို မသိစိတ်က လှမ်းကြည့်လိုက်မိသည်။

"ဟုတ်ကဲ့ ပြင်လို့ရပါတယ်။ ကျွန်တော် ဆရာကို ခေါ်လိုက်ပါမယ်။ သခင်လေး ကျေးဇူးပြုပြီး ခဏစောင့်ပေးလို့ရမလား"
(ဆရာချင်း ထပ်သွားမှာစိုးလို့ သခင်လေးပြောင်းလိုက်ပါတယ်)

ဝန်ထမ်းဟောင်းက ပြုံးပြုံးရွှင်ရွှင်ဖြင့် ပြောသည်။

"ကောင်းပြီ"

၅ မိနစ်ခန့်အကြာတွင် အပြာရောင်ယူနီဖောင်းဝတ်ထားသည့် အသက်လေးဆယ်ကျော် အမျိုးသားတစ်ယောက် လျှောက်လာသည်။ သူသည် ဝန်ထမ်းဟောင်းကို ခေါင်းညိတ်ပြလိုက်ပြီး ကျန်းဟန်ကိုကြည့်ကာ

"သခင်လေး Geely Panda တစ်စီး ဝယ်ခဲ့တာလား။ သခင်လေး ဘယ်လိုမျိုး ပြောင်းလဲချင်လဲ သိလို့ရမလား"

"အကောင်းဆုံးဖြစ်အောင် ပြန်ပြင်လိုက်ပါ"

ကျန်းဟန်၏စကားကြောင့် လူစုမှာ အံ့သြသွားသည်။

"သခင်လေး ဘယ်လောက်ထိပြုပြင်မလဲဆိုတာ ကန့်သတ်ချက်မရှိပါဘူး"

Geely Panda ဝယ်သူသည် ၎င်းကို ပြင်ဆင်ရန် မည်မျှအထိ သုံးစွဲမည်ကို သူမသိပေ။

-C 68 End

wunzinnosp

## အပိုင်း(၆၉)

ကျန်းဟန်သည် ကားကိုဝယ်ရန် ဆုံးဖြတ်လိုက်စဉ်က ရှောင်ယွမ်သည် သူ့အား အနည်းငယ်သာပိုက်ဆံရှိသူဟု ထင်မှတ်လိုက်သောကြောင့် စိတ်ရှုပ်သွားသည်။ သို့သော် ယခု သူသည် ကားကို ပြင်ဆင်မွမ်းမံသည့်အကြောင်းပြောလိုသည့်အခါမှသာ ငွေမည်မျှပင်ကုန်ကျသည်ဖြစ်စေ သူမရောင်းချထားသည်ဖြစ်သရွေ့ သူမ၏ စွမ်းဆောင်မှုအဖြစ်သတ်မှတ်မည်ဖြစ်သည်။

၎င်းကိုတွေးကြည့်လိုက်သည့်အခါ သူမ၏စိတ်ထဲတွင် အနည်းငယ် စိတ်လှုပ်ရှားလာသည်။ ငွေသည် ငွေသာဖြစ်ပေသည်။ သို့သော် ရုတ်တရက်ကြီး အံ့အားသင့်စရာဖြစ်လာလိမ့်မည်ဟု သူမ မျှော်လင့်မထားမိပေ။

“ကားရဲ့ ပုံသဏ္ဍာန်ကို နည်းနည်းပြောင်းလို့ရတယ်။ ပန်ဒါတစ်ကောင်ပုံစံ၊ ချစ်ဖို့ကောင်းရမယ်၊ အင်ဂျင်၊ အတွင်းခန်း

စသဖြင့်ပေါ့။ အကောင်းဆုံးဆိုတာကို လိုချင်တယ်” ကျန်းဟန် သူ့ကိုယ်သူ ရေရွတ်လိုက်သည်။

“အကောင်းဆုံး...”

ပြင်ဆင်မည့် ကျွမ်းကျင်ပညာရှင်သည် အနည်းငယ်စဉ်းစားလိုက်ပြီး ကျန်းဟန်၏မျက်နှာကိုကြည့်ကာ ချီတုံချတုံလေသံဖြင့် ပြောသည်။ “အင်ဂျင်ဆိုရင်တော့ Audi A8L ကို ပြန်အစားထိုးလို့ရပေမယ့် ဈေးနှုန်းကတော့...”

“ဈေးက အရေးမကြီးဘူး။ ကျွန်တော်လိုချင်တာ ဒီကားရဲ့ အသွင်အပြင်ပဲ။ အကောင်းဆုံးပုံစံကိုပဲ လိုချင်တယ်။ ဒါကြောင့် အခုပဲ စာရင်းလုပ်လိုက်ပါ” ကျန်းဟန်ပြောလိုက်၏။

“ကောင်းပြီ ခဏစောင့်ပေးပါ။ သခင်လေးအတွက် အခု ချရေးလိုက်မယ်” ကျွမ်းကျင်ပညာရှင်၏ မျက်လုံးများ တောက်ပလာသည်။

ဘောပင်တစ်ချောင်းကို ကောင်ကိုင်ကာ စတင်ရေးချတော့လေ၏။

၁၅ မိနစ်အကြာတွင် ကျန်းဟန်၏ မျက်စိရှေ့မှောက်တွင် စာရင်းတစ်ခု ချထားလိုက်သည်။ ရှောင်ယွမ်သည်လည်း ၎င်းကို ဘေးမှ ငုံ့ကြည့်လိုက်ရာ ထိုရှုပ်ထွေးသော အစိတ်အပိုင်းများကို အမှန်တကယ် နားမလည်သော်လည်း စာရင်း၏အဆုံးတွင် ကျသင့်ငွေကို ၁၇ သိန်း ဟု ရှင်းရှင်းလင်းလင်း တွေ့လိုက်ရ၏။

"၁၇ သိန်း..."

ရှောင်ယွမ်၏ နှလုံးမှာ လျင်မြန်စွာ ခုန်လာပြီး နောက်တစ်ဖန် စိတ်လှုပ်ရှားသွားပြန်သည်။ နောက်ဆုံးတွင် ၁၇ သိန်းနှင့် ရှောင်းလိုက်နိုင်ပါက သူမ ကော်မရှင်အနည်းငယ်တော့ ရနိုင်ပေသည်။

"ကောင်းပြီ မင်းရေးထားတဲ့အတိုင်း ပြင်ဆင်မွမ်းမံလိုက်ပါ။ မင်းကို ၂ သန်း ပေးခဲ့မယ်။ လိုင်စင်နံပါတ်ပြားနဲ့ စတေကာတွေ အားလုံးအတွက်ရော။

မနက်ဖြန် လခြမ်းပင်လယ်ကွေ့က မုန့်မုန့်၏အပန်းဖြေရာစားသောက်ဆိုင်ကို ပို့ပေးပါ” ကျန်းဟန်သည် စက္ကန့်အနည်းငယ်ကြာအောင် ကြည့်ရင်း ကား၏စနစ်အသေးစိတ်အချက်အလက်များကို ကောင်းစွာနားလည်သွားပြီး ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်သည်။

“ကောင်းပါပြီ သခင်လေး။ ဒါဆို ဒီအော်ဒါကို ဘယ်လိုမျိုး ရေးလိုက်ရမလဲ…” ကျွမ်းကျင်ပညာရှင်သည် တံတွေးမျိုချရင်း မေးလိုက်သည်။

“မင်းကြိုက်သလိုသာ ရေးလိုက်”

ရုတ်တရက်ဆိုသလိုပင် အားလုံး၏မျက်လုံးများ တောက်ပလာပြီး နောက်ဆုံးတွင် သူတို့သည် ကျန်းဟန်၏အော်ဒါကို စုစုပေါင်း ယွမ် ၁.၈ သန်းထားလိုက်ပြီး အပို ၂ သိန်းမှာ သူတို့၏ ဘောက်ဆူးပင်ဖြစ်သည်။

ထိုနောက်တွင် စာရွက်စာတမ်းအချို့ကို စတင်ပြင်ဆင်လိုက်ကြပြီး သူ၏မှတ်ပုံတင်ကတ် မိတ္တူအနည်းငယ်ကို ကူးယူကာ စာရွက်စာတမ်းအချို့ကို လက်မှတ်ရေးထိုးကြသည်။ အလုပ်ပြီးသည့်အချိန်တွင် ၁၂ နာရီပင် ထိုးနေပြီဖြစ်သည်။

အရာအားလုံးကို ဂရုတစိုက်လုပ်ပြီးနောက် ကျန်းဟန်သည် မုန့်မုန့်နှင့်အတူ ကားမြို့တော်မှ ထွက်လာပြီး အနီးအနားရှိ ဈေးဝယ်စင်တာသို့ ခေတ်ပုံဘောင်များဝယ်ရန် သွားလိုက်သည်။

အခြားတစ်ဖက်တွင် ကျန်းဟန်အား ကားရောင်းရန်ခေါ်သွားခဲ့သည့် ရှောင်ယွမ်သည် အရောင်းအဝယ်တွင် ပါဝင်သည့် ဝန်ထမ်းဟောင်း၊ ကျွမ်းကျင်ပညာရှင်တို့နှင့် ခဏတာ စကားပြောဆိုခဲ့ပြီး နောက်ဆုံးတွင် ယွမ် ၂ သိန်းခန့်ကို ရှောင်ယွမ်နှင့်ကျွမ်းကျင်ပညာရှင်သည် ၉ သောင်းစီ၊

ဝန်ထမ်းဟောင်းအတွက် ၂ သောင်း အသီးအသီး ဝေစုရှယ်ယာ ခွဲလိုက်ကြသည်။

ရှောင်ယွမ်သည် ပျော်ရွှင်စွာဖြင့်ပင် တန်းစီရာနေရာသို့ ပြန်လာခဲ့သည်။

သူမသည် ထိုဘောက်ဆူးထဲမှ ယွမ် ၉ သောင်းသာမက ရောင်းရငွေ ၁.၈ သန်းမှလည်း ကော်မရှင်ရဦးမည်ဖြစ်သည်။ သို့သော် ဘောက်ဆူး ၉ သောင်းနှင့်ယှဉ်လျှင်တော့ အတော်ပင်နည်းပေသည်။

"ရှောင်ယွမ် မင်းကားတစ်စီးရောင်းခဲ့လား? ခုနက ညွှန်သည့်ပဲလား?"
လီလီ လှည့်၍ မေးလိုက်သည်။

သူမသည် ချမ်းသာပုံရသည့် ဖောက်သည်တစ်ဦးကို လက်ခံခဲ့ပြီးဖြစ်သော်လည်း ထိုလူသည် လှည့်ပတ်မေးရုံသာရှိပြီး ပြန်သွားခဲ့သည်။ သူ၏နောက်မှ အခြား ပွဲစားများလည်း အတူတူပင်ဖြစ်သည်။

ကားအရောင်းသမားများသည် နေ့တိုင်း ကားရောင်းနိုင်ခြင်းမရှိဘဲ တစ်ခါတစ်ရံ တစ်လလျှင် တစ်စီး နှစ်စီးသာ ရောင်းနိုင်ပြီး တစ်ခါတစ်ရံတွင် တစ်လလုံးနေမှ တစ်စီးပင် မရောင်းရပေ။

လီလီသည် သူမနှင့်အတူဖောက်သည်ကို အရောင်းအဝယ်စင်တာသို့ ခေါ်ဆောင်လာသည်ကို တွေ့လိုက်ရသပြီး သူမ တစ်ခုခု ရောင်းနိုင်ခဲ့မည်ဟု ယူဆသဖြင့် မနေနိုင်ဘဲ မေးလိုက်သည်။

"အင်း သူ ကားတစ်စီးဝယ်သွားတယ်" ရှောင်ယွမ် ပြုံး၍ ပြန်ဖြေသည်။

ထိုစကားကို ကြားသည့်အခါ အားလုံး၏အမူအရာများမှာပြောင်းလဲသွားပြီး ရှောင်ယွမ်အား အနည်းငယ်မနာလိုစွာဖြင့် ကြည့်လိုက်ကြသည်။

လီလီသည် ပို၍ပင် နောင်တရမိသွားသည်။ ထိုသူသည် သူ၏ညီ့သည်ဖြစ်သင့်သော်လည်း သူမက ထိုသို့ စွန့်လွှတ်လိုက်သည်။

"သူက ဘယ်လိုကားမျိုး ဝယ်သွားတာလဲ?" လီလီ အသက်ပြင်းပြင်းတစ်ချက်ရှူရင်း မေးလိုက်သည်။

သူမတစ်ယောက်တည်းသာမဟုတ် အခြားသူများလည်း ရှောင်ယွမ်၏ အဖြေကို စောင့်မျှော်နေကြသည်။

ထိုခဏတွင် ကွင်းပြင်ရှိ လေထုမှာ အနည်းငယ် တင်းကြပ်သွားသည်။

လူတိုင်း၏အကြည့်အောက်တွင် ရှောင်ယွမ်က ပြုံးလိုက်ပြီး "Geely Panda တစ်စီးဝယ်သွားတာ ဒါပေမဲ့...."

သို့သော် သူမ၏ စကားပင်မဆုံးလိုက်ဘဲ ရယ်မောသံများကို ကြားလိုက်ရသည်။

"Geely Panda လား..."

"အဲဒါလည်း ကောင်းပါတယ်။ ဘာမှမရောင်းရတာထက်စာရင် ပိုကောင်းတာပေါ့"

"ဘာပဲဖြစ်ဖြစ် ကော်မရှင်ခလေးနဲ့ ညနက်သန်းခေါင် အဆာပြေမုန့်လေး ဘာလေး စားလို့ရပါသေးတယ်"

"..."

လူတိုင်းသည် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ပြောနေကြသည်။ သူတို့၏လေသံတွင် လှောင်ပြောင်ထေ့ငေါ့မှုမရှိသော်လည်း မထီမဲ့မြင်ပြုခြင်းနှင့် စိတ်သက်သာရာရသွားသည့် အရိပ်အယောင်များ ရှိနေသေးသည်။

လီလီသည် လေးလံသောဝန်ထုပ်ကို ပုခုံးပေါ်မှ ပစ်ချလိုက်ရသကဲ့သို့ ခံစားလိုက်ရသည်။ သူမ၏စိတ်ထဲမှာ နောင်တများမှာ ပျောက်ကွယ်သွားခဲ့သော်လည်း ရှောင်ယွမ်၏နောက်ဆက်တွဲ စကားကြောင့် သူမ ကြက်သေသေသွားခဲ့သည်။

“ကျွန်မပြောတာ မဆိုးသေးဘူး” ရှောင်ယွမ်သည် သူမ၏နှုတ်ခမ်းများကို တွန့်ကွေးလိုက်ပြီး “သူက Geely Panda ကို ဝယ်ခဲ့တာ ဒါပေမဲ့ ပြင်ဆင်မွမ်းမံဖို့ ရည်ရွယ်ထားတယ်လေ။ ဒါကြောင့် သူပေးသွင်းခဲ့တဲ့ ဈေးက စုစုပေါင်း ၁၈ သိန်းပဲ”

“ဘာ?”

“ပြန်ပြင်ဆင်တာလား? အားလုံးပေါင်း ၁၈ သိန်းတောင်ကျတယ်လား?”

“သေစမ်း! ဒါက စောက်ရမ်းကြမ်းသွားပြီ။ ၁၈ သိန်းတန် Geely Panda တဲ့လား”

“ဂုဏ်ပြုပါတယ် ရှောင်ယွမ်။ မင်း ဒီအရောင်းအဝယ်ကို လက်မှတ်ထိုးတာကနေ တကယ်ကိုကောင်းကောင်းရခဲ့တာပဲ!”

"အံ့သြစရာပဲ အဲဒီဈေးသည်က တကယ့်ကို ထူးခြားတဲ့အကြိုက်ရှိတာပဲ။ ဒီဈေးနဲ့ဆိုရင် ဇိမ်ခံကားတစ်စီး ဝယ်ဖို့ လုံလောက်နေပြီ"

ဟောင်ကောင်တွင် အကောက်ခွန်မရှိသောကြောင့် ကားဈေးနှုန်းများမှာ ပြည်မကြီးရှိကားများထက် များစွာ သက်သာသည်။ သို့သော် ယွမ် ၅ သိန်းဝန်းကျင်ရှိသော ၁၈ သိန်းတန်ကားများကိုတော့ ဟောင်ကောင်တွင် အခွန်အများအပြားကောက်ခံသည်။ ထိုသို့သောအခြေနေမျိုးတွင် ကားဈေးမှာ ပြည်မကြီးထက်ပင် အတော်လေးဈေးပိုကြီးပေသည်။

"၁၈ သိန်း ဘုရားရေ..." လီလီသည် လျှာကိုက်လုမတတ်ပင်ဖြစ်သွားသည်။

"ဒါက ချဲ့ကားလွန်းတယ်။ ယွမ် ၃ သောင်းကျော်တန် ကားတစ်စီးကို ၁၈ သိန်းတန် ဇိမ်ခံအဆင့်ထိ ပြောင်းလဲမှာလား? ဒီလူက ဇာတ်မြှုပ် ကစားနည်းကို

ကစားချင်နေတာများလား?”

ယောက်ျားတစ်ယောက်သည် ဤကိစ္စကို အလွန်ပင်မယုံကြည်နိုင်စရာကောင်းလွန်းသည်ဟု ခံစားရသဖြင့် တိုးတိုးလေး ရေရွတ်လိုက်သည်။

Geely Panda သည် ချစ်စရာကောင်းသောပုံစံဖြင့်မောင်းလာလျှင်ပင် ၎င်းကို မည်သို့ပင်ပြောင်းလဲစေကာမူ ထိုမျှ ဗိမ်ရှိမည်မဟုတ်ပေ။

“ညှိသည်ရဲ့အကြိုက်က ထူးခြားတာမဟုတ်ဘူး။ သူ့သမီးက အဲဒီကားကိုကြိုက်နေတာဆိုတော့ သူက အဲဒါကို ဖွဲ့စည်းပုံ အရမ်းနိမ့်တယ်ထင်လို့ အကောင်းဆုံးဖြစ်အောင် ပြောင်းလိုက်တာ” ရှောင်ယွမ်သည် ရှင်းပြလိုက်ပြီးနောက် လီလီကို ကြည့်ကာ ရယ်မောရှ်ပြောလိုက်သည်။

“အစ်မလီ ငါတို့ ကော်မရှင်ကို ခွဲယူမယ်ဆိုရင်ရော ဘယ်လိုလဲ?”

ထိုစကားများ ကြားလိုက်ရသည့်အခါ လူတိုင်း၏မျက်လုံးများက ချက်ချင်း လှည့်ကြည့်လိုက်ကြသည်။

တစ်ချို့က အံ့သြသွားကြသည်။ တစ်ချို့က ကြောင်အသွားကြသည်။ တစ်ချို့က မယုံကြည်နိုင်လောက်အောင် ဖြစ်သွားကြသည်။ သို့သော် တစ်ချိန်တည်းမှာပင် အားလုံး နားလည်သွားကြသည်။

အရောင်းအဝယ်လုပ်ငန်းတွင် လူဟောင်း၏ လမ်းညွှန်မှုမရှိဘဲနှင့် လူသစ်တစ်ယောက်အတွက် ဖြတ်ကျော်ရန် ခက်ခဲပေလိမ့်မည်။ လူဟောင်းတစ်ယောက်နှင့်အတူဖြတ်ကျော်ပါက ပို၍လွယ်ကူသည်မှာ သေချာပေသည်။

ရှောင်ယွမ်၏အပြုအမူများသည် အရောင်းအဝယ်လောကတွင် လူဟောင်းများထံဝင်ရောက်ရန် တံခါးဖွင့်ပေးခဲ့သည်။

လူဟောင်းများသည် တစ်ယောက်မှ ငွေမရှိကြောင်းသိထားပြီး တစ်ယောက်တည်း ရှန်းကန်ခြင်းမှာ အသင်းအဖွဲ့နှင့်ရှိခြင်းထက် ပို၍ စွမ်းအားကောင်းမွန်မည်မဟုတ်သည်မှာ အသေအချာပင်ဖြစ်၏။

လီလီသည် အမှန်တကယ် အံ့အားသင့် တုန်လှုပ်သွားကာ ရှောင်ယွမ်ကို ဝန်ထမ်းအသစ်အဖြစ် လက်ခံလိုက်ပြီးသား ဖြစ်သွားသည်။

ရှောင်ယွမ်သည် ဘောက်ဆူး ၂ သိန်းနှင့်ပတ်သက်၍ ဘာမှမပြောချေ။ သူမ၏အမြင်အရ ဘောက်ဆူး ကိုးသောင်းကို အကြီးမားဆုံးအံ့အားသင့်စရာဟု ယူဆထားသည်။ သူမ၏ ကော်မရှင်ကို ခွဲဝေရန် အဆင်ပြေပြီး သူမသည် လူဟောင်းများ၏ နှစ်သက်မှုကို ရယူနိုင်၍ သူတို့နှင့် အတူရှိနေခြင်းက အနာဂတ်တွင် သူမ၏လမ်းကြောင်းကို ပိုမိုလွယ်ကူစေမည်ဖြစ်သည်။

......

ကျန်းဟန်နှင့် မုန့်မုန့်တို့သည် ရှော့ပင်းမောလ်တွင် လှည့်လည်လမ်းလျှောက်ခဲ့ကြပြီး ခါတ်ပုံဘောင် ၆ ခုနှင့် ကြုံရာ ပစ္စည်းအချို့ကို ဝယ်ယူခဲ့ကြသည်။ စားသောက်ဆိုင်သို့ ပြန်မောင်းလာသည့်အခါ ဆိုင်ရှေ့ရှိ ထိုင်ခုံများတွင် လူ ၂၀ ကျော် ထိုင်နေကြသည်ကို အဝေးမှ လှမ်းမြင်လိုက်ရ၏။

၎င်းကိုမြင်သည့်အခါ ကျန်းဟန် မနေနိုင်ဘဲ ခါးသီးစွာ ရယ်လိုက်မိသည်။ အချိန်ကို ကြည့်ရသည်မှာ ၁ နာရီ ၁၀ မိနစ်ပင် ရှိနေပြီဖြစ်ပြီး ထိုရှုးမိုက်မိုက်လူအုပ်ကြီးသည် တစ်နာရီကျော်ပင် စောင့်နေခဲ့ကြသည့်ပုံရသည်။

ထိုအချိန်တွင် ဘေးခြံမှ စီချွမ်အစပ်စားသောက်ဆိုင်တံခါးရှေ့တွင် ပို၍စိတ်ဝင်စားစရာကောင်းသော မြင်ကွင်းက ဖြစ်ပေါ်နေသည်။ စားပွဲထိုးမိန်းကလေးသည် တံခါးတွင်ရပ်၍ စားသုံးသူများကို ဆွဲဆောင်ရန် ကြိုးစားနေသည်။

"အစားအသောက်တွေက ဈေးမကြီးဘူးနော်...မြန်မြန်...မြန်မြန်...လာပြီး မြည်းစမ်းကြည့်လှည့်ကြပါ..."

သို့သော်ငြား သူမ မည်မျှပင် အော်ဟစ်နေပါစေ ခွေးတစ်ကောင်ကြောင်တစ်မြီးပင် မဆွဲဆောင်နိုင်ခဲ့ချေ။ သူမအော်ဟစ်နေရင်း တစ်ချိန်တည်းမှာပင် သူမ၏အကြည့်သည် လူတန်းရှည်ကြီးထဲမှ ရင်းနှီးသည့်ပုံရိပ်တစ်ခုကိုတွေ့လိုက်ပြီး အနည်းငယ် ကြောင်အသွားခဲ့သည်။

သူတို့၏မန်နေဂျာပင်!

"သောက်ကျိုးနည်း! ငါတို့ရဲ့မန်နေဂျာကရော ဘာလို့ တန်းစီနေတဲ့ထဲ ရောက်နေတာလဲဟ?" ဆိုင်၏အတွင်းထဲတွင် စားပွဲထိုးကောင်လေး ၃ ယောက်သည် တံခါး၏ရှေ့တွင် မတ်တပ်ရပ်နေပြီး အခြားဆိုင်တွင် စားသောက်ရန် တန်းစီနေသည့် လူတန်းကြီးထဲမှ

သူတို့၏မန်နေဂျာကိုကြည့်လိုက်ကြသည်။ သူတို့၏ စိတ်ထဲတွင် ထူးဆန်းသည့် ခံစားချက်တစ်ခုကို ခံစားလိုက်ရသည်။

"မန်နေဂျာက ပြိုင်ဘက်ကို စစ်ဆေးကြည့်မယ်လို့ ခုလေးတင်ပြောသွားတာမလား?"

"ဒါပေမဲ့ ဒီမနက်ကပဲ သူ အဲဒီကို သွားခဲ့ပြီးပြီမဟုတ်လား?"

"ဟုတ်သားပဲ။ သူပြန်လာပြီးကတည်းက တစ်မနက်လုံး ဂဏာမငြိမ်ဖြစ်နေခဲ့တာ။ ငါတော့ ဘာတွေဖြစ်နေလဲဆိုတာ သိချင်နေပြီ"

"မွန်းတည့်ချိန်ကတည်းက မန်နေဂျာ သွားပြီးတန်းစီနေတာ။ တစ်နာရီကျော်တဲ့အထိတောင် သူ တစ်ချက်ကလေးမှ ပြန်လာမကြည့်သေးဘူး။ အဲဒီဆိုင်က အစားအသောက်တွေက တကယ်ပဲ အရသာရှိတာများ ဖြစ်နိုင်မလား?"

"မင်းပြောတာ ဖြစ်နိုင်တယ်လို့ ငါထင်တယ်။ စဉ်းစားကြည့်လေ အရသာသာ တကယ်မကောင်းရင် ယွမ် ၃၀၀ နဲ့ရောင်းဝံ့မယ်မှာလား?"

"အမှန်ပဲ ငါလည်း မနက်ဖြန်ကျရင် အဲဒီမှာ နေ့လည်စာသွားစားမယ်"

"ငါလည်းလိုက်မယ်..."

သူတို့၏မန်နေဂျာအနေဖြင့် ပြန်လာပြီးကတည်းက ကြက်ဥထမင်းကြော်အကြောင်းကို ချီကျူးစကားပြောချင်နေခဲ့သည်။ သို့သော်ငြားလည်း သူတို့သည် ဘေးချင်းကပ် ပြိုင်ဘက်များဖြစ်သည့်အတွက် မန်နေဂျာသည် ဘာမျှမပြောခဲ့ချေ။

"ပြန်မလာသေးဘူးလား? ခဏနေရင် အလုပ်ပြန်သွားရတော့မယ်။ ဒါပေမဲ့ ငါဘာတတ်နိုင်မှာလဲ? "

"သူဌေးက ဘာလို့ပြန်မလာသေးတာလဲ? ဘယ်တွေများ သွားနေလို့လဲ?"

"ငါတို့ ဘာလုပ်ကြမလဲ? ငါတော့ ဗိုက်ဆာလွန်းလို့ ဗိုက်က နောက်ကျောကပ်နေပြီ"

"အိုး...အရသာလည်းကောင်းတယ် ဈေးလည်းမကြီးဘူးနော်..လာကြ လာကြ စမ်းကြည့်ကြနော်။ ဘာလို့ တစ်ယောက်မှ ငါတို့ဆိုင်ကို လာပြီး မြည်းစမ်းမကြည့်ကြတာလဲ? ငါတို့ဆိုင်က ကြက်ဥထမင်းကြော်ကလည်း အရမ်းအရသာရှိတယ်နော်" စားပွဲထိုးကောင်မလေးသည် ကြိုးစားအော်ဟစ်နေသည်။

သူမအော်လိုက်သည့်အချိန်တွင် မန်နေဂျာ၏ စိတ်ထဲတွင် ခြောက်ကပ်ကပ်ခံစားလိုက်ရသည်။ သူ၏ စားသောက်ဆိုင်တွင် ကြက်ဥထမင်းကြော်ရှိသော်လည်း အရသာမှာမူ....မိုးနှင့်မြေကြီးလို ကွဲပြားခြားနားလွန်းလှသည်။

"ညီမလေး အော်မနေနဲ့တော့။ ငါတို့က ဒီက ကြက်ဥထမင်းကြော်ကိုပဲစားမှာ"

"ငါ ဘာမှမလိုချင်ဘူး ကြက်ဥထမင်းကြော်နဲ့နို့ပဲလိုချင်တယ်"

"ငါဗိုက်ဆာနေရင်တောင် တခြားဘာမှမစားနိုင်ဘူး။ ကြက်ဥထမင်းကြော်ပဲစားမယ်!"

"..."

လူတိုင်း ဗိုက်ဆာနေသော်လည်း သူတို့၏ ဆုံးဖြတ်ချက်များမှာ ခိုင်မာကြသည်။ လုံးဝမယိမ်းယိုင်သွားကြ။

"အိုး...သူဌေးက ဘယ်များသွားနေတာလဲ?" လျန်မုန့်ချီသည် သူမ၏ခေါင်းကိုငုံ့ရင်း ပြောလိုက်သည်။

“သူအလုပ်များနေလို့နေမှာပါ။ မကြာခင်ပြန်လာပါလိမ့်မယ်” ကျောက်ဖုန်း အနည်းငယ်ပြုံးလိုက်သည်။

“အိုး အဲဒါ သူဌေးရဲ့ကားမလား?” ယူချင်းချင်း၏မျက်လုံးများမှာ ရုတ်တရက် Jeep Wrangler ကို တွေ့လိုက်ရပြီး စိတ်လှုပ်ရှားစွာ အော်လိုက်သည်။

ဝှစ်!

ဆာလောင်နေသော ဝံပုလွေများကဲ့သို့ လူတိုင်း၏အကြည့်များသည် လှည့်ကြည့်လိုက်ကြသည်။ ကျန်းဟန် ကားပေါ်မှ ဆင်းလာသည်ကို မြင်လိုက်သည့်အခါ သူတို့အားလုံး မတ်တပ်ထရပ်လိုက်ကြပြီး စတင်ကာ ညည်းညူကြတော့သည်။

“ကျေးဇူးပါ မိုးကောင်းကင်ရေ! သူဌေး နောက်ဆုံးတော့ မင်းပြန်လာပြီပဲ!”

“ငါ ခက်ခက်ခဲခဲကို စောင့်နေခဲ့ရတာ!”

“မင်းသာ ပြန်မလာရင် ငါတို့အားလုံး သေသွားနိုင်တယ်”

ကျန်းဟန်သည် သူ၏ဘယ်ဘက်လက်တွင် ဓာတ်ပုံဘောင်များကိုင်ထားပြီး ညာဘက်လက်တွင် အခြားအရာအနည်းငယ်ကိုကိုင်ရင်းဖြင့် လက်သန်းလေးကို ဆန့်ထုတ်လိုက်သည်။

ဖေဖေ့၏ လက်သန်းလေးကို သူမ၏လက်သေးသေးလေးဖြင့် ဆုပ်ကိုင်ရင်း မှန့်မှန့်သည် ခြေလှမ်းသေးသေးလေးများဖြင့် ပြုံးကာ လျှောက်လှမ်းလာခဲ့သည်။

-C 69 End

wunzinnosp

## အပိုင်း(၇၀)

ပထမတွင် အလွန်စိတ်မရှည်ဖြစ်နေကြသည့် လူအနည်းငယ်ရှိသော်လည်း အလွန်ချစ်စရာကောင်းပြီးလှပသည့်မင်းသမီးလေးကိုတွေ့လိုက်ရပြီးနောက်တွင် သူတို့၏စိတ်ထဲမှ စိတ်မရှည်မှုများမှာ တဖြည်းဖြည်းလွင့်ပြယ်သွားကြသည်။

လူတိုင်းသည် အလှအပကို မြတ်နိုးကြပြီး မုန့်မုန့်သည် သူတို့တွေ့ဖူးသမျှတွင် အလှပဆုံးနှင့်ချစ်စရာအကောင်းဆုံးကလေးမလေးဖြစ်သည်။ သူမလေးကိုတွေ့လိုက်သည့်အချိန်တိုင်း သူတို့၏ခံစားချက်များကို ပိုမိုကောင်းမွန်စေသည်။

ကျန်းဟန် တံခါးဖွင့်လိုက်သည့်အချိတ်တွင် တန်းစီနေသည့် လူများမှာသည် စိတ်ဆန္ဒစောကာ ပြောလိုက်ကြသည်။

"တစ်ဆိတ်လောက် ကျွန်တော်တို့ နေ့လည် ၂ နာရီကျရင် အလုပ်သွားရမှာပါ။ ကျွန်တော်တို့ အချိန်မလောက်လို့ ပါဆယ်ယူသွားလို့ရမလားမသိဘူး?"

ကျန်းဟန် ၎င်းကိုကြားသည့်အခါ ခေါင်းညိတ်လိုက်သည်။ "ကောင်းပြီ"

ယခုမှသာ လူတိုင်း စိတ်သက်သာရာရသွားကြသည်။

အစကတည်းက ကြက်ဥထမင်းကြော်တစ်ပွဲလျှင် ယွမ် ၃၀၀ မှာ လူအများစုအတွက် အလွန်ဈေးကြီးနေပြီးသားဖြစ်သည်။ ထို့ပြင် အလုပ်နောက်ကျနေသောကြောင့် သူတို့၏လစာများ အဖြတ်ခံရမည်ကို စိုးရိမ်ခဲ့ကြသည်။ ကံကောင်းစွာဖြင့်ပင် သူတို့သည် ထမင်းကြော်ကို ဝယ်ပြီး ပါဆယ်ယူသွားနိုင်သည်။

စားသောက်ဆိုင်ထဲသို့ဝင်လာပြီးနောက် လျှန်မုန့်ချီ၊ ကျောက်ဖုန်းနှင့် အခြား ၂ ယောက်သည် စားပွဲတစ်လုံးတွင်

အတူတူထိုင်လိုက်ကြသည်။ စွန်းဒုန်ဟာမ်နှင့် စွန်းအမေတို့သည်တော့ ဘေးစားပွဲတွင် ထိုင်လိုက်ကြ၏။

“သူငွေး ရှင်ဘယ်တွေသွားနေတာလဲ? ဘာလို့ အရမ်းနောက်ကျမှ ပြန်လာရတာလဲ?” လျန်မုန့်ချီသည် သိချင်စိတ်ပြင်းပြစွာဖြင့်မေးလိုက်သည်။

“ငါ ခါတ်ပုံဘောင်သွားဝယ်တာ”

ကျန်းဟန်ပြုံး၍ ပြန်ပြောလိုက်ပြီး ခါတ်ပုံဘောင်များကို ဘေးတွင် ပေါ့ပေါ့ပါးပါး ချထားလိုက်သည်။

“ဖေဖေ သမီး ကာတွန်းကားကြည့်ချင်တယ်” မုန့်မုန့်သည် ခြေလှမ်းသေးသေးလေးများဖြင့် ဆိုဖာရှေ့သို့ပြေးသွားသည်။ သူမသည် ဆိုဖာပေါ်သို့ ခုန်၍ တက်လိုက်ပြီး နောက်လှည့်ကာ ကျန်းဟန်အား ပြောလိုက်သည်။

"ဖေဖေ ဖွင့်ပေးမယ်" ကျန်းဟန် ခေါင်းညိတ်လိုက်ပြီး တီဗီဖွင့်ရန် လျှောက်သွားလိုက်သည်။ ချန်နယ်ပင် ပြောင်းစရာမလိုပဲ ၎င်းတွင် ကလေးချန်နယ်တစ်ခုတည်းကိုသာ ဖွင့်ထားခြင်းဖြစ်၏။

ပြီးနောက် ကျန်းဟန်သည် သူ၏ Notebook ကို ဖွင့်၍ သီချင်းဖွင့်လိုက်ပြီး နေ့လည်စာလုပ်ရန် ပြင်ဆင်တော့သည်။

သူသည် မည်သည့်ပါဝင်ပစ္စည်းများကိုမျှ မပြင်ဆင်ရသေးသေးဘဲ သူ၏နေ့လည်စာမှာ ကြက်ဥထမင်းကြော်နှင့် နို့သာရှိသည်။

သူ မနက်က ဆိုင်မှထွက်လာကတည်းက ထမင်းကို ပုံမှန်အတိုင်းချက်ထားပြီးသားဖြစ်သည်။

ထမင်းခူးလိုက်ပြီးနောက် ကျန်းဟန်သည် ဖြည့်စွက်ပစ္စည်းများဖြစ်သည့် ကြက်သွန်နီနှင့် ကြက်ဥကို ပြင်ဆင်လိုက်သည်။

"ဖေဖေ...မုန့်မုန့် ဗိုက်နည်းနည်းဆာနေပြီ...တီဗီကြည့်ဖို့တောင်မှာ အားမရှိတော့ဘူး"

မုန့်မုန့်သည် နောက်လှည့်၍ သူမ၏ အသံချိုချိုလေးဖြင့် ပြောလိုက်သည်။

"စားဖို့က အဆင်သင့်ဖြစ်တော့မှာပါ မုန့်မုန့်။ စိတ်မဆောပါနဲ့"

ကျန်းဟန်သည် ချက်ချင်းပြန်ပြောလိုက်သည်။

သို့သော် မုန့်မုန့်ထိုသို့ပြောလိုက်သည့်အချိန်တွင် လျှန်မုန့်ချီနှင့် အခြားသူများ၏ အကြည့်များသည် ချက်ချင်းပင် မီးဖိုချောင်ဘက်သို့ ရောက်သွားကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ဖြစ်သွားသည့်အခါတိုင်း ကျန်းဟန်သည် မယုံနိုင်လောက်သည့်အမြန်နှုန်းဖြင့် ချက်ပြုတ်တော့မည်ဖြစ်သည်။ ၎င်းမှာ အလွန်ကြည့်လို့ကောင်းသည့် မြင်ကွင်းပင်။

သူတို့လှမ်းကြည့်လိုက်သည်နှင့် အခြားသူများလည်း စိတ်ဝင်စားစွာဖြင့် လိုက်ကြည့်ကြသည်။

ကျန်းဟန်သည် လျှပ်စစ်မီးဖိုကို လျင်မြန်စွာဖွင့်လိုက်ပြီး နွားနို့ကို စတင်အပူပေးလိုက်သည်။

တစ်ချိန်တည်းမှာပင် သူ၏ညာဘက်က ခေါးစင်ပေါ်မှ မီးဖိုချောင်သုံးခေါးကို ဆွဲယူလိုက်ပြီး သူ၏ဘယ်ဘက်လက်ကလည်း တစ်ပြိုင်နက်တည်းပင် ကြက်သွန်မြိတ်လေးစည်းကို စင်းတီတုံးပေါ်တင်လိုက်သည်။

“ဘန်း ဘန်း ဘန်း…”

ခေါးအလင်းရောင်များတလက်လက်ဖြစ်သွားပြီး ခုတ်ထစ်ဖြတ်တောက်သံများထွက်ပေါ်လာသည်။ ၂ စက္ကန့်အတွင်းမှာပင် ကြက်သွန်မြိတ်အနည်းငယ်သည် နုတ်နုတ်စဉ်းပြီးသားဖြစ်သွားသည်။

ကျန်းဟန်သည် ရတ်တရက် မီးဖိုချောင်သုံးဓားကို အပေါ်သို့ပစ်လိုက်သည်။

ထိုမြင်ကွင်းမှာ လူတိုင်း၏နှလုံးခုန်နှုန်းများကို မြန်သွားစေသည်။

ဘာ? သူက မီးဖိုချောင်သုံးဓားကို ပစ်လိုက်တာလား? မဖြစ်နိုင်ဘူးမလား?

သို့သော် နောက်ထပ်မြင်ကွင်းကြောင့် လူတိုင်း လေအေးများကို ရှူသွင်းလိုက်မိကြသည်။

မီးဖိုချောင်သုံးဓားသည် ၎င်း၏ဓားစင် အမြောင်းကြားအတွင်းသို့မကျရောက်မီ လေထဲတွင် ၂ ပတ်လည်သွားကာ သူ၏နေရာတွင် အံဝင်ခွင်ကျဖြစ်သွားသည်။

"ဘုရားရေ"

ကျောက်ဒါဟူ၏ ပါးစပ်မှာ ဟောင်းလောင်းပွင့်သွားပြီး

ထိတ်လန့်စွာဖြင့်ပြောလိုက်သည်။
"ဒီလိုနည်းစနစ်မျိုးကို ငါပထမဆုံးတွေ့ဖူးတာပဲ"

"ဒါက အရမ်းအံ့သြဖို့ကောင်းတာပဲ" လျှန်မုန့်ချီ၏မျက်လုံးများမှာလည်း ပြူးကျယ်နေပြီး "ဝိုး...သူက တဖြည်းဖြည်းနဲ့ ပိုပိုပြီး ချောလာသလိုပဲ"

"အမေ" စွန်းဒုန်ဟာမ်သည် စိတ်လှုပ်ရှားစွာပြောလိုက်သည်။ "အမေ အဲဒါကိုတွေ့လိုက်လား? ဟားဟား ကျွန်တော်ပြောပြမယ်။ အမေအခုတွေ့လိုက်တာက ရေခဲတောင်ကြီးရဲ့ ထိပ်ဖျားလေးပဲရှိသေးတာ။ သူက ခန့်မှန်းရခက်လောက်အောင်ကို အရမ်းအစွမ်းထက်တယ်!"

သူတို့ထဲတွင် ယူချင်းချင်းနှင့်ကျောက်ဖုန်းသာ သူတို့၏မျက်လုံးများ၌ အနည်းငယ် ရှုပ်ထွေးသည့်အကြည့် ရှိနေသည်။

"သူ..."

ကျောက်ဖုန်းမှာ ကျန်းဟန်၏ နည်းစနစ်ကြောင့် နောက်တစ်ကြိမ် ရှော့ရသွားပြန်သည်။

"ငါ သူ့ရဲ့ခွန်အားကို နားမလည်နိုင်သေးဘူးပဲ။ ဒီလှုပ်ရှားမှုတစ်ခုတည်းနဲ့တင် သူ့ရဲ့ခွန်အားထိန်းချုပ်နိုင်စွမ်းနဲ့ တိကျတဲ့ ရှုမြင်နိုင်စွမ်းကို သက်သေပြပြီးသွားပြီ။ သူက ပြီးပြည့်စုံမှုရဲ့အထွတ်အထိပ်ကိုရောက်နေပြီ။ အရမ်းကြောက်ဖို့ကောင်းတယ်....ဟင်း....ငါအနည်းဆုံးတစ်မိနစ်တော့ သူ့ကို ခုခံနိုင်မယ်ထင်ခဲ့တာ။ ဒါပေမဲ့ သူပြောခဲ့တာစကားက အမှန်တရားဖြစ်နေလိမ့်မယ်လို့ မထင်ခဲ့မိဘူး"

သူတို့သာမက စားပွဲခုံဖြူလေးများတွင် ထိုင်နေသည့် လူခြောက်ယောက်သည်လည်း ရင်သပ်ရှုမောသွားပြီး အာမေဋိတ်သံများထွက်လာကြသည်။

သူတို့၏အံ့သြမှုများကြားတွင် ကျန်းဟန်သည် ကြက်ဥထမင်းကြော် ဒယ်အိုး ၂ လုံးကို စတင်ချက်ပြုတ်နေပြီဖြစ်သည်။

အထဲတွင် အစားသောက်များစွာထည့်ထားသည့် အကြော်ဒယ်အိုးမှာ ပေါ့ပေါ့ပါးပါးမရှိဘဲ ၎င်းမှာ အနည်းငယ်လေးလံသော်လည်း ကျန်းဟန်၏လက်ထဲတွင်တော့ ပေါ့ပါးနေဟန်ရှိသည်။

ဟင်းခတ်အမှုန့်များကို အစဉ်တိုင်းထည့်လိုက်သည်။

၃ မိနစ်ကြာပြီးနောက်တွင် ကြက်ဥထမင်းကြော်မှာ သုံးဆောင်ရန် အဆင်သင့်ဖြစ်သွားပြီဖြစ်သည်။

ကျန်းဟန်သည် သူနှင့်မုန့်မုန့်အတွက် ထည့်လိုက်ပြီးနောက် ၎င်းတို့ကို စားပွဲဝိုင်းပေါ်တင်လိုက်သည်။ အခြားသူများနှင့်ပတ်သက်ပြီး ဘာမျှပြောစရာပင်မလိုတော့ဘဲ သူတို့သည် ကြက်ဥထမင်းကြော် ထည့်ရန် တန်းစီလိုက်ကြသည်။

မုန့်မုန့်သည် ထမင်းစားစားပွဲတွင် ထိုင်လိုက်ပြီး ကြက်ဥထမင်းကြော် တစ်မျိုးတည်းသာရှိသည်ကို တွေ့လိုက်ရသည့်အချိန်တွင် သူမလေးသည် အသံချိုချိုလေးဖြင့်

“ဖေဖေ…ဘာလို့ ထမင်းချည်းပဲလဲ? မုန့်မုန့် ဖေဖေချက်ပေးတဲ့ ဟင်းတွေကိုစားချင်သေးတယ်လေ….မုန့်မုန့်စားချင်တယ်…အဲ ဒါက…ခရမ်းသီးရှည်ရှည်လေးတွေလေ ပြီးတော့…အမ်…ပြီးတော့…မုန့်မုန့်က ဖေဖေချက်ပေးတဲ့ဟင်းတွေအကုန်လုံးကို စားချင်သေးတယ်”

သူမလေးထိုသို့ပြောလိုက်သည့်အချိန်တွင် လျန်မုန့်ချီ၊ ယူချင်းချင်း၊ ကျောက်ဒါဟူ၊ ကျောက်ဖုန်းနှင့် အခြားသူများ၏ မျက်လုံးများ တောက်ပသွားကြသည်။ သူတို့အားလုံး မုန့်မုန့်အား ကြည့်လိုက်ပြီး မသိစိတ်၏စေ့ဆော်မှုအရ တံတွေးမျိုချမိလိုက်ကြသည်။

“ကောင်းပြီ...ဒါဆို ဖေဖေက ညကျရင် မုန့်မုန့်အတွက် ချက်ပြုတ်ပေးမယ်”

ကျန်းဟန်ရယ်မော၍ ပြောလိုက်သည်။

“ကောင်းတယ် ကောင်းတယ် ဖေဖေက အကောင်းဆုံးပဲ..”

မုန့်မုန့်သည် ကျန်းဟန်အား လေထဲမှတစ်ဆင့် ဖလိုင်းကစ် အနမ်းပေးလိုက်ရာ သူ့ကိုပြုံးသွားစေသည်။

အမှန်ပင်။ နောက်ဘက်ရှိ လူလေးယောက်၏မျက်နှာတွင်လည်း အပြုံးကိုယ်စီရှိနေကြသည်။ သူတို့သည် အချင်းချင်းကြည့်လိုက်ကြပြီး ပျော်ရွှင်စွာပြုံလိုက်ကြရင်းဖြင့် သူတို့၏စိတ်ထဲတွင် တူညီစွာရေရွတ်နေကြသည်။

မုန့်မုန့် က အကြီးမြတ်ဆုံးပဲ။ မုန့်မုန့် ကအကောင်းဆုံးပဲ။ အာ..မင်းသမီးလေးရေ...နောက်ကျရင်လည်း အဲ့လိုမျိုးလေးတွေ များများပြောပေးပါနော်....

သူတို့၏ စကားလုံးပေါင်းတစ်ထောင် စကားအခွန်းပေါင်းတစ်ရာ သည် မုန့်မုန့်၏ စကားလုံးအနည်းငယ်ကိုပင် မယှဉ်နိုင်ကြောင်း လူတိုင်း၏နှလုံးသားထဲတွင် သိနေကြသည်။

မုန့်မုန့်ပြောနေသည်ဖြစ်သရွေ့ သူသည် ကောင်းကင်ပေါ်တွင်ပျံသန်းနေသည်ဖြစ်စေ၊ မြေပြင်ပေါ်တွင် ပြေးလွှားနေသည်ဖြစ်စေ၊ ရေထဲတွင် ရေကူးနေသည်ဖြစ်စေ ပြဿနာမရှိဘဲ ကျန်းဟန်သည် သူ၏သမီးအတွက် အစားသောက်များ အမြဲတမ်း ယူဆောင်လာပေးမည်ဟုပင် သူတို့ခံစားကြရ၏။

"ဟင်း...မုန့်မုန့်က တကယ်ကို ကောင်းချီးပေးတာပဲ"

သူတို့ထဲမှ အနည်းစုသည် စိတ်ထဲတွင် သက်ပြင်းချလိုက်ကြသည်။

စကားသောက်ဆိုင်တွင် အစားသောက်များကို စတင်သုံးဆောင်နိုင်ပေသည်။

အပြင်မှလူများသည်လည်း ပါဆယ်ယူသွားမည့် ၎င်းတို့၏ အစားအသောက်ကို ယူကြရန် တန်းစီနေကြပေပြီ။

အခြေခံအားဖြင့် လူတိုင်းတွင် ကြက်ဥထမင်းကြော် တစ်ပန်းကန်နှင့် နွားနို့ နှစ်ခွက် အနည်းဆုံးရရှိကြပေမည်။

၎င်းမှာ အော်တိုစူပါမားကတ်တစ်ခုကဲ့သို့ပင် လူများသည် စားသောက်ပြီးသည့်အခါ သူတို့၏ ပိုက်ဆံကို ငွေရှင်းကောင်တာတွင် ထားခဲ့ကြပြီး ကျန်းဟန်သည်လည်း ပိုက်ဆံစစ်ရန် ဂရုစိုက်မနေပေ။

သို့သော် ဤနေရာတွင် ပိုက်ဆံမပြည့်ဘဲ ပေးမည့်သူမရှိချေ။ အကယ်၍ သူတို့လှည့်စားမိပါက ၎င်းမှာ နတ်ဘုရားအဆင့်ထမင်းကြော်ကို စော်ကားခြင်းဖြစ်မည်ဟု သူတို ယူဆကြသည်။

စားသောက်ဆိုင် ဖွင့်သည့်အချိန်မှာ အလွန်တိုတောင်းလှသည်။ နာရီဝက်ခန့်ကြာသည့်အခါ ဆိုင်ထဲတွင် စားသုံးသူအများစု ထွက်ခွာသွားကြချေပြီ။

လျှန်မုန့်ချီနှင့် ကျန်သူများသည် ၎င်းတို့၏နွားနို့ကို အေးအေးဆေးဆေးပင် သောက်နေကြဆဲဖြစ်သည်။

"အာ? ပုံတွေပြောင်းသွားပြီလား?" လျှန်မုန့်ချီသည် ရုတ်တရက် နံရံပေါ်ရှိ ဓာတ်ပုံများကို တွေ့လိုက်သည်။ သူမသည် သူမ၏နွားနို့ခွက်ကို ချကာ ထရပ်ကြည့်လိုက်ရင်း မအံ့သြဘဲ မနေနိုင်ချေ။

"ဝိုး..သူမက အရမ်းလှတာပဲ" ကျောက်ဒါပဲ့ဟူသည် စန္ဒယားဘက်ခြမ်းရှိ မုန့်မုန့်၏ပုံကိုတွေ့သည့်အခါ မနေနိုင်ဘဲ ကျယ်လောင်စွာအော်လိုက်မိသည်။

"မုန့်မုန့်နဲ့သူ့ဌေးရဲ့ပုံတွေက တကယ်ကို အရမ်းကိုနှစ်လိုဖွယ်ကောင်းတာပဲ" ယူချင်းချင်းသည် အားကျမှုများပြည့်နေသည့် မျက်နှာဖြင့်ပြောသည်။

"..."

ထိုလူစု၏ချီးကျူးမှုကို ကြားလိုက်ရသည့်အခါ မုန့်မုန့်သည် အနည်းငယ်ပျော်ရွှင်လာပြီး သီချင်းလေးပင် ညည်းလိုက်သေးသည်။

ထိုပုံများကို မုန့်မုန့်ကိုယ်တိုင်ပင် ရှင်းရှင်းလင်းလင်းမြင်နိုင်ပေသည်။ အထူးသဖြင့် ဖေဖေနှင့်တွဲရိုက်ထားသည့်သူမ၏ပုံများမှာ အမှန်တကယ်ပင် ကြည့်ကောင်းပေသည်။

အချိန်အတော်ကြာ ကြည့်နေလိုက်ပြီးနောက် ကျောက်ဒါဟူနှင့် ကျောက်ဖုန်းသည် စားပွဲထိုးများအဖြစ် ထပ်မံတာဝန်ထမ်းဆောင်ပြီး ထမင်းစားခန်းကို သန့်ရှင်းရေးလုပ်ကြသည်။

ပထမနှစ်ကြိမ်မှာ စေတနာအလျောက်ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ယခုနောက်ပိုင်းတွင်တော့ ထိုအလုပ်နှင့်ရင်းနှီးလာပြီဖြစ်သည်။

ဘေးခြံရှိ စီချမ်အစပ်စားသောက်ဆိုင်တွင်...

"ဂေ့..."

မန်နေဂျာသည် ဆိုင်ထဲသို့လျှောက်ဝင်လာပြီး သူ၏ဗိုက်ကိုပွတ်သပ်ရင်း လေချဉ်တက်လိုက်သည်။

သူသည် ဤနေ့လည်တွင် ကြက်ဥထမင်းကြော် ၃ ပန်းကန်စားပြီး နွားနို့ ၅ ခွက်ပင် သောက်လာခဲ့သည်။ ထိုအစားအသောက်များအတွက် သူသုံးသည့်ငွေမှာ ပွဲတော်တစ်ခုတွင် သုံးသည့် ငွေနှင့်ပင် ညီမျှသည်။

"မန်နေဂျာ သူ့ဆိုင်ရဲ့အစားအသောက်တွေက ဘယ်လောက်အရသာရှိလဲ?"

စားပွဲထိုးတစ်ယောက်သည် တိတ်တိတ်လေး မေးသည်။

"အရမ်းအရသာရှိတယ်...အဟွတ်..အဟွတ်..မင်းဘာလို့ မေးခွန်းတွေအများကြီးလာမေးနေတာလဲ? သွား လုပ်စရာရှိတာသွားလုပ်!"

မန်နေဂျာသည် ချောင်းဟမ့်လိုက်ပြီး လက်ကို ဝှေ့ယမ်းလိုက်သည်။

“အာ ဂျာကြီးကလည်း လုပ်ပါ ကျွန်မတို့ကို အဲ့ကြောင်းလေးပြောပြပါနော်...”

စားပွဲထိုးမလည်းသည် အနည်းငယ် ညုတုတုသည့် လေသံဖြင့်ပြောလိုက်သည်။

“ဟုတ်တယ် ဟုတ်တယ် ဂျာကြီး။ ခင်ဗျားအရမ်း အရမ်းကျေနပ်နေတာတွေ့တယ်။ အဲဒီမှာ တစ်ခုခုဖြစ်နေတာတော့ သေချာတယ်”

“ဂျာကြီး အဲဒီအစားအသောက်တွေက အရသာရှိလား မရှိဘူးလားဟင် ကျွန်မတို့ကို ပြောပြလို့မရဘူးလား?”

သူတို့ထဲမှ အနည်းငယ်သည် မန်နေဂျာ၏ရှေ့တွင် စုပြုံလာပြီး တိုးတိုးလေးပြောလိုက်ကြသည်။

“အာ...”

မန်နေဂျာ၏ အမူအရာမှာ ခဏမျှ အေးခဲသွားပြီး သူ့ဟာသူ စဉ်းစားနေလိုက်သည်။

အခြားသူများ၏အကြည့်များအောက်တွင် သူသည် ခေါင်းညိတ်ပြလိုက်ပြီး

"အဲဒါက အရသာရှိတာမဟုတ်ဘူး...စောက်ရမ်းအရသာရှိတာ! ကြက်ဥထမင်းကြော်က မပြောပြတတ်လောက်အောင်ကို မွှေးနေတာပဲ၊ အိုး...စောက်ရမ်းပဲ...အရမ်းအံ့သြဖို့ကောင်းတယ်။ အဲဒီစားသောက်ဆိုင်မှာ အဖွဲ့ဝင် ၇ ယောက်တောင်ရှိနေပြီ မင်းတို့သိလား။ အိုး ဘုရားရေ...၇ သန်း! ပြီးတော့ သူဌေးကလည်းအရမ်းတော်တာပဲ အရမ်းလည်းချောတာ။ ဟင်းချက်တယ်ဆိုတာ ပြပွဲတစ်ခုလိုပဲ အိုး.....သူ့ရဲ့သမီးလေးကလည်း မယုံနိုင်လောက်အောင်ကို လှတာနော်။ အဲဒီက နွားနို့ကတောင် အရမ်းအရသာရှိတာ! ဒီလောက် အရသာရှိတဲ့ နွားနို့ကို တစ်ခါမှ မသောက်ခဲ့ဖူးဘူး...ငါမင်းတို့ကောင်တွေကို ပြောပြမယ်...."

မန်နေဂျာသည် ဆုံးဖြတ်ချက်ချလိုက်ပြီးကတည်းက အကုန်လုံးမချွင်းမချန်ပြောပြချင်နေခဲ့သည်။

စားပွဲထိုးများသည် သူ၏စကားကို နားထောင်ရင်း အိမ်မက်ထဲတွင်ရောက်နေသကဲ့သို့ သူတို့၏မျက်လုံးများမှာ အစိမ်းရောင်ပြောင်းသွားကြသည်။ မန်နေဂျာ၏လေသံအရ အင်မော်တယ်များသာစားနိုင်သော ကြက်ဥထမင်းကြော်ဖြစ်နိုင်သည့်အတွက်ကြောင့် သူတို့သည် ညကျလျှင် ဘာပဲဖြစ်ဖြစ် မြည်းစမ်းကြည့်ရန် ကြံစည်ထားကြသည်။

……

စားသောက်ဆိုင်ထဲတွင် လျန်မုန့်ချီနှင့် အခြားသုံးယောက်သည် ပြန်ရန် အစီအစဉ်မရှိချေ။ ယခုမှ နေ့လည် ၂ နာရီသာရှိသေးပြီး ညစာစားချိန်မှာ ညနေ ၆ နာရီမှဖြစ်သဖြင့် သူတို့အားလုံး ထမင်းစားခန်းတွင် နာရီအနည်းငယ် နေရဦးမည်ဖြစ်သည်။

သူတို့သည် ထိုနေရာတွင်ပင် ရပ်နေခဲ့ကြသည်။ ကျန်းဟန်သည်တော့ အရေးကြီးသည့်ကိစ္စအချို့ကို လုပ်ရန်ရှိသည်။

"မုန့်မုန့် အပေါ်ထပ်တက် အဝတ်အစားလဲပြီးရင် လခြမ်းတောင်ကို သွားကစားကြမယ်" ကျန်းဟန် ပြုံးကာ ပြောလိုက်သည်။

"အယ်?"

မုန့်မုန့်သည် အံ့ဩသွားပြီး မျက်လုံးများတောက်ပလာကာ သူမ၏လက်ကလေးကိုမြှောက်လျက် အော်ဟစ်လိုက်သည်။

"ရေး....ရေး.....ရှောင်ပေါ်းနဲ့သွားကစားကြမယ်!"

မုန့်မုန့်၏ ကြွေးကြော်သံသည် လျန်မုန့်ချီ၏ အာရုံကို ဖမ်းစားနိုင်ခဲ့ပြီး သူမ၏ဖုန်းကို ချက်ချင်းဘေးချကာ ပြောလိုက်သည်။

"သူငွေး ကျွန်မလည်း လိုက်ချင်တယ်"

သူမ နောက်ဆုံးတစ်ခေါက် လည်ပတ်မှုအပြီးတွင် ပုံရိပ်ယောင်ကဲ့သို့သော လခြမ်းတောင်၏အကြောင်းကို မစဉ်းစားဘဲ မနေနိုင်ခဲ့ပေ။ ယခု အခွင့်အရေးရပြီဖြစ်သဖြင့် လက်လွှတ်ခံရန် အစီအစဉ်မရှိချေ။

"ကောင်းပြီ"

ကျန်းဟန် ခေါင်းညိတ်လိုက်ပြီး မုန့်မုန့်အား ဒုတိယထပ်သို့ ခေါ်ဆောင်သွားသည်။

"လခြမ်းတောင်က ပျော်စရာကောင်းလို့လား?" ယူချင်းချင်းသည် ဂိမ်းဆော့နေသည့် သူမ၏လက်ကို မြှောက်ပင်မမြှောက်ပဲ မေးလိုက်သည်။

"ဒါပေါ့ အဲဒါက သူဌေး မုန့်မုန့်အတွက် ဖန်တီးပေးထားတဲ့ ဒဏ္ဍာရီလာ သုခနယ်မြေပဲ" လျှန်မုန့်ချီ ပြန်ပြောသည်။

"သူဌေး အဲဒါကို တည်ဆောက်ထားတာဆိုရင်တော့ သေချာပေါက် ရိုးရှင်းမှာမဟုတ်ဘူး" ကျောက်ဖုန်းသည် လျန်မုန့်ချီကိုကြည့်ရင်း ပြုံးလိုက်ပြီး မေးသည်။

"ရှင်ဘာလို့ ကျွန်မကို တစ်ယောက်တည်းပေးမနေရတာလဲ?" လျန်မုန့်ချီသည် နှာခေါင်းရှုံ့လိုက်ပြီး ပြောသည်။ "ရှင်သွားချင်ရင် သူဌေးကိုသွားမေးပါလား? ဘာလို့ ကျွန်မကိုလာမေးနေတာလဲ?"

ကျောက်ဖုန်း ပြောစရာစကားမဲ့သွားပြန်သည်။ သူ၏စိတ်ထဲတွင် အနည်းငယ်ရှုပ်ထွေးသွားသည်။ သူမကို မည်သို့စော်ကားခဲ့မိသဖြင့် သူနှင့်စကားပြောသည်အခါတိုင်း သူမ၏လေသံမှာ အမြဲတင်းမာနေခဲ့ရသနည်း။

သူငွေးနှင့်စကားပြောသည့်အခါ သုံးသည့် လျှန်မုန့်ချီ၏လေသံကို စဉ်းစားရင်း ကျောက်ဖုန်း မနေနိုင်ဘဲ စိတ်ထဲတွင် ခါးသီးစွာရယ်မောလိုက်မိသည်။

သူငွေးနဲ့စကားပြောတဲ့အခါ သူမက ဘာလို့ အဲ့လောက်ထိ နူးညံ့သွားရတာလဲ?

-C 70 End

-Book 5 End